# ကြေးမုံ
# The Mirror Daily
Established in 1957

၁၉၅၇ ခုနှစ် ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

၁၃၈၆ ခုနှစ်၊ နတ်တော်လဆန်း ၆ ရက်၊ သောကြာနေ့။ Friday, 6 December 2024 ၁၁၆၆၃


**ချမ်းသာခြင်းအကြောင်းတရား**

သီလရှိခြင်းသည် အိုသည့်တိုင်အောင် ချမ်းသာ၏၊ အခိုင်အမြဲတည်သော သဒ္ဓါတရားရှိခြင်းသည် ချမ်းသာ၏၊ အသိဉာဏ်ပညာကို ရခြင်းသည် ချမ်းသာ၏၊ မကောင်းမှုကို မပြုခြင်းသည် ချမ်းသာ၏။

နာဂဝဂ်(ဓမ္မပဒ-၃၃၃)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် မသန်စွမ်းအားကစားပြိုင်ပွဲများ ကျင်းပ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များ တက်ရောက်ကြည့်ရှုအားပေးပြီး ဆုများ ချီးမြှင့်

**နေပြည်တော် ဒီဇင်ဘာ ၅**

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် မသန်စွမ်းအားကစားပြိုင်ပွဲများကို ယနေ့နံနက်ပိုင်းမှ စတင်၍ နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိ ရေကူးကန်နှင့် လယ်ဝေး TC-2 အားကစားကွင်းတို့၌ ယှဉ်ပြိုင်ကစားကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များ တက်ရောက်ကြည့်ရှု အားပေးကြပြီး ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ဦးစွာ မသန်စွမ်းရေကူး(အမျိုးသား/အမျိုးသမီး) မီတာ ၅၀ အလွတ်ကူးပြိုင်ပွဲနှင့် ရင်ပေါင်တန်းကူးပြိုင်ပွဲတို့၏ ဗိုလ်လုပွဲ ပွဲစဉ်များကို ဝဏ္ဏသိဒ္ဓိရေကူးကန်၌ ယှဉ်ပြိုင်ကစားကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဒေါက်တာမှုထန်၊ ဒေါက်တာဘရွှေ၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံ ရေကူးအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ၊ နည်းပြများနှင့် အားကစားသမားများ တက်ရောက်ကြည့်ရှုအားပေးကြသည်။


စာမျက်နှာ ၃ ကော်လံ ၁ သို့ ✪





၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် မသန်စွမ်းအမျိုးသား ထိုင်လျက်ဘော်လီဘောပြိုင်ပွဲ၌ ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် ပဲခူးတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

## ထူးခြားသည့် ညအပူချိန်များ

နေပြည်တော် ဒီဇင်ဘာ ၅

| | | | | |
|---|---|---|---|---|
| ဟားခါး | ၀ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| မြစ်ကြီးနား | ၇ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယပ် |
| တီးတိန် | ၈ | ဒသမ | ၇ | ဒီဂရီဆဲလ်စီးယပ် |
| ပူတာအို | ၁၀ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယပ် |

## ယနေ့ ဖတ်စရာ


ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်နိုင်ရေးအတွက် ငြိမ်းချမ်းရေးလိုလားသူတို့၏ စကားသံများ စာမျက်နှာ » ၇

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အားကစားပြိုင်ပွဲ အုပ်စုပွဲစဉ်များနှင့် ကွာတားဖိုင်နယ်ပွဲစဉ်များ ဆက်လက်ယှဉ်ပြိုင် စာမျက်နှာ » ၈

အဂတိပယ်ခွာ ပြည်သာယာ ဆောင်းပါး စာမျက်နှာ » ၁၄

ရုရှားနှင့် မြောက်ကိုရီးယား နှစ်နိုင်ငံအကြား မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်ရေးစာချုပ် စတင်အသက်ဝင် စာမျက်နှာ » ၂၀

ကြေးမုံ

# အားမာန်အပြည့်ဖြင့် ယှဉ်ပြိုင်မည့် အမျိုးသားအားကစားပွဲတော်

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကြီး စတင်ကျင်းပရန် ရက်ပိုင်းမျှသာလိုပါတော့သည်။ ယခုအခါ အမျိုးသားအားကစားပွဲတော် အားကစားပြိုင်ပွဲ အုပ်စုပွဲစဉ်များကို ဒီဇင်ဘာလ ၂ ရက်နေ့မှစတင်၍ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိသတ်မှတ်ထားသော အားကစားကွင်းများ၊ အားကစားပြိုင်ပွဲရုံများ၌ ကျင်းပလျက်ရှိရာ ဘော်လီဘော၊ ဖူဆယ်နှင့် ဘောလုံးပြိုင်ပွဲများ အကြိတ်အနယ် ယှဉ်ပြိုင်ကစားနေကြသည်ကို အားရဖွယ်မြင်တွေ့ရသည်။

ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကြီး၏ အားကစားပြိုင်ပွဲများဖြစ်သည့် ပြည်နယ်နှင့်တိုင်းဒေသကြီး အသက်(၂၀)နှစ်အောက် ဘော်လီဘောပြိုင်ပွဲနှင့် ပြည်နယ်နှင့် တိုင်းဒေသကြီး ဖူဆယ်ပြိုင်ပွဲ ပွဲစဉ်များကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ကျင်းပလျက်ရှိသည်။ အလားတူ ပြည်နယ်နှင့်တိုင်းဒေသကြီး အသက်(၂၁)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲများကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ယှဉ်ပြိုင်ကစားကြပြီး အသက်(၂၅)နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲ ပွဲစဉ်များကို ဘောဂဝတီအားကစားကွင်းနှင့် လယ်ဝေးမြို့နယ် အားကစားကွင်းတို့၌ ယှဉ်ပြိုင်ကစားလျက်ရှိကြသည်။ ဝန်ကြီးဌာနပေါင်းစုံ အလွတ်တန်းအမျိုးသားဘောလုံးပြိုင်ပွဲများကို ပေါင်းလောင်းအားကစားကွင်း၊ ရွှေကြာပင်အားကစားကွင်းနှင့် လယ်ဝေးအားကစားကွင်းတို့၌ ယှဉ်ပြိုင်ကစားကြသည်။

ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကြီးကို နိုင်ငံတော်၏ အားကစားအဆင့်အတန်း ပိုမိုတိုးတက်မြင့်မားလာစေရန်၊ (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲနှင့် နိုင်ငံတကာအားကစားပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင် အောင်မြင်မှုရရှိစေရန်၊ နိုင်ငံ့ဂုဏ်ဆောင်နိုင်မည့် အဆင့်မီအားကစားသမားများနှင့် အလားအလာရှိသော လူငယ်မျိုးဆက်သစ်အားကစားသမားများ ပေါ်ထွက်လာစေရန်၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များ၊ ဝန်ကြီးဌာနများအကြား အချင်းချင်း ချစ်ကြည်ရင်းနှီးမှုရရှိပြီး အားကစားလှုပ်ရှားမှုများ ပိုမိုတိုးမြှင့် ဆောင်ရွက်လာနိုင်စေရန်၊ ပြည်သူတစ်ရပ်လုံး အားကစားကို ပိုမိုစိတ်ပါဝင်စားလာပြီး အားကစားလှုပ်ရှားမှုများတွင် ပါဝင်လာစေရန် ရည်ရွယ်ချက်များဖြင့် ကျင်းပလျက်ရှိသည်။

ပဉ္စမအကြိမ်အမျိုးသားအားကစားပွဲတော်ကြီးတွင် ဝန်ကြီးဌာနအဆင့် အားကစားနည်း ခြောက်နည်း၊ ပြည်နယ်နှင့်တိုင်းဒေသကြီးအဆင့် အားကစားနည်း ၂၃ နည်း၊ မသန်စွမ်းအားကစားနည်း လေးနည်းတို့ကို ထည့်သွင်းကျင်းပလျက်ရှိသည်။ အမျိုးသားအားကစားပွဲတော်သည် နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားများ ပေါ်ထွက်လာစေရန်အတွက် ရည်ရွယ်ချက်ဖြင့် ကျင်းပနေခြင်းဖြစ်သည့်အပြင် တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်စေရန်၊ ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်နိုင်ရန်နှင့် နိုင်ငံသားအားလုံး စည်းလုံးညီညွတ်မှုရှိစေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်သည့်အတွက် ကြံ့တောင့်ကြံ့ခံအခွင့်အရေးတစ်ခုကို လက်ဆုပ်လက်ကိုင်ပြု၍ ခွဲ၊ လုံ့လ၊ ဝီရိယအပြည့်ဖြင့် ကြိုးစားယှဉ်ပြိုင်နေကြသည်။

အားကစားသမားများအနေဖြင့် အားကစားစိတ်ဓာတ်အပြည့်အဝဖြင့် ရိုးရိုးသားသား၊ ကြိုးကြိုးစားစား ယှဉ်ပြိုင်ကစားနေကြသည်မှာ အားတက်ဖွယ်ဖြစ်သည်။ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်မှုသည် ထိုနိုင်ငံသားများ၏ ကျန်းမာကြံ့ခိုင်မှုနှင့် စိတ်ဓာတ်ခွန်အားများ အားကောင်းသန်မာမှုအပေါ်တွင်မူတည်နေသဖြင့် အဆိုပါအချက်များ ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် နိုင်ငံတော်အစိုးရအနေဖြင့် အားကစားကဏ္ဍကို မြှင့်တင်အားပေးနေခြင်းဖြစ်သည်။ တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေး၊ အားကစားနည်းများအလိုက် မျိုးဆက်သစ်အားကစားသမားများ စဉ်ဆက်မပြတ် ပေါ်ထွက်လာရေးမှသည် နိုင်ငံတကာအားကစားပြိုင်ပွဲများတွင် အောင်မြင်မှုရရှိရေးနှင့် လူငယ်လူရွယ်များ၏ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များကို အထောက်အကူပြုနိုင်ရေးအတွက် အားကစားကို မြှင့်တင်အားပေးဆောင်ရွက်နေခြင်းဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးတည်ချက်(၉)ရပ်ရှိ လူမှုရေးဦးတည်ချက် (၃)ရပ်၌ "တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံး အကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး"၊ "နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး" အချက်များကို အကောင်အထည်ဖော်ရာ၌ ယခုကဲ့သို့ အမျိုးသားအားကစားပွဲတော်များတွင် တစ်မျိုးသားလုံး ပါဝင်လှုပ်ရှားအားပေးမြှင့်တင်ဆောင်ရွက်ကြခြင်းသည် နိုင်ငံတော်ကချမှတ်ထားသည့် ရည်မှန်းချက်များကို အထောက်အကူပြု ဖြည့်ဆည်းပေးရာရောက်ပေသည်။

သို့ဖြစ်ရာ နိုင်ငံတော်နှင့် ပြည်သူများကို ခွန်အားများပေးစွမ်းနိုင်သော တစ်မျိုးသားလုံးအကျိုးဝင်သည့်၊ တစ်မျိုးသားလုံးပါဝင်ရမည့် ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကြီးကို စည်စည်ကားကား သိုက်သိုက်ဝန်းဝန်း တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်နေကြပြီဖြစ်ရာ အားမာန်အပြည့်ဖြင့် ယှဉ်ပြိုင်ဆင်နွှဲကြပြီး အမျိုးသားကစားပွဲတော်ကြီးမှတစ်ဆင့် နိုင်ငံ့ဂုဏ်၊ လူမျိုးဂုဏ် မြင့်မားတိုးတက်လာအောင် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။ ။




## ပထမနှစ် အဝေးသင် သင်တန်း ဝင်ခွင့်ရစာရင်းများ ထုတ်ပြန်မည်

ပညာရေးဝန်ကြီးဌာန
အဆင့်မြင့်ပညာဦးစီးဌာန

ပထမနှစ် အဝေးသင် သင်တန်းဝင်ခွင့်ရစာရင်းများ ထုတ်ပြန်မည်

၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများအတွက် ပထမနှစ် အဝေးသင် သင်တန်းဝင်ခွင့်ရရှိသူများစာရင်းကို ၇-၁၂-၂၀၂၄ ရက်နေ့မှစတင်၍ သက်ဆိုင်ရာ တက္ကသိုလ်၊ ဒီဂရီကောလိပ်များတွင်လည်းကောင်း၊ ပညာရေးဝန်ကြီးဌာန website: www.moe.gov.mm နှင့် အဆင့်မြင့်ပညာဦးစီးဌာန website: www.dhe.gov.mm တို့တွင်လည်းကောင်း ကြေညာထားမည်ဖြစ်ပါသည်။

အဆင့်မြင့်ပညာဦးစီးဌာန

## ပျဉ်းမနားမြို့နယ်၌ မိုးစပါးစံကွက် ရိတ်သိမ်း

ပျဉ်းမနား ဒီဇင်ဘာ ၅

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားမြို့နယ် ပြူတွင်းကျေးရွာအုပ်စုရှိ တောင်သူ ဦးရာကျော် စိုက်ပျိုးထားသည့် ၂၀၂၄-၂၀၂၅ ခုနှစ် မိုးစပါးစံကွက်ကို ဒီဇင်ဘာ ၄ ရက်က စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကိုယ်စားပြု ခရိုင်ရုံးဝန်ထမ်းများ၊ ပျဉ်းမနားမြို့နယ် မြေစာရင်းဦးစီးဌာနနှင့် စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက ရိတ်သိမ်းခဲ့ကြရာ ဆင်းသုခစပါးမျိုး(သင့်) ကိုယ်စားပြုအလွှာတွင် အစို ၇၄ ဒသမ ၁၉ တင်း၊ အခြောက် ၇၀ ဒသမ ၆၃ တင်း ထွက်ရှိကြောင်း သိရသည်။

မျိုးသီဟ(ပြန်/ဆက်)




သင့်စီးပွားရေးလုပ်ငန်းများ အောင်မြင်ဖို့
ကြေးမုံသတင်းစာတွင် ကြော်ငြာစို့


## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၅ -၁၂-၂၀၂၄

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၆၀၀ | ၈,၅၀၀ | ၇၅၅ | ၆,၄၂၁,၅၀၀ |
| MTSH | ၃,၂၀၀ | ၃,၂၀၀ | ၅,၄၀၀ | ၁၇,၂၈၀,၀၀၀ |
| MCB | ၈,၃၀၀ | ၈,၃၀၀ | ၃ | ၂၄,၉၀၀ |
| FPB | ၁,၉၅၀ | ၁,၉၅၀ | ၂,၀၈၃ | ၄,၀၆၁,၈၅၀ |
| TMH | ၃,၁၀၀ | ၃,၁၀၀ | ၅၅၀ | ၁,၇၀၅,၀၀၀ |
| EFR | ၁,၇၀၀ | ၁,၇၅၀ | ၁,၁၄၈ | ၁,၉၇၄,၀၀၀ |
| AMATA | ၄,၇၀၀ | ၄,၇၀၀ | ၀ | ၀ |
| MAEX | ၃,၂၅၀ | ၃,၂၀၀ | ၃,၇၅၇ | ၁၂,၀၅၂,၄၀၀ |
| MADPL(PLB) | ၃,၃၅၀ | ၃,၃၅၀ | ၁၀ | ၃၃,၅၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။


ကြေးမုံ

စာတည်းမှူးချုပ် - ဦးဝင်းနိုင်
ခေတ္တ စာတည်းမှူး - ဦးအေဝမ်းစိုး
စာတည်းများ - ဦးစန်းအောင်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ
ဘာသာပြန် စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့



ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ခွန်စံလွင်၊ ဦးရွှေကြိမ်းနှင့် ဦးရန်ကျော်၊ ပြည်ထောင်စုဝန်ကြီးများဖြစ်သည့် ဦးမင်းသိန်းဇံ၊ Jeng Phang နော်တောင်၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ မသန်စွမ်းအမျိုးသားထိုင်လျက်ဘော်လီဘောပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် ပဲခူးတိုင်းဒေသကြီးအသင်းတို့ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးကြစဉ်။

❂ ရွှေဖုံးမှ

ပြိုင်ပွဲယှဉ်ပြိုင်မှုများအပြီးတွင် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ဒုတိယဝန်ကြီး ဦးထိန်လင်းက မသန်စွမ်းရေကူးအမျိုးသမီး S6/10 မီတာ ၅၀ အလွတ်ကူးပြိုင်ပွဲတွင် ပထမဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ တတိယဆုရရှိသည့် ပဲခူးတိုင်းဒေသကြီးအသင်းတို့မှ ပြိုင်ပွဲဝင်များအားလည်းကောင်း၊ ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးက အမျိုးသား S9/10 မီတာ ၅၀ ရင်ပေါင်တန်းကူးပြိုင်ပွဲတွင် ပထမဆုရရှိသည့် ပဲခူးတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် ပဲခူးတိုင်းဒေသကြီးအသင်းတို့မှ ပြိုင်ပွဲဝင်များအားလည်းကောင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်အား ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက မသန်စွမ်းရေကူး အမျိုးသား S9/10 မီတာ ၅၀ အလွတ်ကူးပြိုင်ပွဲတွင် ပထမဆုရရှိသည့် ပဲခူးတိုင်းဒေသကြီး၊ ဒုတိယနှင့် တတိယဆုရရှိကြသည့် ရန်ကုန်တိုင်းဒေသကြီးအသင်းတို့မှ ပြိုင်ပွဲဝင်များအားလည်းကောင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်အား ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာဘရွှေက မသန်စွမ်းရေကူး အမျိုးသား S6/7 မီတာ ၅၀ အလွတ်ကူးပြိုင်ပွဲတွင် ပထမဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ပဲခူးတိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီး အသင်းတို့မှ ပြိုင်ပွဲဝင်များအားလည်းကောင်း၊ အမျိုးသား S6/7 မီတာ ၅၀ ရင်ပေါင်တန်းကူးပြိုင်ပွဲတွင် ပထမဆုရရှိသည့် ပဲခူးတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးအသင်းတို့မှ ပြိုင်ပွဲဝင်များအားလည်းကောင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်အား ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာမှုထန်က မသန်စွမ်းရေကူးအမျိုးသား S4/5 မီတာ ၅၀ အလွတ်ကူးပြိုင်ပွဲတွင် ပထမဆုနှင့် ဒုတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းတို့မှ ပြိုင်ပွဲဝင်များအားလည်းကောင်း၊ အမျိုးသား S4/5 မီတာ ၅၀ ရင်ပေါင်တန်းကူးပြိုင်ပွဲတွင် ပထမဆု၊ ဒုတိယဆုနှင့် တတိယဆုရရှိသည့် ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းမှ ပြိုင်ပွဲဝင်များအားလည်းကောင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်အား ပေးအပ်ချီးမြှင့်သည်။

အလားတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ ဖြစ်ကြသည့် ခွန်စံလွင်၊ ဦးရွှေကြိမ်းနှင့် ဦးရန်ကျော်၊ ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ၊ Jeng Phang နော်တောင်၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူတို့သည် လယ်ဝေး TC-2 အားကစားကွင်း ဘော်လီဘောရုံ၌ မသန်စွမ်း အမျိုးသားထိုင်လျက်ဘော်လီဘောပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် ပဲခူးတိုင်းဒေသကြီးအသင်းတို့မှ ပြိုင်ပွဲဝင်အားကစားသမားများ၏ အကြိတ်အနယ် ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးကြပြီး ပြိုင်ပွဲဝင်များအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ကာ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် မသန်စွမ်းပြေးခုန်ပစ်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို လယ်ဝေး TC-2 အားကစားကွင်း၌ ဆက်လက်ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံ ပြေးခုန်ပစ်အဖွဲ့ချုပ်တို့မှ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ၊ နည်းပြများနှင့် အားကစားသမားများ တက်ရောက်ကြသည်။

စာမျက်နှာ ၄ သို့ ❂



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာဘရွှေ မသန်စွမ်းရေကူး အမျိုးသား S6/7 မီတာ ၅၀ အလွတ်ကူးပြိုင်ပွဲတွင် ပထမဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီးအသင်းမှ ပြိုင်ပွဲဝင်တစ်ဦးအား ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော်အထိမ်းအမှတ်အရုပ် ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာမှုထန် မသန်စွမ်းရေကူး အမျိုးသား S4/5 မီတာ ၅၀ အလွတ်ကူးပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးအသင်းမှ ပြိုင်ပွဲဝင်တစ်ဦးအား ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော်အထိမ်းအမှတ်အရုပ် ပေးအပ်ချီးမြှင့်စဉ်။

✪ စာမျက်နှာ ၃ မှ

ဦးစွာ ဒုတိယဝန်ကြီး ဦးဇော်အေးမောင်က အမျိုးသားသံလုံးပစ် F 64 ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒုတိယဆုရရှိသည့် ပဲခူးတိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များအားလည်းကောင်း၊ ဒုတိယဝန်ကြီး ဦးဝင်းဖေက အမျိုးသမီးသံပြားပစ် F 54/55 ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ ဒုတိယနှင့် တတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးအသင်းတို့မှ ပြိုင်ပွဲဝင်များအားလည်းကောင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်အား ပေးအပ်ချီးမြှင့်သည်။

## ပေးအပ်ချီးမြှင့်

ထို့နောက် ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်က အမျိုးသားသံလုံးပစ် F 46 ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီး၊ ဒုတိယနှင့် တတိယဆုရရှိသည့် မွန်ပြည်နယ်အသင်းတို့မှ ပြိုင်ပွဲဝင်များအားလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက အမျိုးသားတန်းမြင့်ခုန် F 42 ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ပြည်ထောင်စုနယ်မြေ နေပြည်တော်နှင့် ဒုတိယဆုရရှိသည့် ပဲခူးတိုင်းဒေသကြီးအသင်းတို့မှ ပြိုင်ပွဲဝင်များအားလည်းကောင်း၊ အမျိုးသားမီတာ ၁၅၀၀ T 46/47 အပြေးပြိုင်ပွဲတွင် ပထမဆုရရှိသည့်မန္တလေးတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် ပဲခူးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များအားလည်းကောင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်အား ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးရန်ကျော်က အမျိုးသားသံပြားပစ် F 56/57 ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် မွန်ပြည်နယ်နှင့် တတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များအားလည်းကောင်း၊ အမျိုးသား မီတာ ၂၀၀ T 64 အပြေးပြိုင်ပွဲတွင် ပထမဆုရရှိသည့် မွန်ပြည်နယ်၊ ဒုတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များအားလည်းကောင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်အား ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးရွှေကြိမ်းက အမျိုးသမီးသံလုံးပစ် F 44/62/63/64 ပြိုင်ပွဲတွင် ပထမဆုရရှိသည့် မွန်ပြည်နယ်၊ ဒုတိယဆုရရှိသည့် ပြည်ထောင်စုနယ်မြေ နေပြည်တော်နှင့် တတိယဆုရရှိသည့် ပဲခူးတိုင်းဒေသကြီးအသင်းတို့မှ ပြိုင်ပွဲဝင်များအားလည်းကောင်း၊ အမျိုးသမီးမီတာ ၂၀၀ T44/64 အပြေးပြိုင်ပွဲတွင် ပထမဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် မွန်ပြည်နယ်နှင့် တတိယဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီးအသင်းတို့မှ ပြိုင်ပွဲဝင်များအားလည်းကောင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်အား ပေးအပ်ချီးမြှင့်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ခွန်စံလွင်က အမျိုးသားလုံ့တံပစ် F 62/63 ပြိုင်ပွဲတွင် ပထမဆုရရှိသည့် မန္တလေးတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ပဲခူးတိုင်းဒေသကြီး၊ တတိယဆုရရှိသည့် မွန်ပြည်နယ်အသင်းတို့မှ ပြိုင်ပွဲဝင်များအားလည်းကောင်း၊ အမျိုးသားမီတာ ၂၀၀ T46/47 အပြေးပြိုင်ပွဲတွင် ပထမဆုရရှိသည့် ပဲခူးတိုင်းဒေသကြီး၊ ဒုတိယဆုနှင့် တတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီး အသင်းတို့မှ ပြိုင်ပွဲဝင်များအားလည်းကောင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော်အထိမ်းအမှတ်အရုပ်အား ပေးအပ်ချီးမြှင့်သည်။

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် မသန်စွမ်းအားကစားပြိုင်ပွဲများဖြစ်သည့် (အမျိုးသား/အမျိုးသမီး)ပြေးခုန်ပစ်ပြိုင်ပွဲ၊ (အမျိုးသား/အမျိုးသမီး) ရေကူးပြိုင်ပွဲ၊ အမျိုးသားထိုင်လျက်ဘော်လီဘောပြိုင်ပွဲနှင့် (အမျိုးသား/အမျိုးသမီး)မျက်မမြင် စစ်တုရင်ပြိုင်ပွဲများကိုလည်း ဒီဇင်ဘာ ၆ ရက်နှင့် ၈ ရက်တို့တွင် သက်ဆိုင်ရာ အားကစားကွင်းများ၌ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးရန်ကျော် အမျိုးသား မီတာ ၂၀၀ T 64 အပြေးပြိုင်ပွဲတွင် ပထမဆုရရှိသည့် မွန်ပြည်နယ်မှ ပြိုင်ပွဲဝင်တစ်ဦးအား ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော်အထိမ်းအမှတ်အရုပ် ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးရွှေကြိမ်း အမျိုးသမီးသံလုံးပစ် F 44/62/63/64 ပြိုင်ပွဲတွင် ပထမဆုရရှိသည့် မွန်ပြည်နယ်မှ ပြိုင်ပွဲဝင်တစ်ဦးအား ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော်အထိမ်းအမှတ်အရုပ် ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ခွန်စံလွင် အမျိုးသားလုံ့တံပစ် F 62/63 ပြိုင်ပွဲတွင် ပထမဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်တစ်ဦးအား ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော်အထိမ်းအမှတ်အရုပ် ပေးအပ်ချီးမြှင့်စဉ်။

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်နှင့် ဇနီး ထိုင်းနိုင်ငံဘုရင်မင်းမြတ် ဘူမိဘော အဒူလျာဒက်ဂျ်၏ မွေးနေ့၊ ထိုင်းနိုင်ငံ၏ အမျိုးသားနေ့နှင့် Thailand's Father's Day အထိမ်းအမှတ်ညှိခံပွဲ အခမ်းအနားတက်ရောက်

ရန်ကုန် ဒီဇင်ဘာ ၅

ထိုင်းနိုင်ငံ ဘုရင်မင်းမြတ် ဘူမိဘော အဒူလျာဒက်ဂျ်၏ မွေးနေ့၊ ထိုင်းနိုင်ငံ၏ အမျိုးသားနေ့နှင့် Thailand's Father's Day အထိမ်းအမှတ်ညှိခံပွဲ အခမ်းအနားကို ယနေ့ညနေ ၅ နာရီခွဲတွင် ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီးနေအိမ်၌ ကျင်းပရာ ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်နှင့် ဇနီးတို့ တက်ရောက်ကြသည်။




ဦးစွာ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E.Mr. Mongkol Visitstump နှင့် ဇနီး၊ တာဝန်ရှိသူများသည် ပြည်ထောင်စုဝန်ကြီးနှင့်ဇနီး၊ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သီချင်းနှင့် ထိုင်းနိုင်ငံတော် သီချင်းတို့ဖြင့် အခမ်းအနားကို ဖွင့်လှစ်ပြီး မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီးက နှုတ်ခွန်းဆက်စကားပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်ဇနီး၊ သံအမတ်ကြီးနှင့်ဇနီးတို့သည် တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး ထိုင်းနိုင်ငံယဉ်ကျေးမှုအဖွဲ့၏ ကပြဖျော်ဖြေမှုများကို ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ သံအမတ်ကြီးနှင့်ဇနီးတို့က တက်ရောက်လာကြသူများကို ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

## တက်ရောက်

အဆိုပါ ဧည့်ခံပွဲအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး ဝန်ကြီးဌာန(၂) ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်နှင့်ဇနီး၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့်ဇနီး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကိုကိုကျော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဗဟိုအကြံပေးအဖွဲ့ဝင် ဦးစောထွန်းအောင်မြင့်နှင့်ဇနီး၊ ဒေါက်တာဗညားအောင်မိုးနှင့်ဇနီး၊ ရန်ကုန်မြို့တော်ဝန် ဦးဗိုလ်ဌေး၊ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ စစ်သံမှူးများ၊ ကုလသမဂ္ဂဆိုင်ရာဌာနေ ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

သတင်းစဉ်



# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E.Mr.Abhay Thakur ကို လက်ခံတွေ့ဆုံ

နေပြည်တော် ဒီဇင်ဘာ ၅

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E.Mr.Abhay Thakur ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ-အိန္ဒိယ နှစ်နိုင်ငံအကြား သမိုင်းကြောင်းအစဉ်အလာအရ ချစ်ကြည်ရင်းနှီးသော ဆက်ဆံရေးကို ဘုံအကျိုးဖြစ်ထွန်းစေမည့် ကဏ္ဍများအလိုက် တည်ရှိပြီး နှစ်နိုင်ငံယန္တရားများမှတစ်ဆင့် ခိုင်မာစေရေးနှင့် နှစ်နိုင်ငံအကျိုးရှိစေမည့် ဒေသတွင်းနှင့် နိုင်ငံတကာကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးတို့ကို ရင်းနှီးပွင့်လင်းစွာ အပြုသဘောဆောင် အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

သတင်းစဉ်

# ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်သို့ ဝင်ရောက်ယှဉ်ပြိုင်မည့် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနကိုယ်စားပြု အားကစားသမားများအား အောင်နိုင်ရေးအလံနှင့် ထောက်ပံ့ငွေပေးအပ်




နေပြည်တော် ဒီဇင်ဘာ ၅

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနကိုယ်စားပြု ဝင်ရောက်ယှဉ်ပြိုင်ကြမည့် အားကစားသမားများအား အောင်နိုင်ရေးအလံနှင့် ထောက်ပံ့ငွေပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းတွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ တာဝန်ရှိသူများ၊ အုပ်ချုပ်သူများ၊ နည်းပြများနှင့် အားကစားသမားများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်သည် မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး၊ နိုင်ငံ၏ဂုဏ်ထူးဆောင်အားကစားသမား လက်ရွေးစင်များ ပေါ်ထွန်းစေရေးနှင့် နိုင်ငံအနေဖြင့် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေးကို နိုင်ငံတော်၏ ရည်မှန်းချက်အဖြစ် ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ အားကစားသမားများအနေဖြင့် အားကစားစိတ်ဓာတ်အပြည့်အဝဖြင့် ကြိုးပမ်းယှဉ်ပြိုင်ရန်နှင့် အားကစားပြိုင်ပွဲတွင် အောင်မြင်မှုများရရှိခြင်းသည် ဝန်ကြီးဌာန၏ဂုဏ်ကို မြှင့်တင်ပေးရုံသာမက နိုင်ငံ၏အားကစားကဏ္ဍ မြှင့်တင်ရာရောက်ကြောင်း မှာကြားပြီး အားကစားအသင်းများ၏ အဖွဲ့ခေါင်းဆောင်များအား အောင်နိုင်ရေးအလံနှင့် ထောက်ပံ့ငွေများ ပေးအပ်သည်။

ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနကိုယ်စားပြုအသင်းက ပိုက်ကျော်ခြင်း၊ ပြေးခုန်ပစ်နှင့် ဂေါက်သီးရိုက်စသည့် အားကစားနည်းများ ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ပြင်ဦးလွင်ပန်းမြို့တော်အား အထောက်အကူဖြစ်စေရန်အတွက် ပန်းမျိုးများထုတ်လုပ်ဖြန့်ဖြူး နည်းပညာပေးလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်

နေပြည်တော် ဒီဇင်ဘာ ၅

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် ယနေ့မွန်းလွဲပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ရှိ စိုက်ပျိုးရေးဦးစီးဌာန ဥယျာဉ်ခြံဟင်းသီးဟင်းရွက်နှင့် အပင်ဇီဝနည်းပညာဌာနခွဲက တာဝန်ယူဆောင်ရွက်လျက်ရှိသည့် ဒိုးကွင်ဥယျာဉ်ခြံကို ကြည့်ရှုစစ်ဆေးရာ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းနှင့် တာဝန်ရှိသူများက ခြံ၏ဆောင်ရွက်ဆဲလုပ်ငန်းများနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများကို ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ပြင်ဦးလွင်ပန်းမြို့တော်ကို အထောက်အကူဖြစ်စေရန်အတွက် ပန်းမျိုးများထုတ်လုပ် ဖြန့်ဖြူးနည်းပညာပေးလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ရန်နှင့် စီးပွားဖြစ်စိုက်ပျိုးထုတ်လုပ်လိုသူများအတွက် စံနမူနာကောင်းပေးနိုင်ရေးအတွက် ကွင်းကျယ်ကွင်းပြည့် စိုက်ပျိုးပြသရန်၊ ရေမြေဒေသနှင့်ကိုက်ညီသော ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံမျိုးကောင်းမျိုးသန့်မျိုးစေ့၊ ပျိုးပင်များ ထုတ်လုပ်ဖြန့်ဖြူးခြင်းနှင့်



အတူ စိုက်ပျိုးနည်းပညာ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရန်၊ အပင်တစ်သျှုးနည်းပညာဖြင့် မြန်မာနိုင်ငံရှိ ဆေးဖက်ဝင်သစ်ခွများအား ပွားများထုတ်လုပ်၍ သစ်ခွစိုက်ပျိုးထုတ်လုပ်သူများအား ပညာပေးရန် တာဝန်ရှိသူများကို ဆွေးနွေးမှာကြားသည်။

ယင်းနောက် စိုက်ပျိုးရေးဦးစီးဌာနပိုင်မြေနေရာ၌ ငှားရမ်းလုပ်ကိုင်လျက်ရှိသည့် Mandalay Coffee Group Co.,Ltd ၏ ကော်ဖီစက်ရုံကို ကြည့်ရှုစစ်ဆေးပြီး ဌာနနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်အကြား သဘောတူညီချုပ်ဆိုထားသည့် စည်းကမ်းချက်များကို တိကျစွာလိုက်နာဆောင်ရွက်ရန် ကိစ္စရပ်များကို တာဝန်ရှိသူများအား ဆွေးနွေးမှာကြားသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် ပြင်ဦးလွင်မြို့နယ် ဒိုးကွင်ကျေးရွာအနီး ရွာထောင်ချောင်းပေါ်တွင် တည်ဆောက်ထားသည့် ဒိုးကွင်ရေလှောင်တမံကို ကြည့်ရှုစစ်ဆေးပြီး သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရေးနှင့် ဌာနပိုင်ဥယျာဉ်ခြံများ၏ စိုက်ပျိုးရေးလိုအပ်ချက် ဖူလုံစွာပေးဝေနိုင်ရေး၊ တမံများဘေးကင်းလုံခြုံရေးနှင့် ရေရှည်အကျိုးရှိစွာ အသုံးပြုနိုင်ရေး စနစ်တကျကြပ်မတ်ဆောင်ရွက်ရန် တာဝန်ရှိသူများအား ဆွေးနွေးမှာကြားသည်။

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် ပြင်ဦးလွင်မြို့နယ်အတွင်း ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက တာဝန်ယူထိန်းသိမ်းဆောင်ရွက်လျက်ရှိသည့် စည်သာရေလှောင်တမံ၊ စည်သာရေကူရေလှောင်တမံ၊ ဆင်လမ်းရေလှောင်တမံနှင့် ဒိုးကွင်ရေလှောင်တမံများ၏ ရေသောက်စနစ်များမှ ဒေသ၏ သောက်သုံးရေနှင့် စိုက်ပျိုးရေပေးဝေမှုလုပ်ငန်းများကို စီမံဆောင်ရွက်လျက်ရှိကြောင်း၊ ရေလှောင်တမံများအားလုံးသည် ရေပြည့်အမှတ်အောက် တစ်ပေခန့်စီသာရှိကြောင်း သိရသည်။

သတင်းစဉ်



# မင်းလှမြို့ စည်ပင်သာယာဈေးအတွင်း မီးဘေးလုံခြုံရေးစစ်ဆေး

မင်းလှ ဒီဇင်ဘာ ၅

ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ် စည်ပင်သာယာမြို့မဈေး၌ မြို့နယ်မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအဖွဲ့က ယမန်နေ့နံနက်ပိုင်းတွင် မီးဘေးလုံခြုံရေးစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့စစ်ဆေးရာတွင် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဘုန်းနိုင်၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးလှဌေး၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးဝင်းနိုင်ဦးနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒေါ်သီတာဝင်း၊ ဈေးကော်မတီဝင်များ ပူးပေါင်း၍ ပွင့်လင်းရာသီရောက်ရှိလာပြီဖြစ်သဖြင့် မီးဘေးအန္တရာယ်ကျရောက်မှုမရှိစေရန် မီးသတိရှိရေး အထူးဂရုစိုက်ကြရန်နှင့် မီးဘေးလုံခြုံမှုရှိစေရေးတို့အတွက် အပေါ့စားလက်ဆွဲရေစုပ်စက်တပ်ဆင်ထားရှိမှု၊ ဈေးအတွင်း မီးသတ်ဆေးဘူးများ ထားရှိမှုအခြေအနေများ၊ အမြင့်တင်ရေလှောင်ကန်ဂါလန် ၂၀၀၀ ဆံ့သည့်ရေစင်ထားရှိမှုနှင့် ရေပိုက်လိုင်းတပ်ဆင်ထားမှုအခြေအနေများ၊ လျှပ်စစ်မီးသုံးစွဲမှုအခြေအနေများနှင့် မီးစနစ်တကျကိုင်တွယ်သုံးစွဲခြင်းများကို လိုက်လံစစ်ဆေးခဲ့ပြီး မီးဘေးအန္တရာယ်ကင်းရှင်းစေရန်အတွက် ဆောင်ရန်၊ ရှောင်ရန်များကို ဈေးကော်မတီဥက္ကဋ္ဌနှင့် ဈေးသူဈေးသားများအား အသိပညာပေးပြောကြားခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

✪ ကျောဖုံးမှ

တွေ့ဆုံပွဲတွင် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေး ကော်မတီ ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်က အဖွင့်အမှာစကားပြောကြားရာ၌ မြန်မာနိုင်ငံနှင့် သဟဇာတဖြစ်နိုင်မည့် ဖက်ဒရယ်စနစ်ကျင့်သုံးနိုင်ရေးအတွက် လေ့လာတွေ့ရှိချက်များနှင့် မတူကွဲပြားမှုများကို နားလည်လက်ခံပြီး ပြည်ထောင်စုစိတ်ဓာတ်အရင်းခံဖြင့် ညှိနှိုင်းဖြေရှင်းသွားနိုင်ရေး၊ ဒေသစွဲ၊ လူမျိုးစွဲ၊ အယူဝါဒစွဲများ ပပျောက်ပြီး အမျိုးသားရေးစိတ်ဓာတ်၊ အမျိုးသားရေးဝါဒများ ထွန်းကားလာစေရေး၊ နိုင်ငံရေးပါတီများနှင့် တွေ့ဆုံခဲ့မှုအခြေအနေများ၊ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)မှ ပြင်ဆင်ရန်သင့်သည်ဟု သုံးသပ်ယူဆရသည့် ပြဋ္ဌာန်းချက်များအပေါ် နိုင်ငံရေးပါတီများနှင့် ဆွေးနွေးမှုအခြေအနေများ၊ NCA ကိုအခြေခံသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဖော်ဆောင်မှုအခြေအနေ၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအား ပြည်သူလူထု အကြားပျံ့နှံ့ရောက်ရှိစေပြီး တည်ငြိမ်အေးချမ်းမှု ရရှိအောင်ဆောင်ရွက်နိုင်ရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စု တည်ဆောက်နိုင်ရေး၊ လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးဆိုင်ရာ ကိစ္စရပ်များအား ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေး ကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်က ဆွေးနွေးပွဲကျင်းပရခြင်း၏ ရည်မှန်းချက်နှင့် ဆွေးနွေးပွဲအစီအစဉ်များ၊ NSPNC ၏ ဖွဲ့စည်းမှု၊ ရည်မှန်းချက်၊ မျှော်မှန်းချက်နှင့်ငြိမ်းချမ်းရေး ဆွေးနွေးပွဲဆောင်ရွက်မှုအခြေအနေများ၊ NSPNC နှင့်နိုင်ငံရေးပါတီများ၏ အခန်းကဏ္ဍ၊ နိုင်ငံရေးပါတီများ ခိုင်မာအားကောင်းလာစေရေးနှင့် ပါတီဝင်များ၏ စွမ်းဆောင်ရည်မြင့်မားလာစေရေး ကိစ္စတို့ကို ရှင်းလင်းဆွေးနွေးခဲ့သည်။

ယင်းနောက် နိုဝင်ဘာလပထမပတ်အတွင်း အိန္ဒိယနိုင်ငံသို့ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ဆွေးနွေးပွဲခရီးစဉ် သွားရောက်ခဲ့သည့် နိုင်ငံရေးပါတီကိုယ်စားလှယ်ခေါင်းဆောင်များမှ အိန္ဒိယနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေအရ သမ္မတနှင့်အုပ်ချုပ်ရေးမှူးများ၏ အခန်းကဏ္ဍ၊ ဖက်ဒရယ်ပြည်ထောင်စု ပြန်လည်ဖွဲ့စည်းခြင်း၊ ဖက်ဒရယ်အာဏာခွဲဝေမှုနှင့် အခွန်အခခွဲဝေမှု၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ဒေသတွင်း အတွေ့အကြုံများ၊ ဒေသတွင်းကိုယ်ပိုင်အုပ်ချုပ်ရေးစနစ်၊ ခေတ်မီနိုင်ငံတစ်ခုအတွင်း ဘာသာစကား၊ အခြားကွဲပြားမှုများနှင့် လိုက်လျောညီထွေ နေထိုင်ခြင်းခေါင်းစဉ်များအား ရှင်းလင်းပြောကြားခဲ့ကြပြီး တက်ရောက်လာသူများက သိရှိလိုသည်များကိုမေးမြန်း၍ အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေး ကော်မတီ အဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး ဝင်းဗိုလ်ရှိန်(ငြိမ်း) က ကော်မတီနှင့် နိုင်ငံရေးပါတီအစုအဖွဲ့များ၏ အလုပ်အဖွဲ့တို့အကြား ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ပြင်ဆင်နိုင်ရေး သဘောထားစုစည်းရရှိခဲ့သည့် အချက်များကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြသည်။

ထို့နောက် တက်ရောက်လာသည့် နိုင်ငံရေးပါတီကိုယ်စားလှယ် ၁၅ ဦးက ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ သဘောထားများ၊ အကြံပြုချက်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးပြောကြားကြပြီး တွေ့ဆုံပွဲပထမနေ့ကို ရပ်နားခဲ့သည်။ တွေ့ဆုံပွဲ ဒုတိယနေ့ကို ဒီဇင်ဘာ ၆ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ ပုဂံရှေးဟောင်းယဉ်ကျေးမှု နယ်မြေသို့ သွားရောက်လေ့လာ



နေပြည်တော် ဒီဇင်ဘာ ၅

ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌ H.E.Mr.Sholban Kara-Ool ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၈ နာရီခွဲတွင် မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေသို့ လေကြောင်းခရီးဖြင့်ရောက်ရှိရာ မန္တလေးတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးအောင်ကျော်မိုး၊ တိုင်းဒေသကြီး ဥပဒေချုပ် ဦးမြင့်အောင်၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာကျော်ဦးလွင်နှင့် တာဝန်ရှိသူများက ပုဂံ-ညောင်ဦးလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ဒူးမားလွှတ်တော်ဒုတိယဥက္ကဋ္ဌနှင့်အဖွဲ့သည် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ ရွှေစည်းခုံဘုရား၊ ထီးလိုမင်းလိုဘုရား၊ အာနန္ဒာဘုရားများသို့ သွားရောက်ဖူးမြော်ကြပြီး ပုဂံမြို့သစ်ရှိ ဦးဘညိမ်း ယွန်းထည်ဆိုင်နှင့် ပုဂံရှေးဟောင်းသုတေသနပြတိုက်တို့ကို သွားရောက်လေ့လာကြသည်။

မွန်းလွဲပိုင်းတွင် ဒူးမားလွှတ်တော်ဒုတိယဥက္ကဋ္ဌနှင့်အဖွဲ့သည် လေကြောင်းခရီးဖြင့် ပုသိမ်မြို့သို့ရောက်ရှိရာ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ ပုသိမ်လေတပ်စခန်းဌာနချုပ်မှူး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ဌာနဆိုင်ရာများ၊ ကျောင်းသား ကျောင်းသူများက ပုသိမ်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ဒူးမားလွှတ်တော်ဒုတိယဥက္ကဋ္ဌနှင့်အဖွဲ့သည် ငွေဆောင်အပန်းဖြေဆင်စခန်း၌ ဆင်လိမ္မာများ၏ ဆင်အလှပြကွက်များကို ကြည့်ရှုအားပေးကြပြီး ငွေဆောင်ကမ်းခြေကို လှည့်လည်ကြည့်ရှု၍ အပန်းဖြေကြသည်။

ညပိုင်းတွင် ESKALA ဟိုတယ်၌ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ်က ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့်အဖွဲ့အား ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အမျိုးသားကန်တော်ကြီးဥယျာဉ် ရာပြည့်အထိမ်းအမှတ်ပွဲတော် စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ရေး ဆွေးနွေး

ပြင်ဦးလွင် ဒီဇင်ဘာ ၅

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီသည် ယနေ့မွန်းလွဲပိုင်းတွင် ပြင်ဦးလွင်မြို့ရှိ သစ်တောဦးစီးဌာန ဧည့်ရိပ်သာ၌ သစ်တောဦးစီးဌာနမှ တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ပြင်ဦးလွင်မြို့ကို ပန်းမြို့တော်ဖြစ်စေရန်အတွက် သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ဆောင်ရွက်သွားရေး အမျိုးသားကန်တော်ကြီး ဥယျာဉ် စိမ်းလန်းသာယာလှပရေး၊ သစ်တောမြေများကို စနစ်တကျစီမံအုပ်ချုပ်ရေး ဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ မှာကြားပြီး မြန်မာ့သစ်လုပ်ငန်း ပြင်ဦးလွင်သစ်ထုတ်ရေး ဒေသရုံးသို့ သွားရောက်၍ ဝန်ထမ်းများနှင့်တွေ့ဆုံကာ ဝန်ထမ်းများ၏ တင်ပြမှုများအပေါ် လိုအပ်သည်များကို ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။





ထို့နောက် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် တွေ့ဆုံ၍ အမျိုးသားကန်တော်ကြီး ဥယျာဉ် သာယာလှပရေးအတွက် ဆက်လက်ဆောင်ရွက်မည့် အခြေအနေများနှင့် အမျိုးသားကန်တော်ကြီးဥယျာဉ် ရာပြည့်အထိမ်းအမှတ်ပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေး ကိစ္စရပ်များနှင့် ပတ်သက်၍ ညှိနှိုင်းဆွေးနွေးသည်။

မွန်းလွဲပိုင်းတွင် မြေတိုင်းဦးစီးဌာန မြန်မာနိုင်ငံမြေတိုင်းကျောင်းသို့သွားရောက်၍ သင်တန်းသားများနှင့်တွေ့ဆုံကာ သင်တန်းမှ ပို့ချသော စာတွေ့လက်တွေ့ သင်ခန်းစာများ ကြိုးစားလေ့လာသင်ကြား၍ မိမိတို့လုပ်ငန်းခွင်တွင် ထိထိရောက်ရောက်အသုံးချနိုင်အောင် ဆောင်ရွက်သွားရန် မှာကြားသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနနှင့် သစ်တောဦးစီးဌာနခရိုင်ရုံးများသို့ သွားရောက်၍ ဝန်ထမ်းများနှင့်တွေ့ဆုံကာ ကောင်းမွန်သောသဘာဝပတ်ဝန်းကျင်ရရှိရေး၊ မီးခိုးမြူငွေ့လျှော့ချရေး၊ သစ်တောဖုံးလွှမ်းမှုကောင်းမွန်စေရေး၊ သဘာဝတောများ ထိန်းသိမ်းကာကွယ်ရေးနှင့် ဇီဝမျိုးစုံမျိုးကွဲများ စောင့်ရှောက်ရေး၊ တရားမဝင်သစ်တားဆီးကာကွယ်ရေး၊ လူထုသို့အသိပညာပေးရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍ မှာကြားပြီး သစ်တောဦးစီးဌာန ခရိုင်ရုံးအတွင်း သီးနှံသစ်တောရောနှောစိုက်ပျိုးထားမှု အခြေအနေကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# တပ်ကုန်းမြို့နယ်၌ လူငယ်စကားဝိုင်းကျင်းပ

တပ်ကုန်း ဒီဇင်ဘာ ၅

ပြည်ထောင်စုနယ်မြေ တပ်ကုန်းမြို့နယ်၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ လူငယ်စကားဝိုင်းအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်း (MRTV)၌ ကျင်းပသည်။

ဦးစွာ တပ်ကုန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်တင့်တင့်ခိုင်က စေ့စပ်ညှိနှိုင်းသူအဖြစ် ဆောင်ရွက်ပြီး အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်း (MRTV)မှ ကျောင်းသား ကျောင်းသူများက လူငယ်နှင့်စာဖတ်ခြင်း၊ လူငယ်နှင့်စာရိတ္တ၊ လူငယ်နှင့် အားကစား၊ လူငယ်နှင့်ကိုယ်ကျင့်တရားခေါင်းစဉ်တို့ဖြင့် ဆွေးနွေးကြသည်။

ယင်းနောက် တတ်ရောက်လာသူများက ခင်းကျင်းပြသထားသည့် သုတရသစာအုပ်များနှင့် မူးယစ်ဆေးဝါးအန္တရာယ်၊ လူကုန်ကူးမှုအန္တရာယ်၊ စာဖတ်ခြင်း၏အကျိုးကျေးဇူးများ၊ ထင်ရှားကျော်ကြားပုဂ္ဂိုလ်များ၏ အဆိုအမိန့်နံရံကပ်စာစောင်များအား လေ့လာကြည့်ရှုကြကြောင်း သိရသည်။

**တင့်တင့်ခိုင်**



# ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်နိုင်ရေးအတွက် ငြိမ်းချမ်းရေးလိုလားသူတို့၏ စကားသံများ

**တွေ့ဆုံမေးမြန်း-နန္ဒာဝင်း၊ အေးအေးသန့်**
**ဓာတ်ပုံ-ဖိုးပြည့်စုံ**

အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် မှတ်ပုံတင်ခွင့်ပြုပြီးသည့် နိုင်ငံရေးပါတီများ တွေ့ဆုံဆွေးနွေးပွဲကို ဒီဇင်ဘာ ၅ ရက်နှင့် ၆ ရက်တို့တွင် နေပြည်တော်ရှိ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုဌာန၌ ကျင်းပလျက်ရှိသည်။


ဗိုလ်မှူးကြီးဝဏ္ဏအောင်


ဒေါက်တာအောင်မြတ်ဦး


ဦးကိုကိုကြီး


ဒေါက်တာအေးမောင်


ဦးထက်အောင်ကျော်


ဦးခေါတိန့်


ဒေါ်စောယုမာ

လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး၊ မြန်မာနိုင်ငံနှင့် သဟဇာတဖြစ်နိုင်မည့် ဖက်ဒရယ်စနစ်ကျင့်သုံးနိုင်ရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်နိုင်ရေးဆိုင်ရာများနှင့် စပ်လျဉ်း၍ တက်ရောက်လာသူများ၏ စကားသံများကို စုစည်းဖော်ပြလိုက်ရပါသည်-

**ဗိုလ်မှူးကြီးဝဏ္ဏအောင်**
**အဖွဲ့ဝင်၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ**

ဒီနေ့ဆွေးနွေးပွဲမှာ အိန္ဒိယနိုင်ငံ နယူးဒေလီမြို့မှာ ကျင်းပခဲ့တဲ့ ဖွဲ့စည်းပုံ အခြေခံဥပဒေနဲ့ ဖက်ဒရယ်စနစ်ဆိုင်ရာ ဆွေးနွေးပွဲက လေ့လာရရှိခဲ့တဲ့ အတွေ့အကြုံတွေကိုရှင်းလင်းခြင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)ပါ အချို့ပြဋ္ဌာန်းချက်တွေကို ပြင်ဆင်ဖြည့်စွက်နိုင်ရေး၊ ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်တည်ဆောက်နိုင်ရေးနဲ့ ရွေးကောက်ပွဲနဲ့ လုံခြုံရေးကဏ္ဍဆိုင်ရာတွေကို ဆွေးနွေးခဲ့ကြပါတယ်။ ဒီလိုဆွေးနွေးတာက ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်နိုင်ရေးအတွက် လွှတ်တော်ပြင်ပလမ်းကြောင်းက ဆောင်ရွက်မှုတစ်ခုဖြစ်ပါတယ်။

တက်ရောက်လာတဲ့ နိုင်ငံရေးပါတီတွေက ကိုယ်စားလှယ်တွေအနေနဲ့ ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲမှာ ဝင်ရောက်ယှဉ်ပြိုင်ပြီး အစိုးရ၊ လွှတ်တော် ကိုယ်စားလှယ်တွေ ဖြစ်လာကြမှာဖြစ်ပါတယ်။ အခုလို ဆွေးနွေးပွဲတွေက ရရှိလာမယ့် သဘောတူညီချက်တွေကို လွှတ်တော်အတွင်းမှာ ပြန်လည်ဆွေးနွေးကြရင် လွယ်ကူမြန်ဆန်စွာ သဘောတူညီနိုင်ကြမှာဖြစ်ပါတယ်။

ညှိနှိုင်းရေး ကော်မတီအနေနဲ့ NCA လက်မှတ်ရေးထိုးထားတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေ၊ NCA လက်မှတ်မရေးထိုးရသေးတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေ၊ နိုင်ငံရေးပါတီတွေနဲ့ တွေ့ဆုံဆွေးနွေးမှုတွေ စဉ်ဆက်မပြတ် ဆောင်ရွက်ပြီး ဘုံသဘောတူညီချက်တွေ ရရှိအောင် ဆောင်ရွက်သွားမှာပဲဖြစ်ပါတယ်။

**ဒေါက်တာအောင်မြတ်ဦး**
**ဗဟိုကော်မတီဝင်၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ**

အခုလို နိုင်ငံရေးပါတီတွေနဲ့ တွေ့ဆုံဆွေးနွေးပွဲတွေ၊ NSPC က ဆောင်ရွက်ပေးတဲ့ ဆွေးနွေးပွဲတွေ၊ အခြားနိုင်ငံတွေရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ ဖက်ဒရယ်စနစ်ဆိုင်ရာတွေကို သွားရောက်လေ့လာရတာတွေက ကျွန်တော်တို့အတွက် အများကြီး အထောက်အကူဖြစ်ပါတယ်။ ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကို သွားမယ်ဆိုရင် ကျွန်တော်တို့ မသိတာတွေ များများသိလာဖို့ လိုပါတယ်။ ကျွန်တော်တို့ရဲ့ အတွေးတွေ ပိုပြီးမြင့်လာဖို့လိုပါတယ်။ ဒီလိုအကျိုးကျေးဇူးတွေ အများကြီး ရပါတယ်။ ဒါကြောင့် ဒီလိုတွေ့ဆုံဆွေးနွေးပွဲတွေကို ကြိုဆိုပါတယ်။ တည်ငြိမ်အေးချမ်းမှုက ရပ်ကွက်တစ်ခုပဲဖြစ်ဖြစ်၊ ဒေသတစ်ခုပဲဖြစ်ဖြစ်၊ နိုင်ငံတစ်ခုပဲဖြစ်ဖြစ် မဖြစ်မနေလိုအပ်ပါတယ်။ တည်ငြိမ်မှုမရှိရင် ကျန်းမာရေး၊ စီးပွားရေး၊ ပညာရေး အကုန်ခက်ခဲပါတယ်။ တည်ငြိမ်အေးချမ်းမှုမရှိရင် ဖွံ့ဖြိုးတိုးတက်ရေးကလည်း လုပ်ဆောင်လို့မရပါဘူး။ ဒါကြောင့် အဘက်ဘက်က ဝိုင်းဝန်းစဉ်းစားကြပြီး တိုင်းပြည်တည်ငြိမ်အေးချမ်းရေးကို ဝိုင်းဝန်းလုပ်ဆောင်ကြဖို့ လိုပါတယ်။

**ဦးကိုကိုကြီး**
**ဥက္ကဋ္ဌ၊ ပြည်သူ့ပါတီ**

ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ ပြည်ထောင်စုတည်ဆောက်ရေး ခေါင်းစဉ်နဲ့ ရွေးကောက်ပွဲနဲ့ လုံခြုံရေးအစီအမံများဆိုတဲ့ ခေါင်းစဉ်တွေကို တက်ရောက်လာတဲ့ နိုင်ငံရေးပါတီတွေက ဝိုင်းဝန်းဆွေးနွေးကြမှာဖြစ်ပါတယ်။ နိုင်ငံရဲ့အခြေအနေအရ နိုင်ငံရေးတွေ့ဆုံ ဆွေးနွေးမှုတွေကနေ ရလဒ်ကောင်းတွေရဖို့ အရေးကြီးပါတယ်။ ပြည်သူတွေကြားထဲမှာရော အခုပဋိပက္ခမှာ ပါဝင်နေတဲ့သူတွေကြားထဲမှာပါ နိုင်ငံရေးအရ ဆွေးနွေးဖြေရှင်းမှုတွေကနေ ရလဒ်ကောင်းတွေ ရနိုင်တယ်ဆိုတဲ့ မျှော်လင့်ချက်၊ ဒါကို လမ်းစပွင့်သွားဖို့ ရည်ရွယ်ပါတယ်။

အိန္ဒိယက ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ ဖက်ဒရယ်စနစ်ဆိုင်ရာတွေနဲ့ပတ်သက်ပြီး ဖိတ်ကြားတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုတာက နိုင်ငံမှာ အမြင့်ဆုံးဥပဒေပါ။ အစိုးရတစ်ရပ်က ဘယ်လိုအုပ်ချုပ်ရမယ်။ အခွင့်အာဏာ ဘယ်လောက်ရှိတယ်ဆိုတာ ဖွဲ့စည်းပုံက သတ်မှတ်ပေးထားတယ်။ ဖွဲ့စည်းပုံဘောင်ထဲကနေ ပြဿနာတွေကို ဖြေရှင်းတဲ့အခါ ဆွေးနွေးညှိနှိုင်းတာ၊ ဖွဲ့စည်းပုံပြင်ဆင်ရေးဆိုင်ရာ လုပ်ထုံး၊ လုပ်နည်းတွေနဲ့ ဆောင်ရွက်တာတွေမှာ အိန္ဒိယနိုင်ငံရဲ့ အတွေ့အကြုံတွေကို မျှဝေတာဖြစ်ပါတယ်။ စိတ်ဝင်စားဖို့ကောင်းတာက မတူကွဲပြားမှုတွေများတဲ့ နိုင်ငံမှာ နိုင်ငံရေးနည်းလမ်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ နည်းလမ်းနဲ့ ဖြေရှင်းတဲ့အတွေ့အကြုံကိုလေ့လာခွင့်ရခဲ့ပါတယ်။ ဖက်ဒရယ်စနစ်ဆိုရင်လည်း အိန္ဒိယနိုင်ငံရဲ့ ဖက်ဒရယ်ပုံစံက ကျွန်တော်တို့နိုင်ငံအတွက် အများကြီးအထောက်အကူဖြစ်မယ်လို့ မျှော်လင့်ပါတယ်။

**ဒေါက်တာအေးမောင်**
**ဥက္ကဋ္ဌ၊ ရခိုင့်ဦးဆောင်ပါတီ**

ဒီနေ့တွေ့ဆုံပွဲမှာ ဒီမိုကရေစီနဲ့ ဖက်ဒရယ်ပြည်ထောင်စု ခေါင်းစဉ်အောက်မှာ ဘယ်လိုပြည်ထောင်စုမျိုးကို တည်ဆောက်မှာလဲဆိုတဲ့ အချက်နဲ့ ရွေးကောက်ပွဲလုံခြုံရေးနဲ့ပတ်သက်တဲ့အပိုင်းကို ဆွေးနွေးသွားဖို့ရှိပါတယ်။ မြန်မာနိုင်ငံနဲ့ ဆက်စပ်နေတဲ့ ဘင်္ဂလားဒေ့ရှ်၊ ထိုင်း၊ တရုတ်နိုင်ငံရဲ့ နမူနာတွေကိုလည်း ကြည့်ဖို့လိုပါတယ်။ တွေ့ဆုံပွဲရဲ့ရလဒ်ကတော့ အနာဂတ် မြန်မာနိုင်ငံ တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်အောင် ဘယ်လိုပုံဖော်မှာလဲဆိုတဲ့ ရည်မှန်းချက်နဲ့ဆိုင်ပါတယ်။

**ဦးထက်အောင်ကျော်**
**ဒုတိယဥက္ကဋ္ဌ၊ အမျိုးသားဒီမိုကရေစီအင်အားစုပါတီ**

ဒီနေ့တွေ့ဆုံပွဲမှာ အိန္ဒိယခရီးစဉ်မှာ လေ့လာခဲ့ရတဲ့ အိန္ဒိယနိုင်ငံရဲ့ ဒေသန္တရအုပ်ချုပ်ရေးစနစ်၊ ဒီမိုကရေစီနဲ့ဖက်ဒရယ်ကို ဘယ်လိုထူထောင်မလဲဆိုတဲ့ အချက်၊ ရွေးကောက်ပွဲနဲ့ လုံခြုံရေးအစီအမံစတဲ့ခေါင်းစဉ်သုံးခုကို ဆွေးနွေးသွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့ပါတီက ပြည်ထောင်စုတစ်ဝန်းလုံးဝင်ရောက်ယှဉ်ပြိုင်မယ့် ပါတီဖြစ်တဲ့အတွက် မဲဆန္ဒနယ်ကျင်းပမယ့်အပေါ်မူတည်ပြီး ရာနှုန်းပြည့်ဝင်ရောက်ယှဉ်ပြိုင်ဖို့ ကြိုးစားထားပါတယ်။

**ဦးခေါတိန့်**
**အတွင်းရေးမှူး၊ ဒီမိုကရေစီပါတီသစ်(ကချင်)**

ရွေးကောက်ပွဲမှာ လုံခြုံရေးဆိုင်ရာနဲ့ပတ်သက်ပြီး ဆွေးနွေးသွားမှာဖြစ်ပါတယ်။ နိုင်ငံတော်ရဲ့ ရှေ့လုပ်ငန်းစဉ်(၅)ရပ်မှာ ရွေးကောက်ပွဲကျင်းပဖို့ လုပ်ငန်းစဉ်ပါဝင်ပြီးဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရအနေနဲ့ ရွေးကောက်ပွဲကျင်းပပေးပြီး တက်လာတဲ့အစိုးရကို နိုင်ငံတော်တာဝန် လွှဲအပ်သွားဖို့ ရွေးကောက်ပွဲက မဖြစ်မနေကျင်းပရမယ်။ အခု နိုင်ငံရေးအခြေအနေအရ လက်နက်ကိုင်ပဋိပက္ခတွေရှိနေတယ်။ ပြည်သူလူထုအားလုံးကလည်း ဒီဒုက္ခတွေကို ခါးသီးစွာခံနေရတယ်။ ပြည်သူတွေရဲ့ဆန္ဒက ငြိမ်းချမ်းချင်တယ်။ ပြည်သူအားလုံးက ရွေးကောက်ပွဲကျင်းပဖို့ ဆန္ဒရှိကြတယ်။ လက်ရှိအခြေအနေက နယ်မြေလုံခြုံ တည်ငြိမ်ရေးအတွက် အခက်အခဲတွေရှိတယ်။ တစ်ဖက်က လက်နက်ကိုင်အဖွဲ့အစည်းတွေအနေနဲ့ အချို့တွေဆိုရင် ရွေးကောက်ပွဲလုံးဝမကျင်းပရဘူးလို့ ပြောဆိုနေကြတာတွေရှိတယ်။ နိုင်ငံရေးအရ ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပပြီးစီးသွားပြီဆိုရင် လက်နက်ကိုင်အဖွဲ့အစည်းတွေရဲ့အခန်းကဏ္ဍက ပျောက်ကွယ်သွားမယ့်အနေအထားရှိပါတယ်။ အဓိကက ပြည်သူလူထုဆန္ဒမဲပေးနိုင်ရေးကို ဆောင်ရွက်ရမှာဖြစ်ပါတယ်။

**ဒေါ်စောယုမာ**
**ဥက္ကဋ္ဌ၊ ပြည်ထောင်စုငြိမ်းချမ်းရေးနှင့် ညီညွတ်ရေးပါတီ**

ဒီနေ့တွေ့ဆုံပွဲမှာ ဒီမိုကရေစီနဲ့ ဖက်ဒရယ်နိုင်ငံတည်ဆောက်ရေးအတွက် ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ မနက်ပိုင်းမှာ အိန္ဒိယခရီးစဉ်ပါဝင်ခဲ့တဲ့ ပါတီတွေက လေ့လာမှတ်သားခဲ့ရတာတွေကို မျှဝေပေးတာဖြစ်ပါတယ်။ မသိသေးတဲ့သူတွေလည်း သိရတယ်။ သိပြီးသားလည်း ထပ်မံသိရတဲ့အတွက် ဗဟုသုတတွေရရှိပါတယ်။ ဖက်ဒရယ်ကို တည်ဆောက်မယ်ဆိုရင် ဖက်ဒရယ်နိုင်ငံတွေကို လေ့လာရမှာဖြစ်ပါတယ်။ ကျွန်မတို့နိုင်ငံနဲ့ ကိုက်ညီတဲ့ ဖက်ဒရယ်ဖြစ်ဖို့လိုပါတယ်။ နိုင်ငံတစ်ခု တည်ဆောက်တဲ့အခါ ငြိမ်းချမ်းဖို့က အဓိကအရေးကြီးပါတယ်။ ငြိမ်းချမ်းမှုသာ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှာ ဖြစ်ပါတယ်။ ကျွန်မတို့ပါတီက တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ငြိမ်းချမ်းရေးကို အဓိကထားပြီး လုပ်ဆောင်နေခြင်းဖြစ်ပါတယ်။ ပါတီရဲ့ ရည်ရွယ်ချက်ကတော့ အမျိုးသားအကျိုးစီးပွားကို အဓိကထားပြီး ဘက်စုံ၊ ကဏ္ဍစုံ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်မှာဖြစ်ပါတယ်။ အားလုံးငြိမ်းချမ်းဖို့ အရေးကြီးပါတယ်။ ငြိမ်းချမ်းမှုသာ အရာအားလုံးကို လုပ်ဆောင်နိုင်မှာဖြစ်တဲ့အတွက် ပြည်သူလူထုအားလုံး ငြိမ်းချမ်းပါစေလို့ ဆန္ဒပြုပါတယ်။

**ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်**

# ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အားကစားပြိုင်ပွဲအုပ်စုပွဲစဉ်များနှင့် ကွာတားဖိုင်နယ်ပွဲစဉ်များ ဆက်လက်ယှဉ်ပြိုင်

**နေပြည်တော် ဒီဇင်ဘာ ၅**

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အားကစားပြိုင်ပွဲ အုပ်စုပွဲစဉ်များနှင့် ကွာတားဖိုင်နယ်ပွဲစဉ်များကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ အတွင်းရှိ သတ်မှတ်ထားသော အားကစားကွင်း/ရုံများ၌ ဆက်လက်ယှဉ်ပြိုင်ကစားကြသည်။

ပြည်နယ်နှင့် တိုင်းဒေသကြီး ကြက်တောင်ပြိုင်ပွဲကို ဝဏ္ဏသိဒ္ဓိ အားကစားကွင်း (C)ရုံ၌ကျင်းပရာ အမျိုးသား ကြက်တောင်ပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီးအသင်းက ဧရာဝတီတိုင်းဒေသကြီး အသင်းကို သုံးပွဲ တစ်ပွဲ၊ ရှမ်းပြည်နယ်အသင်းက မွန်ပြည်နယ်အသင်းကို သုံးပွဲပြတ်၊ ကချင်ပြည်နယ်အသင်းက တနင်္သာရီတိုင်းဒေသကြီး အသင်းကို သုံးပွဲ နှစ်ပွဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းက ကရင်ပြည်နယ်အသင်းကို သုံးပွဲပြတ်၊ ကယားပြည်နယ်အသင်းက မကွေးတိုင်းဒေသကြီးအသင်းကို သုံးပွဲ တစ်ပွဲ၊ ချင်းပြည်နယ်အသင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းကို သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက တနင်္သာရီတိုင်းဒေသကြီးအသင်းကို သုံးပွဲပြတ်၊ ဧရာဝတီတိုင်းဒေသကြီးအသင်းက ကရင်ပြည်နယ်အသင်းကို သုံးပွဲ တစ်ပွဲ၊ ရှမ်းပြည်နယ်အသင်းက ကယားပြည်နယ်အသင်းကို သုံးပွဲပြတ်၊ မန္တလေးတိုင်းဒေသကြီး အသင်းက ချင်းပြည်နယ်အသင်းကို သုံးပွဲပြတ်၊ ပဲခူးတိုင်းဒေသကြီး အသင်းက စစ်ကိုင်းတိုင်းဒေသကြီးအသင်းကို သုံးပွဲ တစ်ပွဲ၊ မွန်ပြည်နယ်အသင်းက မကွေးတိုင်းဒေသကြီးအသင်းကို သုံးပွဲ နှစ်ပွဲဖြင့် လည်းကောင်း၊ အမျိုးသမီး ကြက်တောင်ပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး အသင်းက ကရင်ပြည်နယ်အသင်းကို သုံးပွဲပြတ်၊ ဧရာဝတီတိုင်းဒေသကြီး အသင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းကို သုံးပွဲ တစ်ပွဲ၊ မန္တလေးတိုင်းဒေသကြီး အသင်းက ကရင်ပြည်နယ်အသင်း ကို သုံးပွဲပြတ်၊ ပဲခူးတိုင်းဒေသကြီး အသင်းက ဧရာဝတီတိုင်းဒေသကြီး အသင်းကို သုံးပွဲပြတ်ဖြင့် လည်းကောင်း အနိုင်ရရှိခဲ့သည်။

ပြည်နယ်နှင့် တိုင်းဒေသကြီး အသက်(၂၅) နှစ်အောက် ခရစ်ကက်ပြိုင်ပွဲကို ဝဏ္ဏသိဒ္ဓိ အားကစားကွင်း မြားပစ်ကွင်း (၁/၂)၌ ကျင်းပရာ အမျိုးသားခရစ်ကက်ပြိုင်ပွဲတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းက ဧရာဝတီတိုင်းဒေသကြီး အသင်းကို ရှစ်ယောက်အသာဖြင့် လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက မွန်ပြည်နယ်အသင်းကို ၄၈ မှတ်အသာဖြင့် လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအသင်းက မကွေးတိုင်းဒေသကြီးအသင်းကို ၃၆ မှတ်



ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ပြည်နယ်နှင့်တိုင်းဒေသကြီး အမျိုးသားခရစ်ကက်ပြိုင်ပွဲတွင် မွန်ပြည်နယ်အသင်းနှင့် ရန်ကုန်တိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

အသာဖြင့် လည်းကောင်း၊ ရခိုင်ပြည်နယ်အသင်းက ကရင်ပြည်နယ်အသင်းကို ၂၁ မှတ်အသာဖြင့် လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

အမျိုးသမီး ခရစ်ကက်ပြိုင်ပွဲတွင် ကရင်ပြည်နယ်အသင်းက မန္တလေးတိုင်းဒေသကြီးအသင်းကို ရမှတ် ၁၀၉ မှတ်အသာဖြင့် လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး အသင်းက ပဲခူးတိုင်းဒေသကြီး အသင်းကို ၆၄ မှတ်အသာဖြင့် လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းကို ရှစ်ယောက်အသာဖြင့် လည်းကောင်း၊ ရခိုင်ပြည်နယ်အသင်းက ရှမ်းပြည်နယ်အသင်းကို လေးယောက် အသာဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။



ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ပြည်နယ်နှင့်တိုင်းဒေသကြီး U-25 အမျိုးသမီး ဘောလုံးပြိုင်ပွဲ ယှဉ်ပြိုင်ကစားကြစဉ်။

ပြည်နယ်နှင့် တိုင်းဒေသကြီး အသက်(၂၃)နှစ်အောက် အမျိုးသားဘတ်စကက်ဘော ပြိုင်ပွဲကို ရွှေကြာပင်အားကစားရုံ၌ ကျင်းပရာ ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းက တနင်္သာရီတိုင်းဒေသကြီးအသင်းကို ရမှတ် (၅၇-၄၀) မှတ်၊ မန္တလေးတိုင်းဒေသကြီး အသင်းက စစ်ကိုင်းတိုင်းဒေသကြီး အသင်းကို ရမှတ် (၉၆-၅၄) မှတ်၊ ကရင်ပြည်နယ်အသင်းက ဧရာဝတီတိုင်းဒေသကြီးအသင်းကို ရမှတ် (၈၆-၅၂) မှတ်၊ ရှမ်းပြည်နယ် အသင်းက မွန်ပြည်နယ်အသင်းကို ရမှတ်(၉၂-၄၃) မှတ်၊ ရန်ကုန် တိုင်းဒေသကြီးအသင်းက ကရင် ပြည်နယ်အသင်းကို ရမှတ် (၇၅-၆၅) မှတ်ဖြင့် အနိုင်ရရှိခဲ့ကြသည်။

ပြည်နယ်နှင့် တိုင်းဒေသကြီး အသက်(၂၀)နှစ်အောက် ဘော်လီဘောပြိုင်ပွဲများကို ဝဏ္ဏသိဒ္ဓိ အားကစားကွင်း(B)ရုံ၌ ကျင်းပရာ အမျိုးသားဘော်လီဘော ပြိုင်ပွဲတွင် ကချင်ပြည်နယ်အသင်းက ရခိုင်ပြည်နယ်အသင်းကို သုံးပွဲ တစ်ပွဲ၊ ရှမ်းပြည်နယ်အသင်းက ဧရာဝတီတိုင်းဒေသကြီးအသင်းကို သုံးပွဲပြတ်၊ ကရင်ပြည်နယ်အသင်းက ပဲခူးတိုင်းဒေသကြီး အသင်းကို သုံးပွဲ တစ်ပွဲဖြင့်လည်းကောင်း၊ အမျိုးသမီးဘော်လီဘော ပြိုင်ပွဲတွင် ရှမ်းပြည်နယ်အသင်းက မန္တလေးတိုင်းဒေသကြီးအသင်းကို သုံးပွဲ တစ်ပွဲ၊ ကချင်ပြည်နယ် အသင်းက တနင်္သာရီတိုင်းဒေသကြီးအသင်းကို သုံးပွဲ နှစ်ပွဲဖြင့် လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

ပြည်နယ်နှင့် တိုင်းဒေသကြီး ဖူဆယ်ပြိုင်ပွဲ ပွဲစဉ်များကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း ဖူဆယ် အားကစားရုံ၌ကျင်းပရာ အမျိုးသားဖူဆယ်ဘောလုံးပြိုင်ပွဲတွင် တနင်္သာရီတိုင်းဒေသကြီးအသင်းက ကရင်ပြည်နယ်အသင်းကိုနှစ်ဂိုး -တစ်ဂိုး၊ ဧရာဝတီတိုင်းဒေသကြီး အသင်းက ရခိုင်ပြည်နယ်အသင်းကို တစ်ဂိုး-ဂိုးမရှိ၊ စစ်ကိုင်းတိုင်း

**စာမျက်နှာ ၉ကော်လံ ၁ သို့❖**



ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ပြည်နယ်နှင့်တိုင်းဒေသကြီး အမျိုးသမီးဘော်လီဘောပြိုင်ပွဲတွင် တနင်္သာရီတိုင်းဒေသကြီးအသင်းနှင့် ကချင်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။
ဓာတ်ပုံ-မျိုးထက်ဦး



ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ပြည်နယ်နှင့်တိုင်းဒေသကြီး အမျိုးသမီးကြက်တောင်ရိုက်ပြိုင်ပွဲတွင် နေပြည်တော်အသင်းနှင့် ဧရာဝတီတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။
ဓာတ်ပုံ-မျိုးထက်ဦး

❖ စာမျက်နှာ ၈ မှ

ဒေသကြီးအသင်းက မွန်ပြည်နယ်အသင်းကို ငါးဂိုး -တစ်ဂိုး၊ မကွေးတိုင်းဒေသကြီးအသင်းက ရှမ်းပြည်နယ်အသင်းကို တစ်ဂိုး – ဂိုးမရှိ၊ ပဲခူးတိုင်းဒေသကြီး အသင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းကို နှစ်ဂိုး–ဂိုးမရှိဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

အမျိုးသမီး ဖူဆယ်ဘောလုံးပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီးအသင်းနှင့် မန္တလေးတိုင်းဒေသကြီးအသင်းတို့က ဂိုးမရှိသရေ၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းနှင့် ရခိုင်ပြည်နယ်အသင်းတို့က တစ်ဖက်တစ်ဂိုးစီ၊ ကချင်ပြည်နယ်အသင်းက မကွေးတိုင်းဒေသကြီးအသင်းကို နှစ်ဂိုး–ဂိုးမရှိ၊ မွန်ပြည်နယ်အသင်းက တနင်္သာရီတိုင်းဒေသကြီးအသင်းကို နှစ်ဂိုး–တစ်ဂိုး၊ ရှမ်းပြည်နယ်အသင်းက ပဲခူးတိုင်းဒေသကြီး အသင်းကို သုံးဂိုး – ဂိုးမရှိဖြင့် လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

ပြည်နယ်နှင့်တိုင်းဒေသကြီး ပိုက်ကျော်ခြင်းပြိုင်ပွဲကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း (A)ရုံ၌ ကျင်းပရာ အမျိုးသားနှစ်ယောက်တွဲ ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် မကွေးတိုင်းဒေသကြီးအသင်းက ပဲခူးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲ တစ်ပွဲ၊ မန္တလေးတိုင်းဒေသကြီး အသင်းက ဧရာဝတီတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်၊ ကရင်ပြည်နယ်အသင်းက ရှမ်းပြည်နယ်အသင်းကို နှစ်ပွဲ တစ်ပွဲ၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက ချင်းပြည်နယ်အသင်းကို နှစ်ပွဲပြတ်၊ မွန်ပြည်နယ်အသင်းက ရခိုင်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်၊ တနင်္သာရီတိုင်းဒေသကြီး အသင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းကို နှစ်ပွဲပြတ်၊ စစ်ကိုင်းတိုင်းဒေသကြီး အသင်းက ကယားပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့် လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

အမျိုးသမီး နှစ်ယောက်တွဲပိုက်ကျော်ခြင်းပြိုင်ပွဲတွင် မကွေးတိုင်းဒေသကြီးအသင်းက ပြည်ထောင်စုနယ်မြေနေပြည်တော်အသင်းကို နှစ်ပွဲပြတ်၊ မန္တလေးတိုင်းဒေသကြီးအသင်းက ကရင်ပြည်နယ်အသင်းကိုနှစ်ပွဲတစ်ပွဲ၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက တနင်္သာရီတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်၊ ပဲခူးတိုင်းဒေသကြီးအသင်းက မွန်ပြည်နယ်အသင်းကို နှစ်ပွဲတစ်ပွဲ၊ ရှမ်းပြည်နယ်အသင်းက ကချင်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့် လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။



ပဥ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ပြည်နယ်နှင့်တိုင်းဒေသကြီး အမျိုးသမီးဖူဆယ်ပြိုင်ပွဲတွင် တနင်္သာရီတိုင်းဒေသကြီးအသင်းနှင့် မွန်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။ ဓာတ်ပုံ–မျိုးထက်ဦး

အမျိုးသားနှစ်ယောက်တွဲပိုက်ကျော်ခြင်းပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်တွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းက ပဲခူးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲတစ်ပွဲ၊ ကရင်ပြည်နယ်အသင်းက ကချင်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်၊ မန္တလေးတိုင်းဒေသကြီးအသင်းက တနင်္သာရီတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းက ရန်ကုန်တိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်ဖြင့် လည်းကောင်း၊ အမျိုးသမီးနှစ်ယောက်တွဲ ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးအသင်းက ရှမ်းပြည်နယ်အသင်းကို နှစ်ပွဲပြတ်၊ မွန်ပြည်နယ်အသင်းက မကွေးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်၊ ပဲခူးတိုင်းဒေသကြီးအသင်းက မန္တလေးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်၊ ရခိုင်ပြည်နယ်အသင်းက စစ်ကိုင်းတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်ဖြင့် လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။



ပဥ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ပြည်နယ်နှင့်တိုင်းဒေသကြီး အမျိုးသားဘောလုံးပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီးအသင်းနှင့် တနင်္သာရီတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

ပြည်နယ်နှင့်တိုင်းဒေသကြီး အသက် ၂၃ နှစ်အောက်အမျိုးသား ဘောလုံးပြိုင်ပွဲများကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း လေ့ကျင့်ရေးကွင်း(၃)/(၄) တို့တွင် ယှဉ်ပြိုင်ကစားကြရာ ကချင်ပြည်နယ်အသင်းက စစ်ကိုင်းတိုင်းဒေသကြီးအသင်းကို သုံးဂိုး–ဂိုးမရှိဖြင့် လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီးအသင်းက ပဲခူးတိုင်းဒေသကြီးအသင်းကို သုံးဂိုး–တစ်ဂိုးဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

ပြည်နယ်နှင့်တိုင်းဒေသကြီး အသက် ၂၅ နှစ်အောက် အမျိုးသမီး ဘောလုံးပြိုင်ပွဲ ပွဲစဉ်များကို ဘောဂဝတီအားကစားကွင်းနှင့် လယ်ဝေးမြို့နယ် အားကစားကွင်းတို့၌ ယှဉ်ပြိုင်ကစားကြရာ ဧရာဝတီတိုင်းဒေသကြီး အသင်းနှင့် ကယားပြည်နယ်အသင်းတို့က ဂိုးမရှိသရေ၊ ကရင်ပြည်နယ်အသင်းနှင့် ရှမ်းပြည်နယ်အသင်းတို့က တစ်ဖက်နှစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့ကြသည်။

ဝန်ကြီးဌာနပေါင်းစုံ အလွတ်တန်း အမျိုးသားဘောလုံးပြိုင်ပွဲများကို ပေါင်းလောင်းအားကစားကွင်း၊ ရွှေကြာပင်အားကစားကွင်းနှင့် လယ်ဝေး TC–2 အားကစားကွင်းတို့၌ ယှဉ်ပြိုင်ကစားကြရာ နယ်စပ်ရေးရာဝန်ကြီးဌာန အသင်းက ပြည်ထဲရေးဝန်ကြီးဌာအသင်းကို သုံးဂိုးပြတ်ဖြင့်လည်းကောင်း၊ ကျန်းမာရေးဝန်ကြီးဌာနအသင်းနှင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန အသင်းတို့က တစ်ဖက် နှစ်ဂိုးစီဖြင့်လည်းကောင်း၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန အသင်းက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေး ဝန်ကြီးဌာနအသင်းကို နှစ်ဂိုး–တစ်ဂိုးဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

ယနေ့ကျင်းပသည့် အားကစားပြိုင်ပွဲများသို့ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ အားကစားနည်းအလိုက် အဖွဲ့ချုပ်များမှ တာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများနှင့်အားကစားဝါသနာရှင် ပြည်သူများ စိတ်ပါဝင်စားစွာ လာရောက်ကြည့်ရှုအားပေးခဲ့ကြသည်။

အမျိုးသား အမျိုးသမီးနှစ်ယောက်တွဲ ပိုက်ကျော်ခြင်းပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်များနှင့် ဗိုလ်လုပွဲကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း(A) ရုံ၌လည်းကောင်း၊ ပြည်နယ်နှင့်တိုင်းဒေသကြီး လက်ဝှေ့ပြိုင်ပွဲကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း လက်ဝှေ့ရုံ၌ လည်းကောင်း ဒီဇင်ဘာ ၆ ရက် နံနက်ပိုင်းမှစတင်၍ ယှဉ်ပြိုင်ကစားသွားကြမည်ဖြစ်ရာ အားကစားဝါသနာရှင် မိဘပြည်သူများအနေဖြင့် မည်သူမဆို လာရောက်ကြည့်ရှု အားပေးနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**



ပဥ္စမအကြိမ်အမျိုးသားအားကစားပွဲတော် ပြည်နယ်နှင့်တိုင်းဒေသကြီး အမျိုးသားဘော်လီဘောပြိုင်ပွဲတွင် ကရင်ပြည်နယ်အသင်းနှင့် ပဲခူးတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။



ပဥ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ပြည်နယ်နှင့်တိုင်းဒေသကြီး အမျိုးသားကြက်တောင်ရိုက်ပြိုင်ပွဲတွင် ကချင်ပြည်နယ်အသင်းနှင့် တနင်္သာရီတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။ ဓာတ်ပုံ–မျိုးထက်ဦး

# ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အားကစားပြိုင်ပွဲများ ယှဉ်ပြိုင်မှုမြင်ကွင်း



ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသမီး ပိုက်ကျော်ခြင်း ပြိုင်ပွဲတွင် မွန်ပြည်နယ်အသင်းနှင့် ပဲခူးတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။



ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ဝန်ကြီးဌာနပေါင်းစုံ အလွတ်တန်း အမျိုးသား ဘောလုံး ပြိုင်ပွဲတွင် ပြည်ထဲရေးဝန်ကြီးဌာနအသင်းနှင့် နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။



ပဉ္စမအကြိမ် အမျိုးသား အားကစားပွဲတော် ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသမီး ဘောလုံး ပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီး အသင်းနှင့် ကယားပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

ပဉ္စမအကြိမ် အမျိုးသား အားကစားပွဲတော် ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသား ခရစ်ကက် ပြိုင်ပွဲတွင် နေပြည်တော်အသင်းနှင့် ဧရာဝတီတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။





ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသမီး ဘော်လီဘော ပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးအသင်းနှင့် ရှမ်းပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။



ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသားဘော်လီဘော ပြိုင်ပွဲတွင် ရခိုင်ပြည်နယ်အသင်းနှင့် ကချင်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။



ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ပြည်နယ်နှင့်တိုင်းဒေသကြီး အမျိုးသားကြက်တောင်ရိုက် ပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီးအသင်းနှင့် ပဲခူးတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။



ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသား ဖူဆယ်ပြိုင်ပွဲ တွင် မွန်ပြည်နယ်အသင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

# ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် မသန်စွမ်းအားကစားပြိုင်ပွဲများ ယှဉ်ပြိုင်မှုမြင်ကွင်း

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် မသန်စွမ်းအားကစားပြိုင်ပွဲများကို ဒီဇင်ဘာ ၅ ရက် နံနက်ပိုင်းမှစတင်၍ နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိရေကူးကန်နှင့် လယ်ဝေး TC-2 အားကစားကွင်းတို့၌ ယှဉ်ပြိုင်ကစားကြသည်။



အမျိုးသား လှံတံပစ်ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်တစ်ဦး ပါဝင်ယှဉ်ပြိုင်စဉ်။



အမျိုးသား မီတာ ၂၀၀ အပြေးပြိုင်ပွဲ ကျင်းပစဉ်။



အမျိုးသား ထိုင်လျက်ဘော်လီဘောပြိုင်ပွဲတွင် နေပြည်တော်အသင်းနှင့် ဧရာဝတီတိုင်းဒေသကြီး အသင်းတို့ အကြိတ်အနယ် ယှဉ်ပြိုင်နေစဉ်။



အမျိုးသား S6/7 မီတာ ၅၀ ရင်ပေါင်တန်းကူးပြိုင်ပွဲ ဗိုလ်လုပွဲ ယှဉ်ပြိုင်စဉ်။



အမျိုးသား သံပြားပစ်ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်တစ်ဦး ပါဝင်ယှဉ်ပြိုင်စဉ်။



အမျိုးသမီး စစ်တုရင်ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်များ ပါဝင်ယှဉ်ပြိုင်နေမှုကို တွေ့ရစဉ်။



အမျိုးသား တန်းမြင့်ခုန် ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်တစ်ဦး ပါဝင်ယှဉ်ပြိုင်စဉ်။



အမျိုးသမီး သံလုံးပစ်ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်တစ်ဦး ပါဝင်ယှဉ်ပြိုင်စဉ်။

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း MSME ထုတ်ကုန်ပြခန်းများ ကြည့်ရှုစစ်ဆေး



**နေပြည်တော် ဒီဇင်ဘာ ၅**

အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဒုတိယဥက္ကဋ္ဌ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် ယနေ့နံနက်ပိုင်းတွင် ပဉ္စမအကြိမ် အမျိုးသား အားကစားပွဲတော်ကျင်းပမည့် ဇမ္ဗူသီရိမြို့နယ်ရှိ ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ပြည်ထောင်စုနယ်မြေ (နေပြည်တော်)အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများမှ ထုတ်လုပ်သည့် ထုတ်ကုန်ပစ္စည်းများ ခင်းကျင်းပြသရောင်းချရန် ပြင်ဆင်နေမှု၊ ပုဗ္ဗသီရိမြို့နယ်ရှိ တည်းခိုရေးစခန်း (ရွာတော်)တွင် ထုတ်ကုန်ပစ္စည်းများ ခင်းကျင်းပြသရောင်းချနေမှုအခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ယခုအားကစားပွဲတွင် တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးမှ အားကစားသမားများ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်၍ မိမိထုတ်ကုန်များ၏ ကောင်းမွန်သည့် အချက်အလက်များကို နိုင်ငံအနှံ့လွယ်လင့်တကူပျံ့နှံ့ ရောက်ရှိသွားမည်ဖြစ်၍ ရရှိသည့်အခွင့်အရေးများကို ပိုင်နိုင်စွာ ရယူနိုင်ရေး ကြိုးစားဆောင်ရွက်ရမည်ဖြစ်ကြောင်း။

**မှာကြား**

လုပ်ငန်းရှင်များအနေဖြင့်လည်း လုပ်ငန်းဆောင်ရွက်နေစဉ်အတွင်း တွေ့ကြုံနေရသည့် အခက်အခဲများရှိပါက ပွင့်ပွင့်လင်းလင်း တင်ပြပေးစေလိုကြောင်း၊ ထုတ်ကုန်ပစ္စည်းများ၏ အရည်အသွေး တိုးတက်ကောင်းမွန်စေရေးအတွက် သုတေသနလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ထုတ်လုပ်မှုလုပ်ငန်းများသည် ဈေးကွက်ရှိမှသာ စဉ်ဆက်မပြတ် ရပ်တည်လည်ပတ်နိုင်မည်ဖြစ်၍ ဈေးကွက်သုတေသနလုပ်ငန်းများကိုလည်း စဉ်ဆက်မပြတ်ဆောင်ရွက်ရန်နှင့် ဈေးကွက်လိုအပ်ချက်အတိုင်း ထုတ်လုပ်ပေးနိုင်ရေး စီမံဆောင်ရွက်ထားရှိရမည်ဖြစ်ကြောင်း မှာကြားသည်။

ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကျင်းပမည့် ဝဏ္ဏသိဒ္ဓိအားကစားကွင်းတွင် ပြခန်း ၄၈ ခန်း၊ တည်းခိုရေးစခန်း(ရွာတော်)တွင် ပြခန်း ၂၆ ခန်း စုစုပေါင်းပြခန်း ၇၄ ခန်းတို့တွင် ပြည်ထောင်စုနယ်မြေ(နေပြည်တော်)အတွင်းရှိ MSME များမှ ထုတ်လုပ်သည့် ထုတ်ကုန်ပစ္စည်းအမည် ၄၅၀ ကျော်ကို ခင်းကျင်းပြသ ရောင်းချလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင် ဝန်ကြီးဌာနကိုယ်စားပြုယှဉ်ပြိုင်မည့် အားကစားသမားများနှင့် တွေ့ဆုံ





**နေပြည်တော် ဒီဇင်ဘာ ၅**

အလုပ်သမား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင်နှင့် ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် ဝန်ကြီးဌာနကိုယ်စားပြု ယှဉ်ပြိုင်မည့် အားကစားသမားများတွေ့ဆုံပွဲကို ယနေ့နံနက်ပိုင်းတွင် ဝန်ကြီးဌာနစုဝေးခန်းမ၌ ကျင်းပသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ တာဝန်ရှိသူများ၊ အသင်းအုပ်ချုပ်သူများနှင့် အားကစား မောင်မယ်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်က ချမှတ်ထားသည့် "တစ်မျိုးသားလုံး သက်ရှည်ကျန်းမာ ကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံး အကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး" ဟူသည့် လူမှုရေးဦးတည်ချက်ပါ ပြဋ္ဌာန်းချက်အရ လူတိုင်းအတွက် သက်ရှည် ကျန်းမာရေးသည် အဓိကကျပြီး အားကစားပြုလုပ်ခြင်းကြောင့် တစ်ကိုယ်ရေကျန်းမာရေး အကျိုးရလဒ်ရရှိခြင်း အပြင် အသင်းအဖွဲ့နှင့် ဆောင်ရွက်ရခြင်းကြောင့် အချင်းချင်းစည်းလုံးညီညွတ်စေသည့် စုပေါင်းစိတ်ဓာတ်ကိုလည်းရရှိစေမည် ဖြစ်ကြောင်း၊ မိမိတို့ ဝန်ကြီးဌာနအတွက် အကောင်းဆုံး စွမ်းဆောင်၍ ယှဉ်ပြိုင်ကစားကြရန် တိုက်တွန်းပြောကြားသည်။

ယင်းနောက် ညွှန်ကြားရေးမှူးချုပ်များက အားကစားနည်းအလိုက် ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် ဝန်ကြီးဌာနကိုယ်စားပြု ပြိုင်ပွဲဝင်မည့် အားကစားသမားများ အသုံးပြုမည့်ပစ္စည်းများ ခင်းကျင်းပြသထားမှုကို ကြည့်ရှုအားပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ဖွင့်ပွဲ/ပိတ်ပွဲ အခမ်းအနားတွင်ချီတက်မည့် ဝန်ကြီးဌာနအသင်း လေ့ကျင့်နေမှုကို ကြည့်ရှုအားပေးသည်။

ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် အလုပ်သမားဝန်ကြီးဌာနမှ ဂေါက်သီးရိုက်အားကစားနည်း၊ ဖူဆယ်အားကစားနည်း၊ ပိုက်ကျော်ခြင်းအားကစားနည်းနှင့် ပြေးခုန်ပစ်အားကစားနည်းများ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာသက်ခိုင်ဝင်း တရုတ်နိုင်ငံ ပေကျင်းမြို့တော်ရှိ Fuwai Hospital သို့ လေ့လာရေးခရီးသွားရောက်၊ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်နိုင်ရေးဆွေးနွေး



**နေပြည်တော် ဒီဇင်ဘာ ၅**

တရုတ်နိုင်ငံ ပေကျင်းမြို့တော်၌ ရောက်ရှိနေသည့် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာသက်ခိုင်ဝင်းနှင့်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် အတူ ယမန်နေ့နံနက်ပိုင်းတွင် နှလုံးရောဂါ အထူးကုဌာနဖြစ်သည့် ပေကျင်းမြို့တော်ရှိFuwai Hospital သို့ သွားရောက်လေ့လာကြသည်။

ဦးစွာပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ကို Fuwai Hospital အစည်းအဝေးခန်းမ၌ ဆေးရုံကြီးမှ တာဝန်ရှိသူများက တရုတ်နိုင်ငံ အမျိုးသားကျန်းမာရေးကော်မရှင် (National Health Commission of the People’s Republic of China)၏လက်အောက်တွင် နှလုံးရောဂါ အထူးကုသရေးဌာန (National Center for Cardiovascular Diseases)နှင့် Fuwai Hospital တို့ ပူးပေါင်းကာ နှလုံးရောဂါ လူနာကုသရေး၊ သုတေသနနှင့် သင်ကြားလေ့ကျင့်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ကမ္ဘာ့အကြီးဆုံး နှလုံးရောဂါ အထူးကုဌာနများအနက် တစ်ခုဖြစ်ပြီး နှလုံးရောဂါ လူနာကုသရေးလုပ်ငန်းများအပြင် နိုင်ငံတကာမှ သင်တန်းသားများအတွက် ကာလတို/ကာလရှည် နှလုံးရောဂါပညာဆိုင်ရာ လေ့ကျင့်သင်ကြားမှုများ ဆောင်ရွက်ပေးလျက်ရှိမှု၊ မြန်မာနိုင်ငံနှင့်ပူးပေါင်းကာ နှလုံးရောဂါကုသရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့မှုအခြေအနေတို့ကို ရှင်းလင်းပြောကြားကာ ဆေးရုံလုပ်ငန်း ဆောင်ရွက်မှုအခြေအနေကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့က တရုတ်-မြန်မာ နှစ်နိုင်ငံဆေးပညာသင်ကြားလေ့ကျင့်မှုများနှင့် လူနာကုသရေးလုပ်ငန်းများ ဆက်လက်ပူးပေါင်းဆောင်ရွက်မည့် အစီအစဉ်များကို ဆွေးနွေးကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အထူးကုဆေးရုံကြီးအတွင်းရှိ နှလုံးအထူးကြပ်မတ်ကုသခန်း (coronary care unit)၊ နှလုံးရောဂါသွေးကြောချဲ့ကုသခန်း (catherization laboratory)၊ ပြင်ပလူနာခွဲစိတ်ကုသဌာန (ambulatory surgery center)၊ နိုင်ငံတကာအဆင့်မီ သင်ကြားရေးဌာန (Global training center for cardiac intervention imaging)၊ ပြင်ပလူနာ နှလုံးရောဂါရှာဖွေရေးဌာနများကို လှည့်လည်ကြည့်ရှုသည်။

အဆိုပါ ပေကျင်းမြို့တော်ရှိ နှလုံးရောဂါအထူးကုဆေးရုံကြီးသည် လူနာခုတင်-၁၅၀၀ ကျော်ဆံ့ဖြစ်ကာ နှလုံးသွေးကြောချဲ့ကုသခန်း ၁၅ ခန်း၊ နှလုံးခွဲစိတ်ခန်း ၃၆ ခန်းတို့ဖြင့် နှစ်စဉ်နှလုံးခွဲစိတ်မှုပေါင်း ၂၀၀၀၀ ခန့်နှင့် နှလုံးသွေးကြောချဲ့မှု ၅၀၀၀၀ ခန့် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



# သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနကိုယ်စားပြု အမျိုးသားဘော်လီဘောအသင်း အမျိုးသားအားကစားပွဲတော် ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေး စခန်းသွင်းလေ့ကျင့်

**ဟသ်ာတ ဒီဇင်ဘာ ၅**

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ဝန်ကြီးဌာနပေါင်းစုံအလွတ်တန်း အမျိုးသားဘော်လီဘောပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေးနှင့် အောင်နိုင်ရေးအတွက် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနကိုယ်စားပြု ဘော်လီဘောအသင်းသည် စခန်းသွင်းလေ့ကျင့်လျက်ရှိသည်။

ထိုသို့လေ့ကျင့်ရာတွင် ဟသ်ာတမြို့နယ် အားကစားနှင့် ကာယပညာဦးစီးဌာန မိုးလုံလေလုံအားကစားရုံ၌ နိုဝင်ဘာ ၁၁ ရက်မှ ဒီဇင်ဘာ ၆ ရက်အထိ အသင်းအုပ်ချုပ်သူတစ်ဦး၊ နည်းပြတစ်ဦးနှင့် ကစားသမား ၁၄ ဦးတို့ ဖွဲ့စည်းကာ စခန်းသွင်းလေ့ကျင့်လျက်ရှိကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီး H.E. Mr. Abhay Thakur ကို လက်ခံတွေ့ဆုံ



**နေပြည်တော် ဒီဇင်ဘာ ၅**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းသည် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E. Mr. Abhay Thakur ဦးဆောင်သောအဖွဲ့ကို ယနေ့မွန်းလွဲပိုင်းတွင် ဝန်ကြီးဌာနဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံအကြားနားလည်မှုစာချွန်လွှာ (MoU) အရ ရခိုင်ပြည်နယ်အတွင်း ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေကို ပွင့်လင်းစွာအမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

ယင်းနောက် MoU အရ ရခိုင်ပြည်နယ်အတွင်း ဆောင်ရွက်ခဲ့သည့် ဒုတိယနှစ် စီမံကိန်းနှစ်ခု လုပ်ငန်းစတင်လည်ပတ်ခြင်းအစီအစဉ်ကို Hybrid စနစ်ဖြင့် ဆက်လက်ဆောင်ရွက်ရာ ရခိုင်ပြည်နယ်စီးပွားရေးရာဝန်ကြီး ဦးစံရွှေမောင်က အွန်လိုင်းမှ တက်ရောက်သည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက အိန္ဒိယနိုင်ငံအစိုးရက မြန်မာနိုင်ငံသို့ဖွံ့ဖြိုးမှုအကူအညီ စီမံကိန်းပူးပေါင်းဆောင်ရွက်မှု လက်ရှိအခြေအနေများ၊ လူသားချင်းစာနာမှုအကူအညီပေးအပ်ခဲ့မှု အခြေအနေများနှင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးအတွက် အိန္ဒိယနိုင်ငံမှ ပညာသင်ဆုပေးအပ်ခဲ့မှုအခြေအနေ၊ အကျိုးကျေးဇူးများနှင့်စပ်လျဉ်း၍ ကျေးဇူးတင်စကားပြောကြားပြီး မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီးက ဖွံ့ဖြိုးမှုစီမံကိန်း လက်ရှိအခြေအနေများကို ဆွေးနွေးပြောကြားသည်။

ထို့နောက် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်(လုပ်ငန်း)က MoU အရ ဆောင်ရွက်လျက်ရှိသည့် ဒုတိယနှစ်စီမံကိန်းလုပ်ငန်းများ၏ အခြေအနေနှင့် လုပ်ငန်းစတင်လည်ပတ်သည့် စီမံကိန်းနှစ်ခုဖြစ်သော ပြည်သူ့ဆေးရုံတွင် အမှိုက်မီးရှို့စက် တည်ဆောက်ခြင်းနှင့် ရေပေးဝေခြင်းစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ခဲ့မှုအခြေအနေတို့ကို ရှင်းလင်းတင်ပြပြီး စီမံကိန်းဆောင်ရွက်ပြီးစီးမှုမှတ်တမ်းကို ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာ့ရိုးရာနှစ်သစ်ကူးအတာသင်္ကြန်ပွဲတော်အား ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းအဖြစ် သတ်မှတ်ခံရ

**နေပြည်တော် ဒီဇင်ဘာ ၅**

ပါရာဂွေးနိုင်ငံ အာဆွန်စီယွန်မြို့၌ ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၂ ရက်မှ ၇ ရက်အထိ ကျင်းပသည့် (၁၉) ကြိမ်မြောက် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်ညီလာခံတွင် မြန်မာနိုင်ငံ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ အဆိုပြုတင်သွင်းထားသည့် "မြန်မာ့ရိုးရာနှစ်သစ်ကူးအတာသင်္ကြန်ပွဲတော်" စာတွဲအား ယူနက်စကို၏ လူသားမျိုးနွယ်ဆိုင်ရာ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်း (Representative List of the Intangible Cultural Heritage of Humanity)တွင် ပါဝင်နိုင်ရေး တရားဝင်ဆုံးဖြတ်ခဲ့ပြီးဖြစ်ရာ ယခုဆိုလျှင် မြန်မာနိုင်ငံမှ တင်သွင်းထားသည့် "မြန်မာ့ရိုးရာနှစ်သစ်ကူးအတာသင်္ကြန်ပွဲတော်" သည် ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းတွင် မြန်မာနိုင်ငံအနေဖြင့် ပထမဆုံးတရားဝင် ပါဝင်နိုင်ခဲ့ပြီဖြစ်သည်။



ထိုကဲ့သို့ ပါဝင်နိုင်ရန်အတွက် ၂၀၂၃ ခုနှစ် မတ် ၂၄ ရက်တွင် မြန်မာ့ရိုးရာနှစ်သစ်ကူးအတာသင်္ကြန်ပွဲတော်နှင့်ပတ်သက်သော အချက်အလက်များ၊ မြန်မာပြည်သူလူထု၏ ပြောကြားချက်များ(Communities' Statement)၊ အတာသင်္ကြန်ဆင်နွှဲမှုရိုးရာဓလေ့ဆိုင်ရာ ရုပ်သံမှတ်တမ်းဗီဒီယိုဖိုင်များပါဝင်သောအဆိုပြုစာတွဲ (Nomination File)ကို UNESCO ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်ကော်မတီ (Committee of Intangible Cultural Heritage) သို့ ပေးပို့တင်သွင်းခဲ့သည်။ တင်သွင်းသည့်လုပ်ငန်းစဉ်ကို ဆောင်ရွက်ရာတွင် နိုင်ငံတော်အစိုးရ၏ ပံ့ပိုးကူညီမှုများ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၏ စုစည်းဆောင်ရွက်မှုများ၊ မြန်မာ့ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးရှိ လူမှုအဖွဲ့အစည်း (NGO)များ၊ တိုင်းရင်းသားမျိုးနွယ်စုများ၊ မီဒီယာနှင့် ဆိုရှယ်မီဒီယာသုံးစွဲသူများ၊ မြန်မာ့ရိုးရာအမွေအနှစ်ကို အမြတ်တနိုးတန်ဖိုးထားသည့် ပြည်သူများနှင့် သက်ဆိုင်ရာပညာရှင်/ အဖွဲ့အစည်းများ၊ ဒေသခံပြည်သူလူထုများ၏ စိတ်အားထက်သန်စွာ ပူးပေါင်းဆောင်ရွက်မှုကြောင့် ရရှိခဲ့ခြင်းဖြစ်သည်။

"မြန်မာ့ရိုးရာနှစ်သစ်ကူးအတာသင်္ကြန်ပွဲတော်" အား ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် စာရင်းတွင် ပါဝင်ခြင်းအားဖြင့် ပုဂံခေတ်ကာလမှ ယနေ့အထိ ခေတ်အဆက်ဆက်မှ လက်ဆင့်ကမ်းထိန်းသိမ်းခဲ့ကြသည့် မြန်မာတို့၏ "မြန်မာ့ရိုးရာနှစ်သစ်ကူးအတာသင်္ကြန်ပွဲတော်"ကို ကမ္ဘာက ပိုမိုသိရှိလာခြင်းဖြင့် ကမ္ဘာလှည့်ခရီးသွားများကို ပိုမိုဆွဲဆောင်လာနိုင်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအတွက် အကျိုးပြုနိုင်ခြင်း၊ မျိုးဆက်သစ်နောင်လာနောက်သားများကို လက်ဆင့်ကမ်းအမွေပေးအပ်နိုင်ခြင်း၊ အတာသင်္ကြန်ကို ရိုးရာမပျက် ထိန်းသိမ်းကျင်းပနိုင်ရေးအတွက် ပြည်သူလူထု၏ အသိအမြင် ပိုမိုပွင့်လန်းလာစေခြင်း၊ မြန်မာနိုင်ငံ၏ အခြားသော ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များကို ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်း တင်သွင်းနိုင်ရေးအတွက် အတွေ့အကြုံကောင်းများနှင့် အခွင့်အလမ်းကောင်းများ ပိုမိုရရှိလာစေခြင်း စသည့် အကျိုးကျေးဇူးများရရှိမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ရှမ်းပြည်နယ်(တောင်ပိုင်း)အတွင်း စိုက်ပျိုးမွေးမြူရေးကဏ္ဍဆိုင်ရာလုပ်ငန်းများ ကွင်းဆင်းကြည့်ရှုစစ်ဆေး

**နေပြည်တော် ဒီဇင်ဘာ ၅**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်သည် ယမန်နေ့နံနက်ပိုင်းက ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့နယ် ဘော်နင်းကျေးရွာ တောင်သူ ဦးစိုးဝင်း၏ အာလူးစိုက်ကွင်း၌ ရွှေညောင်မြို့ စက်မှုလယ်ယာဦးစီးဌာန အမှတ်(၈၅) စက်မှုလယ်ယာစခန်းမှ ကြီးမှူးကျင်းပသည့် အာလူးစိုက်စက် (Potato Planter)ဖြင့် အာလူးစိုက်ပျိုးခြင်းသရုပ်ပြပွဲကို ကြည့်ရှုအားပေးသည်။



### ပြည်တွင်းတွင် ထုတ်လုပ်ဖြန့်ဖြူးနိုင်ရေး ဆောင်ရွက်

ကြည့်ရှုစဉ် ဒုတိယဝန်ကြီးက Potato Planter အသုံးပြု၍ အာလူးစိုက်ပျိုးခြင်းဖြင့် မျိုးချခြင်း၊ ဘောင်တင်ခြင်း၊ မြေဖုံးခြင်း လုပ်ငန်းများကို တစ်ပြိုင်တည်း ဆောင်ရွက်နိုင်ကြောင်း၊ စက်ကိရိယာဖြင့် စိုက်ပျိုးခြင်းသည် သီးနှံတူးဖော်ချိန်တွင် သီးနှံအထွက်နှုန်းကောင်းခြင်း၊ အရည်အသွေးကောင်းခြင်း၊ လေလွင့်ဆုံးရှုံးမှုနည်းခြင်းစသည့် အကျိုးကျေးဇူးများရရှိသည့်အတွက် ကုန်ကျစရိတ်သက်သာစွာဖြင့် ပြည်တွင်းတွင် ထုတ်လုပ်ဖြန့်ဖြူး အသုံးပြုနိုင်ရေး စီမံဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် ကြက်သွန်ဖြူဒေသမျိုးစိုက်ပျိုးနေမှု၊ မုန်ညင်းစိုက်ခင်းအောင်မြင်ဖြစ်ထွန်းနေမှု၊ ရွာကြီးကျေးရွာ ကွင်းအမှတ်(၂၂) နဂါးပတ်တောင်ကွင်းတွင် နေရောင်ခြည်စွမ်းအင်သုံး ရွှေ့လျားဆိုလာ (Mobile Solar) အသုံးပြု၍ ရေဖျန်းစနစ်ဖြင့် စိုက်ပျိုးထားသည့် အာလူးစိုက်ခင်းတို့ကိုကြည့်ရှုသည်။

ယင်းနောက် တောင်ကြီးမြို့နယ် ကွန်လုံကျေးရွာအုပ်စု ကျောက်နီစိုက်ကွင်းရှိ မွေးမြူရေးဇုန် ဇီဝလုံခြုံရေးဂိတ်အနီး တူးဖော်ထားရှိသည့် စက်ရေတွင်းသို့ ရောက်ရှိစစ်ဆေးပြီး ဒုတိယဝန်ကြီးက လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ မွေးမြူရေးဇုန်ရှင်းလင်းဆောင်ခန်းမ၌ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မွေးမြူရေးတောင်သူများနှင့် တွေ့ဆုံ၍ ဒုတိယဝန်ကြီးက ရောဂါရှာဖွေစစ်ဆေးရေးလုပ်ငန်းများ၊ ကာကွယ်ကုသရေးလုပ်ငန်းများ စနစ်တကျစီမံသွားကြရန်၊ မေထုံမဲ့နည်းလမ်းများ စနစ်တကျ ဆောင်ရွက်ကြရန်နှင့် တိရစ္ဆာန်အစာ အလုံအလောက်ရရှိ၍ ဇုန်အတွင်း ရေစီမံခန့်ခွဲမှုကိုလည်း အသေးစိတ်စီမံတွက်ချက်၍ ဇုန်တာဝန်ခံများအနေဖြင့် သက်ဆိုင်ရာပြည်နယ်အစိုးရ၏ လမ်းညွှန်မှု၊ ဝန်ကြီးဌာန၏ နည်းပညာများ ပံ့ပိုးကူညီမှုများဖြင့် မွေးမြူရေးဇုန်နှင့် မွေးမြူရေးကဏ္ဍဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေး အတွက် ဆောင်ရွက်သွားကြရန်နှင့် လိုအပ်သည်များ ဖြည့်စွက်မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

**ပြင်ပအလင်းရောင်ကို အသုံးချပါ၊ မလိုအပ်သော အိမ်တွင်းလျှပ်စစ်မီးများကို လျှော့သုံးပါ**

**အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အကြိုဂုဏ်ပြုဆောင်းပါး**

# အဂတိပယ်ခွာ ပြည်သာယာ

မြင့်လွင်ထွေး

ယနေ့ကမ္ဘာ့နိုင်ငံအသီးသီးသည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဆိုင်ရာ ပဋိပက္ခများနှင့် သဘာဝဘေးအန္တရာယ်များကြောင့် ဖွံ့ဖြိုးတိုးတက်မှုများ နှောင့်နှေးနေရသကဲ့သို့ အဂတိလိုက်စားမှု၏ စိန်ခေါ်မှုများကြောင့် လူသားတို့၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုများ ထိခိုက်ပျက်စီးလျက်ရှိပြီး ဆင်းရဲမွဲတေမှုများနှင့် ရင်ဆိုင်နေကြရပေသည်။ ထို့အတူ ကျွန်ုပ်တို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီးတွင်လည်း တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ဘဝတည်ငြိမ်အေးချမ်းမှုရှိစေရေး၊ နိုင်ငံသားများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံတော်၏ကဏ္ဍပေါင်းစုံ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အဟန့်အတားဖြစ်နေသည့် အဂတိလိုက်စားမှုများကို အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်သူလူထု၊ အစိုးရဝန်ထမ်းများနှင့် နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေးကဏ္ဍများမှ တာဝန်ရှိသူများက ပူးပေါင်းဆောင်ရွက်ကြပါမှသာ အဂတိလိုက်စားမှုကင်းစင်ပြီး စားရေရိက္ခာပေါများသည့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်နေသော နိုင်ငံတော်ကြီးအဖြစ် ကမ္ဘာ့အလယ်တွင် ထည်ဝါစွာရပ်တည်နိုင်ပြီး အဂတိပယ်ခွာ ပြည်သာယာလာမည်ဖြစ်ပေသည်။

## အဂတိလိုက်စားမှု၏ အနက်အဓိပ္ပာယ်

လာဘ်ပေးလာဘ်ယူပြုလုပ်ခြင်း၊ တံစိုးလက်ဆောင်ပေးခြင်း၊ လက်ခံခြင်းနှင့်ရယူခြင်းတို့သည် အဂတိလိုက်စားမှုဖြစ်သည်ဟု အနက်အဓိပ္ပာယ်ကို ယေဘုယျဆန်ဆန် နားလည်လက်ခံတတ်ကြသော်လည်း အဂတိလိုက်စားမှု၏ အနက်အဓိပ္ပာယ်သည် ထိုထက်ကျယ်ပြန့်၍ အနက်အဓိပ္ပာယ်ဖွင့်ဆိုရန်ပင် ခက်ခဲလှပါသည်။ အောက်စဖို့ဒ်(The Oxford)နှင့် မယ်ရီရမ်ဝက်ဘ်စတာ(Merriam-Webster) အဘိဓာန်တို့တွင် အဂတိလိုက်စားမှုအား **"လုပ်ပိုင်ခွင့်အာဏာရှိသူများ၏ မရိုးဖြောင့်သော သို့မဟုတ် လိမ်လည်လှည့်ဖြားသော ပြုမူဆောင်ရွက်မှု၊ အထူးသဖြင့် ဩဇာအာဏာရှိသူများ၏ မရိုးဖြောင့်သော သို့မဟုတ် တရားမဝင်သော အပြုအမူ"**ဟု အဓိပ္ပာယ်ဖွင့်ဆိုထားပါသည်။ အဂတိလိုက်စားမှုသည် လူ့ကျင့်ဝတ်ကို ဖောက်ဖျက်သော အပြုအမူဖြစ်သည်ဟု ဆိုနိုင်ပေသည်။

အဂတိလိုက်စားမှုဆိုသည့်အရာကို ထောက်ခံအားပေးသော၊ ဥပဒေအရ ကျူးလွန်ခွင့်ပြုသော နိုင်ငံဟူ၍မရှိပေ။ နိုင်ငံတိုင်းက အဂတိလိုက်စားမှုကို လက်မခံနိုင်သဖြင့် ကုလသမဂ္ဂအထွေထွေညီလာခံ၏ ဆုံးဖြတ်ချက်အမှတ်၊ ၅၈/၄ အရ ကုလသမဂ္ဂ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကွန်ဗင်းရှင်း (United Nations Convention Against Corruption-UNCAC) ကို ၂၀၀၃ ခုနှစ် အောက်တိုဘာလ ၃၁ ရက်နေ့တွင် အတည်ပြုခဲ့ပါသည်။ ကမ္ဘာပေါ်ရှိ နိုင်ငံတိုင်းတွင်လည်း အဂတိလိုက်စားမှုဆိုသည့်အရာကို မိမိနိုင်ငံ၊ မိမိဥပဒေဖြင့် နည်းလမ်းပေါင်းစုံအသုံးပြု၍ အရေးယူဆောင်ရွက်လျက်ရှိနေကြပေသည်။

**❛ချစ်ခြင်းကြောင့် လည်းကောင်း၊ မုန်းခြင်းကြောင့်လည်းကောင်း၊ ကြောက်ခြင်းကြောင့်လည်းကောင်း၊ မသိခြင်းကြောင့်လည်းကောင်း မည်သည့်အကြောင်းကြောင့်မဆို ဘက်လိုက်ခြင်း၊ မပြုသင့်သည်ကို ပြုကျင့်ခြင်းဖြင့် အဂတိတရားလေးပါးကို ကျူးလွန်သောသူသည် လဆုတ်သောအခါ လမင်း၏အရောင်အဝါသည် တစ်နေ့တခြား လျော့ပါးဆုတ်ယုတ်သကဲ့သို့ စည်းစိမ်ဥစ္စာနှင့်တကွ အခြံအရံနှင့် ကျော်စောခြင်းတို့သည် လျော့ပါးဆုတ်ယုတ်တတ်သဖြင့် အဂတိတရားလေးပါးကို ရှောင်ရှားသင့်ကြောင်း မြတ်စွာဘုရားရှင်က တားမြစ်ထားခြင်းဖြစ်သည်။ အဂတိတရားလေးပါးကို ရှောင်ရှား၍ လူ့ဝတ်နည်းကျင့်ဝတ်များကို လိုက်နာစောင့်ထိန်းကာ ပြုမူဆောင်ရွက်သူသည် လဆန်းသောအခါ လမင်း၏အရောင်အဝါသည် တစ်နေ့တခြားတိုးပွားလာဘိသကဲ့သို့ စည်းစိမ်ဥစ္စာနှင့်တကွ အခြံအရံနှင့် ကျော်စောခြင်းတို့သည် တစ်နေ့တခြား တိုးပွားလာမည်❜**

အဂတိလိုက်စားမှုဟုဆိုရာတွင် မြတ်စွာဘုရားရှင် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးစဉ်အခါက သိင်္ဂါလသူဌေးသားကို သိင်္ဂါလောဝါဒသုတ် တစ်နည်းအားဖြင့် ဂိဟိဝိနယပါ လူ့ဝတ်နည်းကျင့်ဝတ်တရားတော်များဖြစ်သည့် ကမ္မကိလေသတရား လေးပါး၊ အဂတိတရား လေးပါး၊ ဥစ္စာပျက်စီးကြောင်း ခြောက်ပါး၊ အရပ်မျက်နှာခြောက်ပါးတို့ကို ဟောကြားညွှန်ပြဆုံးမတော်မူခဲ့သည်။ ဤသည်ကို ကြည့်ခြင်းဖြင့် အဂတိလိုက်စားမှုသည် မြတ်စွာဘုရားရှင် လက်ထက်ကတည်းက ရှိနေကြောင်း ကျိုးကြောင်းဖော်ပြသိရှိနိုင်ပါသည်။

## အဂတိတရားလေးပါး

သိင်္ဂါလောဝါဒသုတ်လာ အဂတိတရားလေးပါးတို့မှာ ချစ်ခင်သဖြင့် မလိုက်သင့်သည့်ဘက်သို့လိုက်ခြင်း၊ မပြုသင့်သည်ကိုပြုခြင်း**(ဆန္ဒာဂတိ)**၊ စိတ်ဆိုးသဖြင့် မလုပ်ထိုက်သည်ကိုလုပ်ခြင်း၊ မပြုသင့်သည်ကိုပြုခြင်း **(ဒေါသာဂတိ)**၊ ကြောက်ရွံ့သဖြင့် မလိုက်သင့်သည့်ဘက်သို့လိုက်ခြင်း၊ မပြုလုပ်သင့်သည်ကိုပြုခြင်း**(ဘယာဂတိ)**၊ တွေဝေသဖြင့် ဘက်မလိုက်သင့်သည့်ဘက်ကိုလိုက်၍ မပြုလုပ်သင့်သည်ကိုပြုခြင်း **(မောဟာဂတိ)**တို့ပင်ဖြစ်ပေသည်။ မည်သို့ပင်ဆိုစေကာမူ အဂတိလိုက်စားမှုသည် ပြည်သူတစ်ရပ်လုံး၏ အကျိုးစီးပွားကို ထိခိုက်ပျက်စီးစေလိုသော ရန်သူပင်ဖြစ်ပေသည်။ အဂတိလိုက်စားမှုက လူ့အဖွဲ့အစည်းတစ်ရပ်လုံးကို မတည်မငြိမ်ဖြစ်စေပြီး တရားဥပဒေစိုးမိုးရေးကိုပါ အန္တရာယ်ပြုလျက်ရှိနေပါသည်။

ချစ်ခြင်းကြောင့် လည်းကောင်း၊ မုန်းခြင်းကြောင့်လည်းကောင်း၊ ကြောက်ခြင်းကြောင့်လည်းကောင်း၊ မသိခြင်းကြောင့်လည်းကောင်း မည်သည့်အကြောင်းကြောင့်မဆို ဘက်လိုက်ခြင်း၊ မပြုသင့်သည်ကို ပြုကျင့်ခြင်းဖြင့် အဂတိတရားလေးပါးကို ကျူးလွန်သောသူသည် လဆုတ်သောအခါ လမင်း၏အရောင်အဝါသည် တစ်နေ့တခြား လျော့ပါးဆုတ်ယုတ်သကဲ့သို့ စည်းစိမ်ဥစ္စာနှင့်တကွ အခြံအရံနှင့် ကျော်စောခြင်းတို့သည် လျော့ပါးဆုတ်ယုတ်တတ်သဖြင့် အဂတိတရားလေးပါးကို ရှောင်ရှားသင့်ကြောင်း မြတ်စွာဘုရားရှင်က တားမြစ်ထားခြင်းဖြစ်သည်။ အဂတိတရားလေးပါးကို ရှောင်ရှား၍ လူ့ဝတ်နည်းကျင့်ဝတ်များကို လိုက်နာစောင့်ထိန်းကာ ပြုမူဆောင်ရွက်သူသည် လဆန်းသောအခါ လမင်း၏အရောင်အဝါသည် တစ်နေ့တခြား တိုးပွားလာဘိသကဲ့သို့ စည်းစိမ်ဥစ္စာနှင့်တကွ အခြံအရံနှင့် ကျော်စောခြင်းတို့သည် တစ်နေ့တခြား တိုးပွားလာမည်ဖြစ်ပေသည်။

အဂတိလိုက်စားမှုများကို ဖြစ်ပေါ်စေသည့် အကြောင်းတရားများစွာရှိပါသည်။ လူတစ်ဦးသည် ချမ်းသာကြွယ်ဝလိုသော လောဘစိတ်ကြောင့် မယူသင့်သော တံစိုးလက်ဆောင်များယူခြင်း၊ အဂတိလိုက်စားခြင်းများ လုပ်ဆောင်နိုင်သကဲ့သို့ ဆင်းရဲနွမ်းပါးမှု၊ မိသားစုစားဝတ်နေရေးအတွက် ငွေကြေးမလုံလောက်မှု၊ ဘေးပတ်ဝန်းကျင်၏ မြှောက်ပင့်ပေးမှု၊ အလုပ်အကိုင်ရှားပါးမှုစသည့် အကြောင်းတရားများကြောင့် အဂတိလိုက်စားမှု ကျူးလွန်သည်များလည်းရှိပါသည်။

## အဂတိလိုက်စားမှုများ ပိုမိုများပြားလာ

အဂတိလိုက်စားမှုများသည် ကမ္ဘာတစ်ဝန်းဖြစ်ပွားနေသည့် စိန်ခေါ်မှုကြီးတစ်ရပ်ဖြစ်ပြီး နိုင်ငံအတော်များများတွင် ဖြစ်လေ့ရှိသည့်အစိုးရဝန်ထမ်း၊ ပြည်သူ့ဝန်ထမ်း၊ ပုဂ္ဂလိကကုမ္ပဏီများမှ ဝန်ထမ်းများကြား ဖြစ်ပွားနေသည်သာမက အမြတ်အစွန်းအတွက် မဟုတ်သည့် ပရဟိတအဖွဲ့များတွင်ပါ အဂတိလိုက်စားမှုများရှိလာသည်မှာ ဝမ်းနည်းစရာကောင်းလှပေသည်။ ထို့ပြင် အဆိုးရွားဆုံးအနေဖြင့် နိုင်ငံအချို့တွင် နိုင်ငံရေးနယ်ပယ်၌ အာဏာရှိသူများကြား အဂတိလိုက်စားမှုများ ပိုမိုများပြားလာခြင်းပင်ဖြစ်ပါသည်။ ထိုသို့ အဂတိလိုက်စားမှုများသည် နိုင်ငံတစ်နိုင်ငံ၏ လုံခြုံမှု၊ ငြိမ်းချမ်းမှု၊ ဖွံ့ဖြိုးတိုးတက်မှုတို့အတွက် ကြီးမားသည့် အတားအဆီးဖြစ်လာသည့်အတွက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းများကို ဦးစားပေးအစီအစဉ်တစ်ရပ်အနေဖြင့် အစိုးရနှင့် ပြည်သူလက်တွဲကာ ပူးပေါင်းဆောင်ရွက်ကြရပေမည်။ ထိုအဂတိတရားများကို ဖယ်ရှားနိုင်မှသာ ပြည်သူအများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာပြီး တိုင်းပြည်လည်း သာယာဝပြောလာမည်ဖြစ်ပြီး အဂတိပယ်ခွာ ပြည်သာယာလာမည်ဖြစ်ပေသည်။

လွန်ခဲ့သော နှစ်ပေါင်းများစွာကတည်းကပင် ကျွန်ုပ်တို့နေထိုင်ရာ ကမ္ဘာကြီးတွင် ထင်ရှားသည့် အဂတိလိုက်စားမှုများ၊ အဂတိလိုက်စားမှုနှင့် ပတ်သက်ဆက်နွှယ်နေသောမှုခင်းများ ဖြစ်ပွားလျက်ရှိပြီး ၎င်းအမှုအခင်းများ မဖြစ်ပွားအောင် ကြိုတင်ကာကွယ်တားဆီးခြင်း၊ ပြစ်မှုကျူးလွန်ကြောင်း ထင်ရှားပါက ထိရောက်စွာအရေးယူခဲ့သည့် သာဓကများလည်းရှိပါသည်။ သာဓကပေါင်းများစွာထဲမှ မလေးရှားဝန်ကြီးချုပ် နာဂျစ်ရာဇတ်သည် ၎င်း၏အစိုးရ ပြုတ်ကျသွားသည်အထိ ဖြစ်ခဲ့ရသည့် Multilateral Development Bank (MDB) ငွေကြေးအရှုပ်တော်ပုံတွင် ပါဝင်ပတ်သက်ခဲ့သည်။ ထို့ကြောင့် ၎င်းသည် ယင်းငွေကြေးအရှုပ်တော်ပုံနှင့် ဆက်စပ်နေသည့် အဂတိလိုက်စားမှုနှင့်ဆိုင်သော စွဲချက်များဖြင့် ထောင်ဒဏ်(၁၂)နှစ် ချမှတ်ခံခဲ့ရပါသည်။ ၎င်း၏နိုင်ငံရေးစွဲချက်များဖြင့် နာဂျစ်၏ဇနီး အပါအဝင် နိုင်ငံရေးပါတီဝင်များသည်လည်း တရားစွဲဆိုခံခဲ့ရပါသည်။

အလားတူ တောင်ကိုရီးယားသမ္မတဟောင်း ပတ်ဂွန်ဟေးသည်လည်း အာဏာအလွဲသုံးစားပြုလုပ်မှု၊ အကျင့်ပျက်ခြစားမှုတို့အတွက် အမှုပေါင်း ၁၈ မှုတို့ဖြင့် တရားစွဲဆိုခံရပြီး ပြစ်မှုထင်ရှားသဖြင့် ထောင်ဒဏ်(၂၄)နှစ်နှင့် ဒဏ်ကြေးငွေ ဝမ် ၁၈ ဘီလီယံကျခံခဲ့ရပါသည်။ ၎င်းဖြစ်ရပ်နှစ်ခုမှာ အဂတိလိုက်စားမှုကြောင့် ခံစားရမည့်ဆိုးကျိုးများအကြောင်း မီးမောင်းထိုးပြထားသည့် ထင်ရှားသော သာဓကများပင်ဖြစ်ပေသည်။

## ဆန့်ကျင်ဘက်အသွင်ဆောင်

**အဂတိလိုက်စားမှုများလေလေ ဆင်းရဲနွမ်းပါးမှုများလေ၊ ဆင်းရဲနွမ်းပါးမှုများလေလေ အဂတိလိုက်စားမှုများလေ**ဟု ဆိုစမှတ်ပြုကြပါသည်။ အဂတိလိုက်စားမှုများသည့်နိုင်ငံသည် ဆင်းရဲနွမ်းပါးမှုများနှင့် ရင်ဆိုင်ရပြီး နိုင်ငံအလိုက်၊ ဒေသအလိုက် ဖွံ့ဖြိုးတိုးတက်မှုများ နှောင့်နှေးစေပြီး နိုင်ငံ၏ငြိမ်းချမ်းရေး၊ လုံခြုံရေးအတွက် အဓိက အတားအဆီးများစွာနှင့် ရင်ဆိုင်ကြုံတွေ့ရစေပါသည်။ ထို့ကြောင့် အဂတိလိုက်စားမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုတို့သည် ဆန့်ကျင်ဘက်အသွင်ဆောင်နေပါသည်။

**❛အဂတိလိုက်စားမှုများလေလေ ဆင်းရဲနွမ်းပါးမှုများလေ၊ ဆင်းရဲနွမ်းပါးမှုများလေလေ အဂတိလိုက်စားမှုများလေဟု ဆိုစမှတ်ပြုကြပါသည်။ အဂတိလိုက်စားမှုများသည့်နိုင်ငံသည် ဆင်းရဲနွမ်းပါးမှုများနှင့် ရင်ဆိုင်ရပြီး နိုင်ငံအလိုက်၊ ဒေသအလိုက် ဖွံ့ဖြိုးတိုးတက်မှုများ နှောင့်နှေးစေပြီး နိုင်ငံ၏ငြိမ်းချမ်းရေး၊ လုံခြုံရေးအတွက် အဓိက အတားအဆီးများစွာနှင့် ရင်ဆိုင်ကြုံတွေ့ရစေပါသည်။ ထို့ကြောင့် အဂတိလိုက်စားမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုတို့သည် ဆန့်ကျင်ဘက်အသွင်ဆောင်❜**

ဥပမာအားဖြင့် ဟေတီနိုင်ငံတွင် ၂၀၁၀ ပြည့်နှစ်က ငလျင်အကြီးအကျယ် လှုပ်ခတ်သွားခဲ့ပြီး လူပေါင်းများစွာလည်း သေဆုံးခဲ့ပါသည်။ ငလျင်လှုပ်ခတ်မှုကြောင့် လူအမြောက်အမြား သေဆုံးခဲ့ရသည့် အကြောင်းရင်းများအနက် တစ်ခုမှာ အကျင့်ပျက်ခြစားမှုကြောင့်ပင်ဖြစ်ပေသည်။ ဟေတီနိုင်ငံ၌ အဆောက်အအုံများ တည်ဆောက်ရာတွင် အင်ဂျင်နီယာများ၏ အကြံပြုချက်များ၊ ခွင့်ပြုချက်များဖြင့် တည်ဆောက်ခွင့်ပြုခဲ့ကြသည်ဟု တိုင်းမ်မဂ္ဂဇင်းတွင် ဖော်ပြထားပါသည်။ ဟေတီနိုင်ငံသည် ငလျင်ကဲ့သို့ သဘာဝဘေးဒဏ်များ ခံနေရသောနိုင်ငံဖြစ်၍ အင်ဂျင်နီယာများက ပေးခဲ့သည့် အကြံပြုချက်၊ ခွင့်ပြုချက်အတိုင်း မတည်ဆောက်ခဲ့သောကြောင့် သဘာဝဘေးဒဏ်ခံရသောအခါ လူများစွာ သေကျေပျက်စီးရခြင်း ဖြစ်ပါသည်။ သတ်မှတ်ချက်အတိုင်း မတည်ဆောက်ခဲ့ခြင်းအား လာဘ်ယူ၍ ခွင့်ပြုပေးသည့် တာဝန်ရှိသူများအား အရေးယူသင့်သည်ဟု တိုင်းမ်မဂ္ဂဇင်းက ဖော်ပြထားပါသည်။

**"ရေနစ်သူ ဝါးကူလို့ထိုး"** ဟုဆိုသကဲ့သို့ ဆင်းရဲသောနိုင်ငံများ၊ ဖွံ့ဖြိုးတိုးတက်ဆဲနိုင်ငံများနှင့် ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေး ဆောင်ရွက်ဆဲနိုင်ငံများအတွက် အဂတိလိုက်စားမှုသည် ကြီးမားသော ခြိမ်းခြောက်မှုကြီးတစ်ခုဖြစ်ပြီး လူ့အသက်ပေါင်းများစွာ စတေးခံရသည်အထိ အန္တရာယ်ကြီးမားလှကြောင်း အထင်အရှားသိရှိရပါသည်။ နိုင်ငံတိုင်းတွင်လည်း တည်ဆောက်ရေးလုပ်ငန်းများတွင် အလားတူအဂတိလိုက်စားမှုမျိုး ဖြစ်ပေါ်လျက်ရှိပါသည်။

စာမျက်နှာ ၁၅ သို့ ☆

# တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး (၁၆)ရက်တာလှုပ်ရှားမှု အထိမ်းအမှတ်အခမ်းအနား တက်ရောက်

**ထားဝယ် ဒီဇင်ဘာ ၅**

"အမျိုးသမီးများအပေါ် အကြမ်းဖက်မှုရပ်တန့်ဖို့ အားလုံးပေါင်းစုကြိုးပမ်းလို့ ဘေဂျင်းကြေညာစာတမ်းနှင့်လုပ်ငန်းစီမံချက်နှစ်(၃၀)ပြည့်ဆီ အရောက်လှမ်းစို့"ဟူသည့်ဆောင်ပုဒ်နှင့်အညီအမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး (၁၆) ရက်တာလှုပ်ရှားမှုအထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက် ၉ နာရီက တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

**ပြောကြား**

အခမ်းအနားတွင်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုက နိုင်ငံလူဦးရေ၏ ထက်ဝက်ကျော်မကသော အမျိုးသမီးထုကြီး၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးခြင်း၊ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုမှ ကာကွယ်ပေးခြင်းများသည် မိမိတို့နိုင်ငံ၏ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရာတွင်အရေးကြီးသောအခန်းကဏ္ဍတွင်ပါဝင်နေကြောင်း၊ တနင်္သာရီတိုင်းဒေသကြီး



အနေဖြင့် အကြမ်းဖက်ခံရသည့် အမျိုးသမီးများကို ယာယီလက်ခံ စောင့်ရှောက်ပေးနိုင်ရေးအတွက် ထားဝယ်မြို့တွင် One Stop WomenSupport Center တစ်ခုကို ဖွင့်လှစ်နိုင်ရေးအတွက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများမှ တားဆီးကာကွယ်ရေးလုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်သည့်အခါ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီ၏ ဦးဆောင်မှုနှင့်အတူ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ် အမျိုးသမီးကော်မတီများ၊ အမျိုးသမီးအဖွဲ့အစည်းများနှင့် မိတ်ဖက်အဖွဲ့အစည်းများအနေဖြင့် ယခုနှစ်၏ ဆောင်ပုဒ်နှင့်အညီ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုရပ်တန့်ရန် အားလုံးပေါင်းစုကြိုးပမ်းပြီး ပိုမိုမြှင့်တင်ဖော်ဆောင်သွားကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက်အမျိုးသမီးများအပေါ်အကြမ်းဖက်မှုပပျောက်ရေးဆိုင်ရာ ဆောင်ရွက်ချက်များမှတ်တမ်းဗီဒီယိုနှင့် ထားဝယ်မူလတန်းကြိုကျောင်းမှ သားငယ်သမီးငယ်များက " အလှကမ္ဘာမြေ "တေးသီချင်းဖြင့် ဖျော်ဖြေတင်ဆက်နေမှုများကို တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများက ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး (၁၆) ရက်တာလှုပ်ရှားမှု အထိမ်းအမှတ်အခမ်းအနား ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၅**

ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးကော်မတီက ကြီးမှူး၍ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး (၁၆) ရက်တာလှုပ်ရှားမှု အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ အမျိုးသမီးကလေးများသင်တန်းကျောင်း (မလိခ) ၌ ကျင်းပသည်။

**တက်ရောက်**

အဆိုပါအခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးကော်မတီ နာယက/ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၏ ဇနီး၊ တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးများ၏ ဇနီးများ၊ တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့၊ မြန်မာနိုင်ငံ အမျိုးသမီးနှင့် ကလေးသူငယ်များဘဝ မြှင့်တင်ရေးအသင်း၊ အမျိုးသမီးအားကစားဆပ်ကော်မတီနှင့် လေးကျွန်းသူဖောင်ဒေးရှင်းတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီးက အဖွင့်အမှာစကားပြောကြားပြီး အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး (၁၆) ရက်တာလှုပ်ရှားမှု အထိမ်းအမှတ်အဖြစ် လူမှုဝန်ထမ်းဦးစီးဌာန လက်အောက်ရှိ အမျိုးသမီးသက်မွေးအတတ်ပညာသင်ကျောင်း၊ အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဌာန၊ အမျိုးသမီးကလေးများသင်တန်းကျောင်း (မလိခ)၊ အမျိုးသမီးကလေးများ သင်တန်းကျောင်း (ထောက်ကြန့်) နှင့် အမျိုးသမီးများ ပြုစုစောင့်ရှောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဌာန (တွံတေး) တို့မှ



ကျောင်းသူများက တေးသီချင်းများဖြင့် သီဆိုကပြဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် ဖျော်ဖြေတင်ဆက်ကြသည့် ကျောင်းသူအဖွဲ့များအား လူမှုဝန်ထမ်းဦးစီးဌာနနှင့် တက်ရောက်လာကြသည့် အသင်းအဖွဲ့များက အလှူငွေနှင့် အဝတ်အထည်များ လှူဒါန်းကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်၏ ဇနီး၊ တိုင်းဒေသကြီးတိုင်းရင်းသားရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# ပွင့်ဖြူမြို့နယ်၌ ထောပတ်ပဲသီးနှံ လျာထားစိုက်ကေထက် ကျော်လွန်စိုက်ပျိုး

**ပွင့်ဖြူ ဒီဇင်ဘာ ၅**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဒေသခံတောင်သူများက ထောပတ်ပဲသီးနှံစိုက်ပျိုးခြင်းကို တစ်မြို့နယ်လုံး ၇၇၃၂ ဧက လျာထားစိုက်ပျိုးဆောင်ရွက်လျက်ရှိရာ ယနေ့ထိ ၉၆၂၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ပြည်တွင်းစားရေရိက္ခာဖူလုံစေရန်နှင့် တောင်သူများ သီးနှံဝင်ငွေ တိုးပွားရေးအတွက် ထောပတ်ပဲသီးနှံ ၇၇၃၂ ဧက စိုက်ပျိုးရန် လျာထားပြီး ဒေသခံတောင်သူများက လျာထားစိုက်ဧကေ ပြည့်မီစေရန် ယခုနှစ် အောက်တိုဘာဒုတိယပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ထောပတ်ပဲ ၉၆၂၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်၍ သတ်မှတ်စိုက်ဧကထက် ကျော်လွန်စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**

☆ စာမျက်နှာ ၁၄ မှ

ထို့ကြောင့် နိုင်ငံအသီးသီးက ကုလသမဂ္ဂ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကွန်ဗင်းရှင်းပါ ပြဋ္ဌာန်းချက်များနှင့်အညီ အဂတိလိုက်စားမှုကို တိုက်ဖျက်ရန်၊ တားဆီးကာကွယ်ရန်၊ အသိပညာပေးရန်နှင့် ကွန်ဗင်းရှင်း၏အခန်းကဏ္ဍများကို နားလည်သိရှိစေရန်အတွက် နှစ်စဉ် ဒီဇင်ဘာလ ၉ ရက်နေ့ကို အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့အဖြစ် သတ်မှတ်ခဲ့ပါသည်။ ကျွန်ုပ်တို့ မြန်မာနိုင်ငံသည်လည်း အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကွန်ဗင်းရှင်း (UNCAC) သို့ ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ ၂၀ ရက်တွင် (၁၆၅)နိုင်ငံမြောက် အဖွဲ့ဝင်နိုင်ငံအဖြစ် အတည်ပြုဝင်ရောက်ခဲ့ပါသည်။

အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေကို ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၇ ရက်တွင် ပြဋ္ဌာန်းခဲ့ပြီး အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်ကို ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက်တွင် စတင်ဖွဲ့စည်းခဲ့ပါသည်။ ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၁၀ ရက်တွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးနည်းဥပဒေကို အတည်ပြုပြဋ္ဌာန်းခဲ့ပါသည်။ ကော်မရှင်သည် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပါ ရည်ရွယ်ချက်များကို ပိုမိုထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်ရန် ၂၀၁၈ ခုနှစ်၊ ဇွန်လတွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို စတုတ္ထအကြိမ်ပြင်ဆင်ခဲ့ပြီး ဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ ကော်မရှင်သည် အဂတိလိုက်စားမှုတိုက်ဖျက်ရေး မဟာဗျူဟာစီမံချက်(၂၀၂၂-၂၀၂၅)ကို ရေးဆွဲချမှတ်ခဲ့ပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

**နိုင်ငံတစ်ဝန်းတွန်းလှန်တိုက်ဖျက်**

ထို့အပြင် မြန်မာနိုင်ငံသည် အရှေ့တောင်အာရှ အဂတိလိုက်စားမှုတိုက်ဖျက်ရေးအဖွဲ့သို့၂၀၁၃ ခုနှစ် နိုဝင်ဘာလ ၁၄ ရက်တွင် ဝင်ရောက်ခဲ့ပြီး နှစ်စဉ် ကျင်းပသည့် အစည်းအဝေးများသို့လည်း တက်ရောက်လျက်ရှိပါသည်။ နိုင်ငံတကာ အဂတိလိုက်စားမှုတိုက်ဖျက်ရေး အဖွဲ့အစည်းများနှင့်လည်း နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုးကာ ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ ကုလသမဂ္ဂအဂတိလိုက်စားမှု တိုက်ဖျက်ရေး ကွန်ဗင်းရှင်းပါပြဋ္ဌာန်းချက်နှင့်အညီ နှစ်စဉ် ဒီဇင်ဘာလ ၉ ရက်နေ့ ကျရောက်တိုင်း အဂတိလိုက်စားမှုတိုက်ဖျက်ရေးအထိမ်းအမှတ် အခမ်းအနားများကို အလေးထားကျင်းပလျက်ရှိပါသည်။

အဂတိလိုက်စားမှုများကို အများပြည်သူတို့နှင့် လက်တွဲ၍ နိုင်ငံတစ်ဝန်း တွန်းလှန်တိုက်ဖျက်ခြင်းဖြင့် ပြည်သူတို့၏ဘဝများ သာယာဝပြောလာစေရန်နှင့် မျိုးဆက်သစ်များအတွက် ရည်ရွယ်သော အနာဂတ်မျှော်မှန်းချက်ကို ရည်ညွှန်း၍ ကော်မရှင်၏ ဆောင်ပုဒ်ကို **"အဂတိပယ်ခွာ ပြည်သာယာ" (Remove Corruption, Promote Prosperity)** ဟူ၍ သတ်မှတ်ထားပါသည်။ အဂတိလိုက်စားမှုများကို မည်သို့ကာကွယ်မည်၊ အဂတိလိုက်စားမှုရှိကြောင်း သိရှိပါက ကော်မရှင်သို့ မည်သို့တိုင်ကြားရမည် စသည့်အသိပညာများရှိရန် လိုအပ်ပေသည်။ ထို့ကြောင့် ပြည်သူများကို အသိပညာပေးရန် ကော်မရှင်သည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာများ မြင့်မားလာစေရန်အတွက် ပြည်သူသို့ ချပြဆောင်ရွက်လျက်ရှိပြီး နိုင်ငံ့ဝန်ထမ်းများအတွင်း အဂတိလိုက်စားမှုများ လျှော့ချနိုင်ရန်အတွက်လည်း ဝန်ကြီးဌာန၊ အဖွဲ့အစည်းများနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များတွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့(Corruption Prevention Unit–CPU)များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။ ကော်မရှင်အနေဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာရပ်များ တိုးပွားလာစေရန်အတွက် ဝန်ကြီးဌာန၊ အဖွဲ့အစည်းများနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များနှင့် ပူးပေါင်း၍ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးဆွေးနွေးခြင်း၊ နည်းပညာသင်တန်း ဖွင့်လှစ်ပို့ချခြင်းများကိုလည်း ဆောင်ရွက်လျက်ရှိပါသည်။

**"ပြိုင်တူတွန်းလျှင် ရွှေ့နိုင်ပါသည်"** ဆိုသောစကားပုံအတိုင်း အဂတိလိုက်စားမှုများ တိုက်ဖျက်ဖို့ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၊ ဌာနဆိုင်ရာအစိုးရဝန်ထမ်းများ၊ ပြည်သူ့ဝန်ထမ်းများ၊ လူမှုအဖွဲ့အစည်းများ၊ ပြည်သူလူထုနှင့် လူငယ်လူရွယ်များအတူတကွ ပူးပေါင်းဆောင်ရွက်မှသာလျှင် အမိမြန်မာနိုင်ငံတော်ကြီးတွင် အဂတိလိုက်စားမှုများ ပပျောက်၍ **"အဂတိပယ်ခွာ ပြည်သာယာ"**မည်ဖြစ်ပါကြောင်း ရေးသားဖော်ပြရင်း ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၉ ရက်နေ့တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာအဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့အား ဂုဏ်ပြုလိုက်ရပါတော့သည်။ ။

## စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေသတည်ငြိမ်အေးချမ်းရေးနှင့် အကောင်အထည်ဖော် ဆောင်ရွက်နေသည့်လုပ်ငန်းများ အောင်မြင်အောင်ဆောင်ရွက်ရေး ညှိနှိုင်းအစည်းအဝေးတက်ရောက်



မုံရွာ ဒီဇင်ဘာ ၅

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့က ဒေသတည်ငြိမ်အေးချမ်းရေးနှင့် အကောင်အထည်ဖော်ဆောင်ရွက်နေသည့်လုပ်ငန်းများ အောင်မြင်အောင်ဆောင်ရွက်ရေး ညှိနှိုင်းအစည်းအဝေး (၈/၂၀၂၄)ကို ယနေ့နံနက်ပိုင်းတွင် တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးရှိ အစည်းအဝေးခန်းမ၌ ကျင်းပရာ အစည်းအဝေးသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ၊ မုံရွာခရိုင်နှင့် ယင်းမာပင်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌတို့ တက်ရောက်ကြပြီး တိုင်းဒေသကြီးအတွင်းရှိ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ကလေးခရိုင်၊ စစ်ကိုင်းခရိုင်၊ ရွှေဘိုခရိုင်၊ ဟုမ္မလင်းခရိုင်တို့မှ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က မိမိတို့တိုင်းဒေသကြီးအတွင်း နေထိုင်ရာအရပ်ဒေသများတွင် လုံခြုံမှုရှိမှသာ နေထိုင်သည့်ပတ်ဝန်းကျင်နှင့် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ဒေသဖွံ့ဖြိုးရေး စသည့်လုပ်ငန်းများ ပိုမိုတိုးတက်ကောင်းမွန်လာမည်ဖြစ်ကြောင်း၊ ခရိုင်/မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များနှင့် ဌာနဆိုင်ရာအားလုံးမှ အလေးနက်ထားကာ မိမိတို့အားပေးအပ်ထားသည့် လုပ်ငန်းတာဝန်များအပေါ် ကျေပွန်အောင် အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုအပ်ကြောင်း၊ မိမိတို့တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် ခရိုင်/မြို့နယ်များရှိ ပြည်သူများ စားရေရိက္ခာဖူလုံစေရေးအတွက် စိုက်ပျိုးရေးကြီးကြပ်မှုအဖွဲ့များမှ တာဝန်ရှိသူများနှင့် ဆွေးနွေးညှိနှိုင်းကာ တောင်သူများထံ လယ်ယာသုံးစက်ကိရိယာများ၊ မျိုးကောင်းမျိုးသန့်များနှင့် သွင်းအားစုများကိုလည်းကောင်း ထောက်ပံ့ပေးလျက်ရှိကြောင်း၊ ခရိုင်/မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များ အနေဖြင့် မိမိတို့တာဝန်ထမ်းဆောင်နေသည့် မြို့များအတွင်း သန့်ရှင်းသပ်ရပ်မှုရှိစေရေး၊ မြို့ဝင်မြို့ထွက်နှင့် မြို့အတွင်းရှိလမ်းဘေးဝဲ/ယာများတွင် အရိပ်ရသစ်ပင်များ စိုက်ပျိုးသွားရေးနှင့် ဝန်ထမ်းများစားသောက်ရေးအဆင်ပြေစေရန်အတွက် စားဖိုဆောင်သီးနှံစိုက်ခင်းများကိုလည်း စိုက်ပျိုးသွားကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ဆက်လက်ပြီး တိုင်းဒေသကြီးအတွင်းရှိ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ကလေးခရိုင်၊ စစ်ကိုင်းခရိုင်၊ ရွှေဘိုခရိုင်၊ ဟုမ္မလင်းခရိုင်တို့မှ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့်လည်းကောင်း၊ မုံရွာခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက မိမိတို့ခရိုင်များအတွင်းရှိ မြို့နယ်များ၏ ဒေသတည်ငြိမ်အေးချမ်းရေးနှင့် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် လုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေများနှင့်ပတ်သက်၍ လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များနှင့် အစည်းအဝေးသို့ တက်ရောက်လာသူများက တိုင်းဒေသကြီးအတွင်း ဒေသတည်ငြိမ်အေးချမ်းရေးနှင့် အကောင်အထည်ဖော် ဆောင်ရွက်နေသည့် လုပ်ငန်းများ အောင်မြင်အောင်ဆောင်ရွက်ရေး လုပ်ငန်းများနှင့်ပတ်သက်၍ ဖြည့်စွက်ဆွေးနွေးတင်ပြကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က အစည်းအဝေးသို့ တက်ရောက်လာသူများ၏ ဖြည့်စွက်အကြံပြု ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးကာ နိဂုံးချုပ်စကားပြောကြားခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## ကရင်ပြည်နယ်ဝန်ကြီးချုပ် အောင်မြင်ဖြစ်ထွန်းနေသော ဆောင်းသီးနှံနှင့်ဟင်းသီးဟင်းရွက်စိုက်ခင်းများအား ကြည့်ရှုအားပေး



ဘားအံ ဒီဇင်ဘာ ၅

ဒေသတွင်း စားရေရိက္ခာဖူလုံရေးအတွက် နေ့စဉ်စားသုံးနေရသော စားဖိုဆောင်သီးနှံဟင်းသီးဟင်းရွက်စိုက်ခင်းများ တိုးချဲ့စိုက်ပျိုးခြင်းဖြင့် ဒေသခံပြည်သူများ သန့်ရှင်းလတ်ဆတ်သောသီးနှံများကို သက်သာသောနှုန်းထားဖြင့် အလွယ်တကူ ဝယ်ယူစားသုံးနိုင်စေရန် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးနှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် ဘားအံမြို့ အမှတ်(၁) ရပ်ကွက်နှင့် ကော့ထော်ကျေးရွာအုပ်စု အိမ်တိုင်ကုန်းကျေးရွာ ဆယ်အိမ်စုရှိစားဖိုဆောင်သီးနှံဟင်းသီးဟင်းရွက် စိုက်ခင်းများအား လှည့်လည်ကြည့်ရှုအားပေးခဲ့ကြသည်။

### ဖြည့်ဆည်းဆောင်ရွက်

ဘားအံမြို့ အမှတ်(၁)ရပ်ကွက်တွင် ဆောင်းသီးနှံနှင့် ဟင်းသီးဟင်းရွက်စိုက်ခင်း ၄၃၄ ဧကနှင့် ကော့ထော်ကျေးရွာ အုပ်စုတွင် ဆောင်းသီးနှံစိုက်ခင်း ၃၀၃၃ ဧကစိုက်ပျိုးထားရှိရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ဘားအံမြို့ အမှတ်(၁)ရပ်ကွက်လှာကမြင်လမ်းရှိ အောင်မြင်ဖြစ်ထွန်းနေသော ပဲပုပ်စိုက်ခင်းနှင့် မိုးစပါးစိုက်ခင်းများကို လှည့်လည်ကြည့်ရှုအားပေးပြီး တောင်သူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံ၍ လိုအပ်ချက်များ မေးမြန်းဆွေးနွေးကာ တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ဘားအံမြို့နယ် ကော့ထော်ကျေးရွာအုပ်စု အိမ်တိုင်ကုန်းကျေးရွာရှိ တောင်သူ ဒေါ်မငယ်၏ စားဖိုဆောင်သီးနှံ ဟင်းသီးဟင်းရွက်စိုက်ခြံနှင့် တောင်သူဦးမောင်ဒုံး၏ ဟင်းသီးဟင်းရွက် စိုက်ခြံတို့ကို ကြည့်ရှုအားပေးပြီး တောင်သူလိုအပ်ချက်များကို မေးမြန်းဆွေးနွေး၍ မြေဩဇာနှင့် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရေအရင်းအမြစ်)၏ တောင်ကလေးတိုးချဲ့မြို့ပြအိမ်ရာစီမံကိန်း အိမ်ထောင်ကွက်ပေါင်း ၄၇၀၀ ကျော်အား ရေပေးဝေနိုင်ရေး သံလွင်မြစ်မှရေကို ရှစ်လက်မပိုက်လိုင်းပေ ၂၀၇၀၀ သွယ်တန်းတပ်ဆင်ခြင်းလုပ်ငန်း ၁၀၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များမှာကြားသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

## ASEAN Cup ပြိုင်ပွဲယှဉ်ပြိုင်ရန် မြန်မာ့လက်ရွေးစင်အသင်း အပြီးသတ်လူစာရင်း ရက်ပိုင်းအတွင်း ထုတ်ပြန်မည်

ရန်ကုန် ဒီဇင်ဘာ ၅

မြန်မာ့လက်ရွေးစင်အသင်းသည် ဒီဇင်ဘာ ၈ ရက်မှ ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၅ ရက်အထိ ကျင်းပမည့် 2024 ASEAN Cup ပြိုင်ပွဲယှဉ်ပြိုင်မည့် အပြီးသတ်လူစာရင်းကို ရက်ပိုင်းအတွင်း ထုတ်ပြန်မည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင်အသင်း နည်းပြချုပ် ဦးမျိုးလှိုင်ဝင်းသည် ပဏာမကစားသမား ၃၀ ဖြင့် ဖွဲ့စည်းထားသော်လည်း ပြိုင်ပွဲကျင်းပမည့်ကာလမှာ ဖီဖာက သတ်မှတ်ထားသည့် နိုင်ငံတကာရက်သတ္တပတ် မဟုတ်သောကြောင့် ထိုင်းနှင့် မလေးရှားကလပ်အသင်းများတွင် ကစားနေသူအချို့မှာ ကလပ်ပွဲစဉ်များကြောင့် ကစားသမားအချို့စေလွှတ်ရန် မသေချာသေးကြောင်း သိရသည်။

### အပြီးသတ်လူစာရင်း ထုတ်ပြန်

ထို့ကြောင့် မြန်မာ့လက်ရွေးစင်အသင်းသည် ယင်းကစားသမားများနှင့် ဒဏ်ရာရကစားသမားများနေရာတွင် အပြောင်းအလဲအချို့ ပြုလုပ်ထားပြီး အုပ်စုအဖွင့်ပွဲကစားရမည့် အင်ဒိုနီးရှားနှင့် အိမ်ကွင်းပွဲမတိုင်မီ တစ်ရက်အလိုတွင် အပြီးသတ်လူစာရင်း ထုတ်ပြန်မည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် အပြီးသတ်ပြင်ဆင်မှုများပြုလုပ်ရန် နိုဝင်ဘာ ၃၀ ရက်တွင် မြန်မာနေရှင်နယ်လိဂ်ကလပ် မဟာယူနိုက်တက်အသင်း၊ ဒီဇင်ဘာ ၄ ရက်တွင် နိုင်ငံခြားသားကစားသမားအများစုပါဝင်သော MNL All Stars အသင်းတို့နှင့် ခြေစမ်းပွဲနှစ်ပွဲကစားရာ တစ်ပွဲနိုင်၊ တစ်ပွဲရှုံးနိမ့်ခဲ့သည်။

မြန်မာ့လက်ရွေးစင်အသင်းသည် ASEAN Cup ပြိုင်ပွဲတွင် ဗီယက်နမ်၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ လာအိုအသင်းတို့နှင့် တစ်အုပ်စုတည်းကျရောက်နေပြီး ဒီဇင်ဘာ ၉ ရက်တွင် အင်ဒိုနီးရှားအသင်းနှင့် အိမ်ကွင်းစတင်ကစားရမည်ဖြစ်သည်။

**ကိုညီလေး**

## ချောင်းဦးမြို့၌ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံစိုက်ခင်း စိုက်ပျိုးနည်းပညာပေးပြပွဲပြုလုပ်



ချောင်းဦး ဒီဇင်ဘာ ၅

စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနရုံးဝင်းအတွင်း Home Gardenတွင် စိုက်ပျိုးထားသည့် ဓာတုလျှော့ချအာဟာရပြည့်ဝသည့် ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံစိုက်ခင်း စိုက်ပျိုးနည်းပညာပေးပြပွဲကို ဒီဇင်ဘာ ၄ ရက် နံနက်ပိုင်းက ပြုလုပ်သည်။

စိုက်ပျိုးနည်းပညာပေးပြပွဲတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဒေါ်ခင်မြတ်မြတ်ဦးက ဓာတုလျှော့ချအာဟာရပြည့်ဝပြီး လတ်ဆတ်သည့် ဟင်းသီးဟင်းရွက် သစ်သီးဝလံများ စိုက်ပျိုးထုတ်လုပ်နိုင်ရေးအတွက် မြေပြုပြင်မှု၊ ရေသုံးစွဲမှု၊ သဘာဝမြေဩဇာဖြစ်သည့် EM ဘိုကာရှီ မြေဆွေးပြုလုပ်သုံးစွဲပုံ၊ သဘာဝရွက်ဖျန်းအားဆေး ပြုလုပ်သုံးစွဲနည်း၊ သဘာဝပိုးပြေးဆေးကို ပြုလုပ်သုံးစွဲနည်းများနှင့် စိုက်ပျိုးနည်းများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက ပြပွဲသို့ တက်ရောက်လာသူများအား ပျိုးပင်ပေါက်၊ မျိုးစေ့များ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဝင်းမြင့်အောင်(ပြန်/ဆက်)**

# ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့နယ်၌ အွန်လိုင်းအသုံးပြု၍ ငွေလိမ်လုပ်ငန်းလုပ်ကိုင်နေသူ တရုတ်နိုင်ငံသား ၁၈ ဦးနှင့် မြန်မာနိုင်ငံသား ၂၇ ဦးတို့အား ငွေလိမ်လုပ်ငန်းလုပ်ကိုင်ရာတွင်အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ လက်နက်၊ ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိ

**နေပြည်တော် ဒီဇင်ဘာ ၅**

လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ဒုစရိုက်မှုများ လျော့နည်းပပျောက်ရေးနှင့် အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများ တိုက်ဖျက်ရေးတို့အတွက် နယ်မြေအတွင်း သတင်းရယူစုံစမ်းခြင်းနှင့် အွန်လိုင်းနည်းပညာများအသုံးပြု၍ ပြစ်မှုကျူးလွန်သူများအား ခြေရာခံအတည်ပြုကာ တရားခံများဖော်ထုတ်ဖမ်းဆီး ရမိနိုင်ရေး စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၂ ရက် မွန်းလွဲ ၁ နာရီ ၁၅ မိနစ်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့နယ် နောင်ဟီးကျေးရွာရှိ နေအိမ်တစ်လုံး၌ တရုတ်နိုင်ငံသားများနှင့် မြန်မာနိုင်ငံသားများ ပူးပေါင်းကာ အွန်လိုင်းအသုံးပြု၍ ငွေလိမ်လုပ်ငန်းများ လုပ်ကိုင်နေကြောင်း သတင်းရရှိသဖြင့် အဆိုပါနေအိမ်အား သက်သေများနှင့်အတူ ဝင်ရောက်ရှာဖွေစစ်ဆေးခဲ့သည်။



တန့်ယန်းမြို့နယ်၌ အွန်လိုင်းအသုံးပြု၍ ငွေလိမ်လုပ်ငန်းလုပ်ကိုင်နေသည့် မြန်မာနိုင်ငံသား အားဖြင့်(ခ)စောက်ရီချုံပါ အမျိုးသား ၁၇ ဦးနှင့် အမျိုးသမီး ၁၀ ဦး၏ မှတ်တမ်းဓာတ်ပုံ။



တန့်ယန်းမြို့နယ်၌ အွန်လိုင်းအသုံးပြု၍ ငွေလိမ်လုပ်ငန်းလုပ်ကိုင်သူများအား ဖမ်းဆီးရမိမှုမှ CZ 75 D 9MM အမျိုးအစားပစ္စတိုသေနတ်တစ်လက်၊ ကျည်ရှစ်တောင့်၊ Beretta 9MM အမျိုးအစားပစ္စတိုသေနတ်တစ်လက်၊ ကျည်ခုနစ်တောင့်၊ Type-81 အမျိုးအစားသေနတ်နှစ်လက်၊ ကျည်အိမ်သုံးခု၊ ကျည်တောင့် ၄၀၊ ၄၀ မမ ပြောင်းတစ်ခု သိမ်းဆည်းရမိမှု မှတ်တမ်းဓာတ်ပုံ။

ထိုသို့ရှာဖွေစစ်ဆေးခဲ့ရာအဆိုပါနေအိမ်အတွင်း၌ အွန်လိုင်းအသုံးပြု၍ ငွေလိမ်လုပ်ငန်းလုပ်ကိုင်နေသူ ချိန်လု(၃၀)နှစ်ပါ တရုတ်နိုင်ငံသား အမျိုးသား ၁၈ ဦး၊ မြန်မာနိုင်ငံသား ရှမ်းပြည်နယ် (မြောက်ပိုင်း) လောက်ကိုင်မြို့နယ်နေ အားဖြင့်(ခ)စောက်ရီချုံ (၃၅)နှစ်ပါ အမျိုးသား ၁၇ ဦးနှင့် အမျိုးသမီး ၁၀ ဦးတို့အား အွန်လိုင်းအသုံးပြု၍ ငွေလိမ်လုပ်ငန်း ပြုလုပ်ရာတွင် အသုံးပြုသည့် ကွန်ပျူတာမျိုးစုံ ၂၆ လုံး၊ ဆက်စပ်ပစ္စည်း ၂၆ မျိုး၊ Star Link တစ်စုံ၊ ဖုန်းမျိုးစုံအလုံး ၁၃၀ နှင့် CZ 75 D 9MM အမျိုးအစား ပစ္စတိုသေနတ်တစ်လက်၊ ကျည်ရှစ်တောင့်၊ Beretta 9MM အမျိုးအစား ပစ္စတိုသေနတ်တစ်လက်၊ ကျည်ခုနစ်တောင့်၊ Type-81 အမျိုးအစား သေနတ်နှစ်လက်၊ ကျည်အိမ် သုံးခု၊ ကျည်တောင့် ၄၀၊ ၄၀ မမ ပြောင်းတစ်ခု၊ စကားပြောစက် ခြောက်လုံး၊ ဆိုင်ကယ်နှစ်စီး၊ မီးစက်တစ်လုံး၊ WiFi စက်သုံးလုံး၊ DONG FENG ခြောက်ဘီးယာဉ် တစ်စီးတို့နှင့်အတူ တွေ့ရှိဖမ်းဆီးရမိခဲ့သည်။

အဆိုပါဖမ်းဆီးရမိသူ ချိန်လုပါ တရုတ်နိုင်ငံသား အမျိုးသား ၁၈ ဦး၊ မြန်မာနိုင်ငံသား အားဖြင့် (ခ) စောက်ရီချုံပါ အမျိုးသား ၁၇ ဦး၊ အမျိုးသမီး ၁၀ ဦးတို့အား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး တန့်ယန်းမြို့မရဲစခန်း၌ အီလက်ထရောနစ်ဆက်သွယ်ရေးဆိုင်ရာဥပဒေပုဒ်မ ၃၃(က) ဖြင့်လည်းကောင်း၊ လဝကအက်ဥပဒေပုဒ်မ ၁၃(၁)ဖြင့် လည်းကောင်း အမှုဖွင့်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**



တန့်ယန်းမြို့နယ်၌ တရုတ်နိုင်ငံသား ၁၈ ဦးနှင့် မြန်မာနိုင်ငံသား ၂၇ ဦးတို့အား အွန်လိုင်းအသုံးပြု၍ ငွေလိမ်လုပ်ငန်းလုပ်ကိုင်ရာတွင်အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ လက်နက်၊ ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိမှုမှတ်တမ်းဓာတ်ပုံ။



တန့်ယန်းမြို့နယ်၌ အွန်လိုင်းအသုံးပြု၍ ငွေလိမ်လုပ်ငန်းလုပ်ကိုင်နေသည့် တရုတ်နိုင်ငံသား ချိန်လုပါ အမျိုးသား ၁၈ ဦး၏ မှတ်တမ်းဓာတ်ပုံ။

# သတင်းပေးတိုင်ကြားမှုများကြောင့် တရားမဝင်ကုန်စည်များနှင့် အဆိုပါကုန်စည်များ တင်ဆောင်လာသည့်ယာဉ်များ သိမ်းဆည်းရမိ

**နေပြည်တော် ဒီဇင်ဘာ ၅**

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် နေပြည်တော် ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီး/ပြည်နယ်များတွင် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့များကို ဖွဲ့စည်း၍လည်းကောင်း၊ အကောက်ခွန်ဦးစီးဌာနက ဦးဆောင်သည့် One Stop Service ဌာနဆိုင်ရာအဖွဲ့များ ဖွဲ့စည်း၍လည်းကောင်း၊ နယ်စပ်ဝင်/ထွက်ဂိတ်များ၊ နယ်စပ်ကုန်သွယ်ရေးရုံးနှင့် စခန်းများ၊ အမြဲတမ်း စစ်ဆေးရေးစခန်းများ၊ ကုန်သွယ်မှုလမ်းကြောင်းတစ်လျှောက်နှင့် ကုန်ပစ္စည်းသိုလှောင်ရုံများ၊ အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းများနှင့် လေဆိပ်များ၊ ကမ်းရိုးတန်းဆိပ်ကမ်းများတွင် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး လုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်လျက်ရှိရာ သတင်းအချက်အလက်ရရှိမှုသည် အလွန်အရေးပါလျက်ရှိသည်။

တာဝန်သိပြည်သူများ၏ သတင်းပေးတိုင်ကြားမှုများကြောင့် ၂၀၂၄ ခုနှစ် နိုဝင်ဘာလအတွင်း သတင်းရရှိမှု ၅၆ ကြိမ်ရရှိခဲ့ပြီး သတင်းမှား ၁၃ ကြိမ်၊ နောက်ကျသတင်း တစ်ကြိမ်နှင့် ဖမ်းဆီးရမိမှု ၄၂ ကြိမ်ဖြစ်သည်။ သတင်းရရှိမှုကြောင့် ဖမ်းဆီးရမိ အမှုတွဲ ၇၇




မှုဖွင့်လှစ်ထားပြီး ဖမ်းဆီးရမိမှုများတွင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများနှင့် စားသောက်ကုန်ပစ္စည်းများဖြစ်သော ကုန်ပစ္စည်း ၅၅ မျိုးအပါအဝင် ခန့်မှန်းတန်ဖိုးငွေကျပ် (၁၆၇၈ ဒသမ ၅၀၁) သန်းနှင့် တရားမဝင်ကုန်စည်များ တင်ဆောင်လာသည့် ယာဉ်များအပါအဝင် လိုင်စင်မဲ့ရေယာဉ်နှင့် လိုင်စင်မဲ့ယာဉ်များ ဖမ်းဆီးရမိခဲ့သည်။

၂၀၂၄ ခုနှစ် နိုဝင်ဘာလအတွင်း သတင်းပေး တိုင်ကြားခဲ့သည့် တာဝန်သိ ပြည်သူများကိုလည်း ဖမ်းဆီးရမိမှု တန်ဖိုးငွေကျပ် (၁၆၇၈ ဒသမ ၅၀၁)သန်း၏ ၂၀ ရာခိုင်နှုန်းဖြစ်သော ငွေကျပ်(၃၃၅ ဒသမ ၇၀၀)သန်းကို သတင်းပေးဆုကြေးငွေအဖြစ် ချီးမြှင့်ပေးသွားမည်ဖြစ်ပြီး သက်ဆိုင်ရာဌာနများက မြန်မြန်ဆန်ဆန် ဆုချီးမြှင့်နိုင်ရေး ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ကြောင့် တာဝန်သိပြည်သူများအနေဖြင့် တရားမဝင်ကုန်သွယ်မှုသတင်းများနှင့် ပတ်သက်၍ လက်ကိုင်ဖုန်း -၀၉၄၀၄၃၃၉၉၆၉၉၊ အော်တိုတယ်လီဖုန်း နံပါတ်- ၀၆၇-၄၀၉၈၈၃ နှင့် အီးမေးလ် antiillegaltradeinfo@gmail.com သို့ သတင်းပေးပို့တိုင်ကြားနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

## ဘင်္ဂလားပင်လယ်အော် အခြေအနေ

**နေပြည်တော် ဒီဇင်ဘာ ၅**

ဘင်္ဂလား ပင်လယ်အော် မြောက်ပိုင်းတွင် အများအားဖြင့် သာယာနေပြီး ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော် အလယ်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေကာ ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်ထူထပ်နေသည်။

မိုး/ဇလ

စာအုပ်စာပေ
လှူမိတ်ဆွေ

# တရားမဝင် သစ်မျိုးစုံ၊ စက်သုံးဆီများ၊ စားသောက်ကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ ဆိုင်ကယ်များနှင့်ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် ဒီဇင်ဘာ ၅

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၃ ရက်တွင် မကွေးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မကွေးခရိုင်နှင့် သရက်ခရိုင်အတွင်း၌ လိုင်စင်မဲ့ဆိုင်ကယ်လေးစီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၀၀၀၀) ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ မကွေးခရိုင်နှင့် မင်းဘူးခရိုင်တို့အတွင်း၌ တရားမဝင်ကျွန်းသစ် ၅ ဒသမ ၁၄ တန်၊ အခြားသစ် ၂၈ ဒသမ ၁၉၃ တန်၊ တရုတ်နီအင်ဂျင်နှစ်လုံး၊ သုံးဘီးဆိုင်ကယ်နှစ်စီးနှင့် သစ်စက်ဆက်စပ်ပစ္စည်းများ(ခန့်မှန်းတန်ဖိုးငွေကျပ် ၉၈၆၃၅၉၄) ကို သစ်တောဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၆၆၃၅၉၄ ကို သိမ်းဆည်းအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဒီဇင်ဘာ ၄ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာ ၁၈ လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၅၀၈၉၂၂၇၀) ကိုလည်းကောင်း၊ မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာသုံးလုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း သုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၁၈၁၀၉၆၀) ကိုလည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် လေဆိပ်(သွင်းကုန်)၌ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၁၅ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၇၈၄၈၉၈၉)ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၈၅၀၁၅၂၂၁၉ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ကချင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မိုးကောင်းမြို့နယ်နှင့် မိုးညှင်းမြို့နယ်တို့၌ တရားမဝင်စက်သုံးဆီ ဓာတ်ဆီ ၄၈၄ ဂါလန်၊ ဒီဇယ်ဆီ ၇၇၃ ဂါလန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၈၂၈၀၀၀) နှင့် အဆိုပါစက်သုံးဆီများ တင်ဆောင်လာသည့်ယာဉ်နှစ်စီးနှင့် ဆိုင်ကယ်အစီး ၂၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၆၁၂၈၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ရှမ်းပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မူဆယ်မြို့ ဆင်ဖြူဈေးအတွင်းတစ်နေရာ၌ စုပုံထားသော အကောက်ခွန်မဲ့စားသောက်ကုန်ပစ္စည်း ၁၆ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၁၃၀၀၀၀) ကိုလည်းကောင်း၊ နမ့်ခမ်း-မူဆယ်လမ်းမဘေးတစ်နေရာ၌ စုပုံထားသော အကောက်ခွန်မဲ့ ကျောက်စိမ်းဟုယူဆရသော လက်ကောက်ကွင်းအကြမ်းထည်မျိုးစုံ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၇၀၆၅၀၀၀)ကို လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၅၁၉၅၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရန်ကုန်-မန္တလေးအမြန်လမ်း မိုင်တိုင်အမှတ် (၃၆၄/၁)၌ ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းလေးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၇၆၃၅၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Higer Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၇၅၇၆၃၅၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



မြန်မာ့စက်မှုဆိပ်ကမ်း၌ သိမ်းဆည်းရမိမှု။

ဒီဇင်ဘာ ၃ ရက်နှင့် ၄ ရက်တို့တွင် သိမ်းဆည်းရမိမှုစုစုပေါင်းမှာ အမှုတွဲ ၅၂ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၄၃၄၆၂၃၁၃)ကို သိမ်းဆည်းရမိသည်။ တရားမဝင်ကုန်သွယ်မှုများကြောင့် အသေးစား၊ အငယ်စားနှင့်အလတ်စား ပြည်တွင်းစီးပွားရေးလုပ်ငန်းများမှ ထုတ်လုပ်သည့်ကုန်ပစ္စည်းများ ဈေးကွက်အတွင်း မျှတစွာယှဉ်ပြိုင်နိုင်မှုမရှိခြင်းနှင့် ဈေးကွက်ပျောက်ဆုံးခြင်းတို့ ဖြစ်ပေါ်စေပြီး ပြည်တွင်းကုန်ထုတ်လုပ်ငန်းများ ရေရှည်ရပ်တည်နိုင်ရေးအတွက် ကြီးမားသည့်ခြိမ်းခြောက်မှုများကို ဖြစ်ပေါ်စေသည်။ သို့ဖြစ်၍ သက်ဆိုင်ရာ တာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေး ကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

# နွားထိုးကြီးမြို့တွင် လေကြောင်းမှတိုက်ခိုက်မှုကြောင့် ဒေသခံပြည်သူလေးဦး သေဆုံးပြီး ၁၁ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်ဟု သတင်းမှားများ မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိ

နေပြည်တော် ဒီဇင်ဘာ ၅

မန္တလေးတိုင်းဒေသကြီး နွားထိုးကြီးမြို့တွင် လေကြောင်းမှ တိုက်ခိုက်မှုကြောင့် ဒေသခံပြည်သူလေးဦး သေဆုံးပြီး ၁၁ ဦး ဒဏ်ရာရရှိခဲ့သည်ဟု တရားမဝင်ပြည်ဖျက်မီဒီယာများက သတင်းမှားများကို လုပ်ကြံရေးသားဖြန့်ဝေလျက်ရှိသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ နယ်မြေခံလုံခြုံရေးတာဝန်ရှိသူတစ်ဦးအား ဆက်သွယ်မေးမြန်းခဲ့ရာ အကြမ်းဖက်သမားများသည် ဒေသကောင်းစားရေးဟုသုံးနှုန်း၍ အမှန်တကယ်တွင် လက်နက်အားကိုးဖြင့် ၎င်းတို့အပေါ် အားပေးထောက်ခံမှုမရှိသူများအား ရက်ရက်စက်စက်သတ်ဖြတ်၊ နှိပ်စက်ခြင်းများနှင့် ကျေးရွာများအား မီးရှို့ဖျက်ဆီးခြင်းများ လုပ်ဆောင်လျက်ရှိသည်ကို ပြည်သူများက သိရှိလာပြီဖြစ်သဖြင့် တရားမဝင်ပြည်ဖျက်မီဒီယာများအနေဖြင့် အကြမ်းဖက်သမားများ၏ အစွန်းရောက်လုပ်ရပ်များကို ဖုံးကွယ်ပေးရန်၊ ပြည်သူများစိုးရိမ်ထိတ်လန့်ပြီး နယ်မြေတည်ငြိမ်အေးချမ်းမှု ပျက်ပြားစေရန်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ပြည်သူလူထုအကြား သွေးကွဲစေရန် ရည်ရွယ်၍ ယခုကဲ့သို့ အခြေအမြစ်မရှိသည့်သတင်းများဖြင့် လှုံ့ဆော်ဝါဒဖြန့်နေခြင်းသာဖြစ်ကြောင်း သိရသည်။

သတင်းစဉ်




# မိုးညှင်းမြို့နယ်နှင့် တာချီလိတ်မြို့တို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ



စိုင်းရှန်ဝမ်းအား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

နေပြည်တော် ဒီဇင်ဘာ ၅

မိုးညှင်းမြို့နယ်နှင့် တာချီလိတ်မြို့တို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၂ ရက် ညနေ ၅ နာရီတွင် မိုးညှင်းမြို့နယ် ပင်လုံကျေးရွာအုပ်စု နန့်စီးအောင်ကျေးရွာအနီးတွင် ထက်နိုင်မောင်းနှင်လာသည့် HARRIER အမျိုးအစားယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ဘိန်းဖြူ သုည ဒသမ ၈၈ ကီလိုကိုလည်းကောင်း၊ အလားတူ ဒီဇင်ဘာ ၃ ရက် ညနေ ၅ နာရီတွင် ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့ ပါဆတ်ရပ်ကွက်ရှိ စိုင်းရှန်ဝမ်း၏နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၈၈၀၀၀၊ အိုက်စ် (မက်သ်အဖက်တမင်း) ၁၆ ကီလိုကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

သတင်းစဉ်

# ကြံခင်းမြို့နယ်၌ ဆောင်းသီးနှံ(ဆီထွက်)သွင်းအားစုနှင့် မျိုးစေ့များပေးအပ်

ကြံခင်း ဒီဇင်ဘာ ၅

ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ်၌ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်းသီးနှံ(ဆီထွက်) သွင်းအားစုနှင့် မျိုးစေ့များ ပေးအပ်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဧရာဦးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်အောင်ခရိုင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးမျိုးလှိုင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးစတိုင်းသာယာက နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်သည့် ဆောင်းဆီထွက်သီးနှံနေကြာ ဧက၂၀၀၀၊ မြေပဲ ဧက ၂၀၀၀ အတွက် သွင်းအားစုနှင့် မျိုးစေ့များ ထောက်ပံ့ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဆောင်းသီးနှံ(ဆီထွက်) သွင်းအားစုနှင့် မျိုးစေ့များကို ခရိုင်စိုက်ပျိုးမွေးမြူရေးလုပ်ငန်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ၊ မြို့နယ်စိုက်ပျိုးမွေးမြူရေးလုပ်ငန်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ပေးအပ်ရာ တောင်သူများက လက်ခံရယူကြသည်။

ကြံခင်းမြို့နယ်အတွင်း ဆောင်းသီးနှံ နေကြာ ၆၈၄၁ ဧကနှင့် မြေပဲ ၁၄၈၈၇ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

ဖြိုးဝေလင်း(ပြန်/ဆက်)



❖ အိမ်ကွင်းမှ

အိမ်ကွင်းအမ်းမရိတ်၌ ပွဲစဉ် ၅၀၀ ပြည့် မြောက်တဲ့ပွဲစဉ်မှာ အာဆင်နယ်အသင်းအနေနဲ့ အခုလိုနိုင်ပွဲရရှိခဲ့တာဟာ ယခုဘောလုံးရာသီ ပထမဆုံးအကြိမ် ပရီမီယာလိဂ်သုံးပွဲဆက်နိုင်ပွဲရရှိခဲ့တာဖြစ်ပါတယ်။

နည်းပြ ရူဘင်အမော်ရင်အတွက်တော့ မန်ယူအသင်းနည်းပြဘဝမှာ ပထမဆုံးအကြိမ် ရှုံးပွဲကြုံတွေ့ခဲ့ရတာဖြစ်ပြီး အဲဒီရှုံးပွဲကြောင့် မန်ယူအသင်းဟာ ပရီမီယာလိဂ် ၁၄ ပွဲကစားပြီးချိန်မှာ ငါးပွဲနိုင်၊ လေးပွဲသရေ၊ ငါးပွဲရှုံး ရမှတ် ၁၉ မှတ်ဖြင့် အမှတ်ပေးဇယားအဆင့် (၁၁) နေရာမှာ ရပ်တည်နေတာဖြစ်ပါတယ်။

ငွေကြယ်

# ရုရှားနှင့် မြောက်ကိုရီးယား နှစ်နိုင်ငံအကြား မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်ရေးစာချုပ် စတင်အသက်ဝင်



ပြုံယမ်း ဒီဇင်ဘာ ၅

ရုရှားနိုင်ငံနှင့် မြောက်ကိုရီးယား နှစ်နိုင်ငံအကြား မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်ရေး စာချုပ်သည် ဒီဇင်ဘာ ၄ ရက်တွင် စတင်အသက်ဝင်လာခဲ့ကြောင်း မြောက်ကိုရီးယား အာဏာရ ပါတီ ရိုဒုန်ဆင်မန်သတင်းစာက ဖော်ပြခဲ့ကြောင်း ယနေ့ အင်န်အိတ်ချ်ကေ သတင်းအရ သိရသည်။

နှစ်ဖက်အကြား စာချုပ်ပါသဘောတူညီချက်များအတိုင်း လိုက်နာဆောင်ရွက်ရေးအတွက် သဘောတူညီခဲ့သည်။

ရုရှားနှင့် မြောက်ကိုရီးယားနှစ်နိုင်ငံအကြား ယခုချုပ်ဆိုခဲ့သည့် စာချုပ်သည် ကမ္ဘာလုံးဆိုင်ရာ တည်ငြိမ်အေးချမ်းရေးအတွက် အာမခံချက်ပေးနိုင်သည့် လုံခြုံရေးဆိုင်ရာ ယန္တရားဖြစ်ကြောင်း ၎င်းသတင်းစာ၏ ဖော်ပြချက်အရ သိရသည်။

**လက်မှတ်ရေးထိုး**

ရုရှားသမ္မတ ဗလာဒီမာပူတင် ဖွန်လအတွင်း ပြုံယမ်းသို့ အလည်အပတ်ရောက်ရှိစဉ် ရုရှားသမ္မတ ဗလာဒီမာပူတင်နှင့် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်တို့အကြား ယင်းစာချုပ်ကို သဘောတူ လက်မှတ်ရေးထိုးခဲ့ကြသည်။ စာချုပ်ပါပြဋ္ဌာန်းချက်အရ ရုရှားနိုင်ငံနှင့် မြောက်ကိုရီးယား နှစ်နိုင်ငံအကြား မည်သည့်နိုင်ငံတွင်မဆို ကျူးကျော်တိုက်ခိုက်ခံရ၍ စစ်မက်ဖြစ်ပွားပါက စစ်မက်ဖြစ်ပွားသည့်နိုင်ငံကို ကျန်နိုင်ငံက ချက်ချင်း စစ်ရေးအကူအညီပေးရန် သတ်မှတ်ထားသည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**

**ဘာသာပြန် - စိုးသူရ**

# ထိုင်းနိုင်ငံ၌ အမျိုးသားအဆင့် သဘာဝဘေးစီမံခန့်ခွဲရေးစင်တာ တည်ထောင်မည်

ဗန်ကောက် ဒီဇင်ဘာ ၅

ထိုင်းအစိုးရသည် နိုင်ငံအတွင်း သဘာဝဘေးအန္တရာယ်ဆိုင်ရာ အရေးပေါ်အခြေအနေများကို စီမံခန့်ခွဲဆောင်ရွက်နိုင်ရန်အတွက် အမျိုးသားအဆင့် သဘာဝဘေးစီမံခန့်ခွဲရေးစင်တာကို တည်ထောင်မည်ဟု ယနေ့ ဗီယက်နမ်နယူးစ် သတင်းဌာနမှ သိရသည်။

ရေကြီးရေလျှံခြင်း၊ မိုးခေါင်ခြင်းအပါအဝင် သဘာဝဘေးများအတွက် အစိုးရ၏စီမံခန့်ခွဲမှုဆိုင်ရာ လုပ်ငန်းများကို အရှိန်မြှင့် ဆောင်ရွက်နိုင်ရန်အတွက် အမျိုးသားအဆင့် သဘာဝဘေးစီမံခန့်ခွဲရေး စင်တာကို တည်ထောင်ခြင်းဖြစ်ကြောင်း ထိုင်းအစိုးရပြောရေးဆိုခွင့်ရှိသူ ဂျေရာယုဟောင်စတ်ဒ်က ပြောကြားသည်။ နိုင်ငံအတွင်း မုန်တိုင်းတိုက်ခတ်ခြင်း၊ တောမီးလောင်ခြင်း၊ မြေပြိုခြင်း၊ ရေကြီးရေလျှံခြင်းစသည့် သဘာဝဘေးများဖြစ်ပွားပါက ယင်းစင်တာက ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ချက်ချင်းဆောင်ရွက်မည်ဖြစ်ကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

လက်ရှိအချိန်တွင် နိုင်ငံမြောက်ပိုင်းရှိ ရေကြီးရေလျှံမှုများဖြစ်ပွားခဲ့သည့် ချင်းရိုင်နှင့် ချင်းမိုင်ပြည်နယ်တို့တွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် ထိုင်းအစိုးရက ဘတ်ငွေကျပ်ခွင့်ပြုငွေ ဘတ် ၂၀ ဘီလီယံကို ခွင့်ပြုပေးခဲ့သည်။ ရေကြီးရေလျှံမှုဖြစ်ပွားသည့် မြောက်ပိုင်းပြည်နယ်များတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် နိုင်ငံတောင်ပိုင်းရှိပြည်နယ်များ ပြုလုပ်သည့်ပုံစံအတိုင်း ဆောင်ရွက်ရန် ဝန်ကြီးချုပ် ပေတုန်တန်က ညွှန်ကြားခဲ့သည်။

လတ်တလောတွင် နိုင်ငံအတွင်း ရေကြီးရေလျှံမှု အခြေအနေနှင့် မိုးလေဝသနှင့်ဆိုင်ရာ အခြေအနေများကို စောင့်ကြည့်ရန် သဘာဝဘေးကာကွယ်ရေးဌာနမှ တာဝန်ရှိသူများအား ညွှန်ကြားခဲ့သည်။

ထိုင်းနိုင်ငံ တောင်ပိုင်းဒေသတွင်လည်း ရေကြီးရေလျှံမှုများဖြစ်ပွားခဲ့ရာ လက်ရှိအချိန်အထိ သေဆုံးသူ ၂၅ ဦးရှိခဲ့သည်။

**ကိုးကား - ဗီယက်နမ်နယူးစ်၊ ဘာသာပြန် - စိုးသူရ**



# ဖေ့စ်ဘွတ်၏ မိခင်ကုမ္ပဏီ မီတာက အကြီးဆုံးဉာဏ်ရည်တု (AI) ဒေတာစင်တာတစ်ခု တည်ဆောက်ရန် အမေရိကန် ဒေါ်လာ ၁၀ ဘီလီယံ သုံးစွဲမည်

ဝါရှင်တန် ဒီဇင်ဘာ ၅

ဖေ့စ်ဘွတ်၏ မိခင်ကုမ္ပဏီ မီတာ (Meta)သည် ၎င်း၏ အကြီးဆုံး ဉာဏ်ရည်တု (AI) ဒေတာစင်တာတစ်ခုတည်ဆောက်ရန်အတွက် အမေရိကန်ဒေါ်လာ ၁၀ ဘီလီယံသုံးစွဲရန် စီစဉ်လျက်ရှိကြောင်း ယင်းကုမ္ပဏီက ယမန်နေ့တွင် ပြောကြားသည်။

အမေရိကန်ပြည်ထောင်စု လူဝီစီယားနားပြည်နယ် အရှေ့မြောက်ဘက်ရှိ ရစ်ချ်လန်စီရင်စုတွင် ၉၁ ဧက (စတုရန်းပေ ၃၇၀၀၀၀၀) ကျယ်ဝန်းသည့် လူဝီစီယားနားဒေတာစင်တာကို မီတာကုမ္ပဏီက တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

လုပ်ငန်းလည်ပတ်မှုအတွက် အလုပ်အကိုင်ပေါင်း ၅၀၀ နှင့် ယာယီဆောက်လုပ်ရေး အလုပ်အကိုင်ပေါင်း ၅၀၀၀ ကို ဖန်တီးပေးမည်ဟု ကုမ္ပဏီဒေတာစင်တာမှ ဒါရိုက်တာ ကီဗင်ဂျန်ဒါက ပြောကြားသည်။

အဆိုပါ ဒေတာစင်တာကို ၂၀၃၀ ပြည့်နှစ်တွင် ပြီးစီးမည်ဟု ခန့်မှန်းထားကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ကမ္ဘာတစ်ဝန်း၌ ဉာဏ်ရည်တုနည်းပညာဖွံ့ဖြိုးတိုးတက်လာမှုနှင့်အတူ နိုင်ငံတစ်ဝန်း၌ ဒေတာစင်တာများကိုလည်း ထပ်မံတည်ဆောက်ရန်လိုအပ်ကြောင်း မီတာကုမ္ပဏီက ပြောသည်။

၂၀၃၀ ပြည့်နှစ်အထိ တစ်နှစ်လျှင် ဉာဏ်ရည်တုနည်းပညာအသုံးပြုသည့် ဒေတာပမာဏ ကိုးရာခိုင်နှုန်းအထိ တိုးမြင့်လာနိုင်ဖွယ်ရှိကြောင်း အမေရိကန်ကုန်သွယ်ရေးဌာနက ခန့်မှန်းပြောကြားသည်။

**ကိုးကား - ဆင်ဟွာ**

**ဘာသာပြန် - အောင်ကျော်ကျော်**

# အစ္စရေးတပ်ဖွဲ့ဝင်များက ဒုက္ခသည်စခန်းတစ်ခုကို ပစ်မှတ်ထားတိုက်ခိုက်

ဂါဇာစီးတီး ဒီဇင်ဘာ ၅

ဂါဇာကမ်းမြောင်တောင်ပိုင်း ခန်ယူနစ်မြို့အနောက်ဘက်ရှိ ဒုက္ခသည်စခန်းတစ်ခုကို အစ္စရေးတပ်ဖွဲ့ဝင်များက ယမန်နေ့တွင် ပစ်မှတ်ထားတိုက်ခိုက်ခဲ့ရာ အနည်းဆုံး ပါလက်စတိုင်း ၂၀ သေဆုံးကြောင်း ပါလက်စတိုင်းသတင်းရင်းမြစ်များအရ သိရသည်။

အဆိုပါ လေကြောင်းတိုက်ခိုက်မှုပြီးနောက် ဂါဇာရှိ ပါလက်စတိုင်း အရပ်ဘက်ကာကွယ်ရေးတပ်ဖွဲ့က ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။ ကယ်ဆယ်ရေးအဖွဲ့များသည် ကလေးငါးဦး အပါအဝင် အနည်းဆုံး သေဆုံးသူ ၂၀ ၏ ရုပ်အလောင်းများကို ပြန်လည်တွေ့ရှိခဲ့ပြီး ဒဏ်ရာရရှိသူ ဒါဇင်များစွာကို ဆေးရုံသို့ ပို့ဆောင်ခဲ့ကြောင်း ကျန်းမာရေးဝန်ထမ်းများက ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

အဆိုပါတိုက်ခိုက်မှုနှင့်ပတ်သက်ပြီး အစ္စရေးတပ်ဖွဲ့က မည်သည့်မှတ်ချက်မျှ ပြောကြားခြင်း မရှိသေးပေ။ အစ္စရေးသည် ဂါဇာကမ်းမြောင်ဒေသ၌ ဟားမတ်စ်အဖွဲ့ကို ထိုးစစ်ဆင်တိုက်ခိုက်လျက်ရှိပြီး အစ္စရေးတို့၏ တိုက်ခိုက်မှုများကြောင့် ပါလက်စတိုင်း သေဆုံးသူဦးရေမှာ ၄၄၅၃၂ ဦးရှိကြောင်း ဂါဇာအခြေစိုက် ကျန်းမာရေးအာဏာပိုင်များက ပြောကြားသည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - အောင်ကျော်ကျော်**

# ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံ၌ အမည်မသိရောဂါတစ်မျိုး ကူးစက်မှုကြောင့် လူပေါင်း ၈၀ နီးပါး သေဆုံး

ကင်ရှာဆာ ဒီဇင်ဘာ ၅

ကွန်ဂိုဒီမိုကရက်တစ် သမ္မတနိုင်ငံ၌ မကြာသေးမီရက်သတ္တပတ်များအတွင်း အမည်မသိရောဂါတစ်မျိုး ကူးစက်မှုကြောင့် လူပေါင်း ၈၀ နီးပါး သေဆုံးခဲ့ကြောင်း ကျန်းမာရေးအာဏာပိုင်များက ပြောကြားသည်။

**ပျံ့နှံ့လျက်ရှိ**

တုပ်ကွေးကဲ့သို့သော ရောဂါလက္ခဏာများ ဖြစ်ပွားစေသည့် အဆိုပါရောဂါသည် အောက်တိုဘာ ၂၄ ရက်မှစပြီး အနောက်တောင်ပိုင်း ကွန်ဂိုပြည်နယ်၌ ပျံ့နှံ့လျက်ရှိကြောင်း သိရသည်။

လက်ရှိအချိန်အထိ အတည်ပြုလူနာ ၃၇၆ ဦးရှိပြီး ၇၉ ဦး သေဆုံးခဲ့ကြောင်း ကျန်းမာရေးအာဏာပိုင်များက ပြောသည်။ သေဆုံးသူအများစုမှာ ဆယ်ကျော်သက်အရွယ်များဖြစ်ကြောင်း သိရသည်။

ရောဂါလက္ခဏာများမှာ အဖျားတက်ခြင်း၊ ခေါင်းကိုက်ခြင်း၊ နှာရည်ယိုခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်းနှင့် သွေးအားနည်းခြင်းတို့ ပါဝင်သည်။

ကွန်ဂိုအစိုးရက ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏အကူအညီများရယူကာ ရောဂါဖြစ်ပွားမှု၏ အကြောင်းရင်းနှင့် ပတ်သက်သည့်အချက်အလက်များကို ရှာဖွေစုဆောင်းရန် ကျွမ်းကျင်ပညာရှင်အဖွဲ့တစ်ဖွဲ့ကို ညွှန်ကြားထားကြောင်း သိရသည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**

**ဘာသာပြန် - အောင်ကျော်ကျော်**

# အိန္ဒိယအာကာသသုတေသနအဖွဲ့ (ISRO) ဥရောပအာကာသအေဂျင်စီ၏ Proba-3 ဂြိုဟ်တုများ တင်ဆောင်ထားသည့် PSLV-C59 ဒုံးပျံယာဉ်ကို အောင်မြင်စွာ လွှတ်တင်

နယူးဒေလီ ဒီဇင်ဘာ ၅

အိန္ဒိယနိုင်ငံ၏ အာကာသအေဂျင်စီဖြစ်သည့် အိန္ဒိယအာကာသသုတေသနအဖွဲ့ (ISRO) သည် ဥရောပအာကာသအေဂျင်စီ၏ Proba-3 ဂြိုဟ်တုများ တင်ဆောင်ထားသည့် PSLV-C59 ဒုံးပျံယာဉ်ကို ယနေ့ အောင်မြင်စွာ လွှတ်တင်ခဲ့ကြောင်း အိန္ဒိယအာကာသ သုတေသနအဖွဲ့က အတည်ပြုပြောကြားသည်။

လွှတ်တင်မှုကို တောင်ပိုင်း အန်ဒရာပရာဒေ့ရှ်ပြည်နယ် ဆီရီဟာရီကိုတာဒေသ ဆာတစ်ဒါဝမ် ဒုံးကျည်ပစ်လွှတ်ရေးစင်တာမှ လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

PSLV-C59 ဒုံးပျံပေါ်တွင် တင်ဆောင်ထားသည့် Proba-3 မစ်ရှင်၏ ဂြိုဟ်တုနှစ်စင်းသည် လွှတ်တင်ပြီး မိနစ်အနည်းငယ်အကြာတွင် ၎င်းတို့၏ သက်ဆိုင်ရာ ဂြိုဟ်ပတ်လမ်းကြောင်းများ အတွင်းသို့ အောင်မြင်စွာ ရောက်ရှိခဲ့ကြောင်း အိန္ဒိယအာကာသသုတေသနအဖွဲ့က လူမှုကွန်ရက်ပလက်ဖောင်း အိတ်စ်တွင် ရေးသားထားကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ**

**ဘာသာပြန် - အောင်ကျော်ကျော်**



# မြန်မာ့ရိုးရာနှစ်သစ်ကူးအတာသင်္ကြန်ပွဲတော်အား မြန်မာနိုင်ငံ၏ ပထမဦးဆုံး ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းဝင်အဖြစ် ဝင်ရောက်ခဲ့သည့်အတွက် အသက်ဘက်မှ ကူညီပံ့ပိုးပေးသူများအား ကျေးဇူးတင်လွှာ

၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၂ ရက်နေ့မှ ၇ ရက်နေ့အထိ ပါရာဂွေးသမ္မတနိုင်ငံ အာဆွန်စီယွန်မြို့တွင် ကျင်းပပြုလုပ်သည့် (၁၉)ကြိမ်မြောက် “Intergovernmental Committee for the Safeguarding of the Intangible Cultural Heritage” အစည်းအဝေးတွင် မြန်မာ့ရိုးရာနှစ်သစ်ကူးအတာသင်္ကြန်ပွဲတော်ကို ယူနက်စကို၏ ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းဝင်အဖြစ် ဆုံးဖြတ်ခဲ့ပါသည်။ မြန်မာနိုင်ငံ၏ ပထမဦးဆုံး ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းဝင်ရောက်နိုင်ရေးအတွက် ဝိုင်းဝန်းဆောင်ရွက်ခဲ့ကြသော မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့အား လည်းကောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များ၊ ပုဂံအမွေအနှစ်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့၊ ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့၊ ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်ဂေါပကအဖွဲ့၊ ပုဂံမြို့အာနန္ဒာမြတ်စွာဘုရားကြီး၏ ဘဏ္ဍာထိန်းဂေါပကအဖွဲ့၊ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)၊ ဗိုလ်တထောင်မြို့နယ်၊ မြန်မာနိုင်ငံဂီတအစည်းအရုံး၊ မြန်မာနိုင်ငံသဘင်အစည်းအရုံး၊ မြန်မာနိုင်ငံပန်းချီအစည်းအရုံး၊ မြန်မာနိုင်ငံပန်းပုအစည်းအရုံး၊ ဝိသာခါဖောင်ဒေးရှင်း၊ TMW Enterprise Limited၊ မြန်မာစီးပွားရေးလုပ်ငန်းရှင် အမျိုးသမီးများကွန်ရက် (ရန်ကုန်)၊ မြန်မာနိုင်ငံဝေဒသုတေသနအဖွဲ့၊ နှင်းဆီကုန်းဘိုးဘွားရိပ်သာကြီး စောင့်ရှောက်ရေးအဖွဲ့(ဗဟန်းမြို့နယ်)၊ မြန်မာနိုင်ငံစားသောက်ဆိုင်လုပ်ငန်းရှင်များအသင်း၊ မြင့်မြတ်သူစေတနာသွေးလှူရှင်အသင်း၊ ဗြဟ္မစိုရ်လူမှုကူညီရေးအသင်းနှင့် အသင်းအဖွဲ့များ၊ ကူညီပံ့ပိုးသူများအားလုံးတို့အား လည်းကောင်း၊ မြန်မာ့ရိုးရာနှစ်သစ်ကူးအတာသင်္ကြန်ပွဲတော်အတွက် လိုအပ်သည့် သင်္ကြန်မှတ်တမ်းများနှင့် နောက်ခံစကားပြော ပံ့ပိုးကူညီဆောင်ရွက်ပေးသော ပြန်ကြားရေးဝန်ကြီးဌာနနှင့် Living Myanmar Media Group အား လည်းကောင်း၊ အဆိုပြုစာတွဲများတင်သွင်းရာတွင် လိုအပ်သည့် ဘာသာပြန်ဆိုဆောင်ရွက်ပေးခဲ့သော ပညာရေးဝန်ကြီးဌာန ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ် ပြင်သစ်ဘာသာဌာနအား လည်းကောင်း၊ အဆိုပြုစာတွဲတင်သွင်းရေးအတွက် သတင်းနှင့်နည်းပညာအချက်အလက်များ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြသည့် ပြင်သစ်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီးနှင့် သံရုံးဝန်ထမ်းများ၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများအား လည်းကောင်း၊ မြန်မာ့ရိုးရာအတာသင်္ကြန်ပွဲတော်ကို စတင်ခဲ့ကြသည့် ပုဂံခေတ်ကာလမှ ယနေ့အထိ လက်ဆင့်ကမ်း ထိန်းသိမ်းခဲ့ကြသည့် မြန်မာပြည်သူ၊ ပြည်သားအပေါင်းတို့အား လည်းကောင်း ဤစာဖြင့် ဖော်ပြရာတွင် မပါဝင်ခဲ့သော အဖွဲ့အစည်းများ၊ ပုဂ္ဂိုလ်များ၊ ကူညီဆောင်ရွက်ပေးသူများအားလုံးတို့ကို လည်းကောင်း သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနအနေဖြင့် အထူးပင် ကျေးဇူးဥပကာရတင်ရှိပါကြောင်း မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါသည်။

**သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊ ဘုန်းကြီးလမ်း၊ အမှတ် (၁၁၉)၊ (၇-လွှာ/ဘီ)၊ အကျယ်အဝန်း (၁၂ပေခွဲx ၅၀ပေ)ရှိ တိုက်ခန်းသည် ယူနိုက်တက် ဆောက်လုပ်ရေးကုမ္ပဏီမှ ဆောက်လုပ်ထားသော တိုက်ခန်းဖြစ်ပြီး တိုက်ခန်း၏ ရေ၊ မီး အပါအဝင် နေထိုင်ခွင့်၊ သုံးစွဲခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့ကို အပိုင်ရောင်းချသူက အရပ်ကတိစာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူ၍ လက်ဝယ်ထားရှိ ပိုင်ဆိုင်လာခဲ့သည်မှာ မှန်ကန်ကြောင်း၊ ရောင်းချပိုင်ခွင့်ရှိသူ ဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဒေါ်အေးအေးမြင့် (ဘ) ဦးကြည်ရွှေ [၆/ထဝန (နိုင်)၀၆၃၆၆၅]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီး အပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်အဖြစ် ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက အကျိုးခံစားခွင့်ရှိသူ မည်သူမဆို ပိုင်ဆိုင်မှုအထောက်အထား (မူရင်း)များဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ် အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါ ကြောင်း ကန့်ကွက်နိုင်ရန် အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်လေးမြိုင် (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ် – ၁၀၃၀၁)**
**အမှတ် (၆၂)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း– ၀၉-၄၂၀၁၇၆၁၃၄၊ ၀၉-၇၉၁၂၃၃၀၁၆၊ ၀၉-၇၈၁၁၂၂၄၃၃**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်-ည၊မြေကွက်အမှတ်-၁၀၃၃၊(၂၄၀၀စ/ပေ)၊မြေကွက်တည်နေရာအမှတ်(၁၀၃၃)၊ခေမာကျောင်းလမ်း၊(ည)ရပ်ကွက်၊ဒေါ်လှလှဌေး(၁၂/ဥကမ(နိုင်)၀၈၁၁၉၂)အမည်ပေါက်နှစ်(၆၀)ဂရန်မြေအားမြေအမည်ပေါက်-ဒေါ်လှလှဌေးကိုယ်တိုင်မှ(၂၀၀၄)ခုနှစ်တွင်လျှောက်ထားထုတ်ယူခဲ့သောဘဏ်ချေးမြေပုံအား Microfinance Delta International Co.,Ltd.တွင်ချေးငွေလျှောက်ထားခဲ့ပြီးချေးငွေအတိုးအရင်းအားလုံးပေးဆပ်ခဲ့ပြီးနောက်မြေပုံမူရင်းပြန်လည်ရရှိပြီးမိမိလက်ဝယ်တွင်အထားအသိုမှားယွင်းကာပျောက်ဆုံးသွားခဲ့သည်မှာမှန်ကန်ပါကြောင်း၊အခြားမည်သူတစ်ဦးတစ်ယောက်ကိုမျှလွှဲပြောင်း၊ရောင်းချ၊ပေါင်နှံ၊ပေးကမ်း၊စွန့်လွှတ်၊လှူဒါန်းထားခြင်း၊အာမခံအဖြစ်တင်သွင်းထားခြင်းတို့လုံးဝမရှိပါကြောင်း၊အရှုပ်အရှင်းပြဿနာပေါ်ပေါက်ပါကမိမိမှတာဝန်ယူဖြေရှင်းပေးမည်ဖြစ်ကြောင်းဝန်ခံကတိပြုကျမ်းကျိန်အမှတ်-၃၃၁၄/၂၀၂၄/၁-၁၀-၂၀၂၄တင်ပြ၍မြေတိုင်းလျှောက်ထားလာခြင်းအားတရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါသည်

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃၈)၊ မြေကွက် အမှတ် (၁၀၀၆)၊ ဗိုလ်ကြီး တင်မောင်သိန်း(TGKN-၀၂၄၈၆၁)၏ အမည်ပေါက်သည့် ပါမစ်မူရင်းပါ မြေအကျယ် ပေ(၄၀x၆၀)ရှိ မြေကွက်အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့ကို ဦးစိုးနိုင် [၁၂/ပဇတ(နိုင်) ၀၂၀၂၆၆]မှ အရောင်းအဝယ်စာချုပ် အဆင့်ဆင့်တို့ဖြင့် ဝယ်ယူပိုင်ဆိုင်ပါကြောင်း၊ ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ် အရှင်းတစ်စုံတစ်ရာမရှိ ကင်းရှင်းပါကြောင်း ဝန်ခံပါသဖြင့် ဒေါ်လှလှရီ [၁၂/ဒဂရ (နိုင်) ၀၁၉၅၃၁]မှ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ရာ ဤကြော်ငြာစာပါသည့်နေ့မှ (၇)ရက်အတွင်း စာချုပ်စာတမ်းမူရင်း၊ စာရွက် စာတမ်းမူရင်းများနှင့်တကွ ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက် ပြည့်သည့်တိုင် ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်အား ပြီးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်လှလှရီ၏ ညွှန်ကြားချက်အရ–**
**ဒေါ်ဝေဝေခိုင် (ခ) ဒေါ်မြမြဌေး (H.G.P,LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၆၆၀၅)၊ (၂၀–၇–၉၈)**
**ရုံး–(ဃ/၃၀၄)၊ ပထမထပ်၊ ခေမာသီလမ်း၊ မြောက်ဥက္ကလာပမြို့နယ်။**
**ဖုန်း– ၀၉–၅၄၀၇၂၂၉**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

အလုံမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၂၃M)၊မြေကွက်အမှတ်(တတိယတန်းစား ၁၄၁)၊မြေကွက်တည်နေရာအမှတ်(၂၈)၊စံပယ်လမ်း၊စောရန်ပိုင်အနောက်ရပ်ကွက်၊အလုံမြို့နယ်၊အမည်ပေါက်-ဒေါ်သင်၊နှစ်(၉၀)မြေငှားဂရန်(သက်ကုန်)မြေကွက်အားအလုံမြို့နယ်တရားရုံး၏၂၀၁၆ခုနှစ်၊တရားမကြီးမှုအမှတ်၂၈၊(၂၈-၆-၂၀၁၆)ရက်စွဲပါစီရင်ချက်နှင့်ဒီဂရီ၊ပိုင်ဆိုင်စာချုပ်အမှတ်-၅၁၆၇/၂၄(၂၀-၆-၂၀၂၄)တို့ကိုတင်ပြပြီး(၁)ဒေါ်ခင်အုံးမြင့်(၁၂/ဥကတ(နိုင်)၀၃၆၈၃၃)၊(၂)ဦးကျော်မြင့်(၁၂/ဥကတ(နိုင်)၀၃၆၈၇၄)၊(၃)ဦးမျိုးမြင့်(၁၂/ဥကတ(နိုင်)၀၃၆၈၇၉)၊(၄)ဦးအောင်ဌေး(၁၂/အလန(နိုင်)၀၁၂၄၇၀)(၅)ဒေါ်ခင်ခင်အုန်း(၁၂/ပဘတ(နိုင်)၀၁၇၇၇၉)၊(၆)ဒေါ်နှင်းရည်ဌေး(၁၂/အလန(နိုင်)၀၁၂၆၂၁)၊(၇)ဦးကျော်နိုင်ဌေး(၁၂/အလန(နိုင်)၀၁၂၆၂၂)၊(၈)ဒေါ်ခင်မိုးသူ(၁၂/အလန(နိုင်)၀၀၂၃၀၆)၊(၉)ဒေါ်လှလှအုံး(၁၂/မဂဒ(နိုင်)၀၀၃၈၀၇)၊(၁၀)ဦးထွန်းလှအုံး(၁၂/အလန(နိုင်)၀၁၂၂၅၇)၊(၁၁)ဦးကျော်မောင်အုံး(၁၂/အလန(နိုင်)၀၁၂၂၆၀)၊(၁၂)ဦးဇော်နိုင်အုန်း(၁၂/အလန(နိုင်)၀၁၂၂၅၆)၊(၁၃)ဒေါ်ခင်မမ(၁၂/စခန(နိုင်)၀၁၄၀၀၁)၊(၁၄)ဒေါ်အေးအေး(၁၂/အလန(နိုင်)၀၁၇၇၈၂)၊(၁၅)ဒေါ်စန်းစန်း(၁၂/စခန(နိုင်)၀၁၃၂၇၉)၊(၁၆)ဒေါ်ခင်ခင်(၁၂/ကမတ(နိုင်)၀၁၁၈၅၄)၊(၁၇)ဒေါ်ရီရီဝင်း(၁၂/စခန(နိုင်)၀၁၃၂၇၈)၊(၁၈)ဒေါ်ခင်ပြုံးရီ(၁၂/စခန(နိုင်)၀၁၃၂၇၇)၊(၁၉)ဦးတင်မောင်အေး(၁၂/အလန(နိုင်)၀၀၁၉၇၅)၊(၂၀)ဦးခင်မောင်လှ(၁၂/အလန(နိုင်)၀၁၂၄၆၅)၊(၂၁)ဦးတင်မောင်ရီ(၁၂/အလန(နိုင်)၀၁၂၇၉၄)၊(၂၂)ဦးတင်မောင်အေး(၉/မမန(နိုင်)၀၀၈၅၈၃)၊(၂၃)ဦးတင်မောင်စိုး(၁၂/အလန(နိုင်)၀၁၂၇၇၇)(၂၄)ဒေါ်ရင်ရင်မြင့်(၉/မမန(နိုင်)၀၀၈၅၈၂)တို့မှအလုံမြို့နယ်တရားရုံး၏(၂၀၁၆)ခုနှစ်တရားမကြီးမှုအမှတ်-၂၈၊(၂၈-၆-၂၀၁၆)ရက်စွဲပါစီရင်ချက်နှင့်ဒီဂရီ၊ပိုင်ဆိုင်စာချုပ်အမှတ်-၅၁၆၇/၂၀-၆-၂၀၂၄၊ဂရန်ပျောက်ဆုံးသည်မှာမှန်ကန်ကြောင်းရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၏ထောက်ခံစာ၊ရဲစခန်းထောက်ခံစာ၊ကိုယ်တိုင်ဝန်ခံချက်၊ကျမ်းကျိန်လွှာ၊နိုင်ငံသားစိစစ်ရေးကတ်တို့ကိုတင်ပြ၍ဦးထွန်းလှအုံး+၂၃မှဂရန်သက်တမ်းတိုးအမည်ပြောင်းလျှောက်ထားလာခြင်းအားတရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြော်ငြာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**




## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅၃၂/ဘီ)၊ လူနေရပ်ကွက်အမှတ်- ပျဉ်းမပင်မြောက်၊ ခိုင်သဇင်လမ်း၊ မြေကွက်အမှတ် (၅၆) ဟုခေါ်တွင်သော ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြနှင့် မြေစီမံခန့်ခွဲမှုဌာနတွင် ဒေါ်အေးစမ်း အမည်ဖြင့် မှတ်သားတည်ရှိသော အကျယ်အဝန်း (၁၂၀ x ၆၀) ပေရှိ နှစ် (၆၀) ဂရန်မြေကွက်ထဲမှ တရားဝင်ခွဲစိတ်ခြင်းမပြုရသေးသော အကျယ်အဝန်း (၆၀x၆၀)ပေ (လမ်းမှရပ်၍ မြေကွက်ဘက်သို့ မျက်နှာမူလျှင် ဘယ်ဘက်ခြမ်း)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၁)ထပ်အဆောက်အဦနှင့် အဆောင် (၅)ခန်းအပါအဝင် ရေ မီးစုံ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား ဦးဇော်သက်အောင် [၁၂/မဂဒ(နိုင်) ၀၀၀၁၀၃] ကိုင်ဆောင်သူမှ တရားဝင်လက်ရှိထားပိုင်ဆိုင်ကာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု ထုတ်ဖော်ဝန်ခံကတိပြုပြီး ရောင်းချရန်ကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေ ဦးမိုးဇင်ကိုကို [၁၂/ပဘတ(နိုင်) ၀၃၅၄၀၆]မှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ကျွန်ုပ်၏မိတ်ဆွေဘက်မှ အရောင်းအဝယ်ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးမိုးဇင်ကိုကို၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မော်မော်မြင့် (LL.B, D.B.L, D.I.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၃၄၃၃)**
**အမှတ် (၈၄၆)၊ သမာဓိလမ်း၊ (၁၃) ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း– ၀၉–၄၅၀၅၉၈၆၂၄၊ ၀၉–၂၅၃၅၆၀၀၇၀**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ညောင်နှစ်ပင်စိုက်ပျိုးမွေးမြူရေးအထူးဇုန်၊ ကြာအင်းကျေးရွာအုပ်စု၊ ကွင်းအမှတ် (၉၈၇)၊ အထူးဇုန် (၂)၊ C–16 လမ်း၊ မြေကွက်အမှတ် (၂၀၆) ဟုခေါ်တွင်သော အကျယ်အဝန်း (၅)ဧက၊ တစ်ယူနစ်ရှိ ဒေါ်နန်းဝတ်ရည်အေး အမည်ဖြင့် လုပ်ကိုင်ခွင့်ရရှိသော မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် စိုက်ပျိုးထားသော သီးပင်၊ စားပင်များအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဦးရဲမင်းထွန်း [၁၂/အစန (နိုင်) ၁၈၃၁၄၄] ကိုင်ဆောင်သူမှ တရားဝင်လက်ရှိထားပိုင်ဆိုင်ကာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု ထုတ်ဖော်ဝန်ခံကတိပြုပြီး ရောင်းချရန်ကမ်းလှမ်းလာရာ ကျွန်ုပ်၏ မိတ်ဆွေ ဦးအောင်အောင် [၅/ခဥန(နိုင်) ၀၈၀၀၈၅]မှ အပြီးအပိုင်လွှဲပြောင်း ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် အတွင်း ကန့်ကွက်သူမရှိပါက ကျွန်ုပ်၏မိတ်ဆွေဘက်မှ အရောင်းအဝယ်ပြီးဆုံး သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများ သိစေရန် ကြေညာအပ်ပါသည်။

**ဦးအောင်အောင်၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မော်မော်မြင့် (LL.B, D.B.L, D.I.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၃၄၃၃)**
**အမှတ် (၈၄၆)၊ သမာဓိလမ်း၊ (၁၃) ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း– ၀၉–၄၅၀၅၉၈၆၂၄၊ ၀၉–၂၅၃၅၆၀၀၇၀**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်-၁/ထူပါရုံ၊မြေကွက်အမှတ်-၉၄၇/ခ၊ဧရိယာ(၂၀'×၆၀')၊မြေကွက်တည်နေရာအမှတ်(၉၄၇/ခ)၊ထူပါရုံ(၉)လမ်းအနောက်၊(၁)ရပ်ကွက်၊သာကေတမြို့နယ်၊ဦးယဉ်နု(AKB-၁၇၃၉၃၁)၊ဒေါ်သန်းကြည်(၁၂/သကတ(နိုင်)၀၉၃၉၇၉)အမည်ပေါက်၊နှစ်(၆၀)မြေငှားဂရန်မြေအားအမည်ပေါက်-ဦးယဉ်နု(AKB-၁၇၃၉၃၁)(ဖခင်)နှင့်ဒေါ်သန်းကြည်(၁၂/သကတ(နိုင်)၀၉၃၉၇၉)(မိခင်)တို့ကွယ်လွန်သဖြင့်သားသမီးများဖြစ်သောဦးဇော်ဇော်လင်း(၁၂/သကတ(နိုင်)၁၅၅၉၂၂)၊ဦးဇော်ဇော်ဝင်း(၁၂/သကတ(နိုင်)၁၅၅၉၄၅)၊ဦးဇော်ဇော်ထွေး(၁၂/သကတ(နိုင်)၁၅၅၉၂၅)တို့မှကွယ်လွန်သူမိဘများတွင်သားအရင်းများအဖြစ်မိမိတို့ညီအစ်ကို(၃)ဦးတည်းကိုသာမွေးဖွားထွန်းကားခဲ့ပါကြောင်း၊အခြားသောသားသမီးတစ်ဦးတစ်ယောက်မျှမရှိပါကြောင်း၊အမွေစားအမွေခံကိတ္တိမသားသမီးများလည်းမွေးစားထားခဲ့ခြင်းလုံးဝမရှိပါကြောင်းကွယ်လွန်သူမိဘများနှင့်မိမိတို့သည်ဗုဒ္ဓဘာသာကိုးကွယ်သူများဖြစ်ကြသည့်အားလျော်စွာမိဘများကွယ်လွန်ကြပြီးနောက်အထက်ဖော်ပြပါမြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အားကျန်ရစ်သူမြေအမည်ပေါက်၏သားအရင်းများဖြစ်ကြသောမိမိတို့ညီအစ်ကို(၃)ဦးတည်းကသာလျှင်မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့်အမွေဆက်ခံခြင်းဆိုင်ရာဥပဒေတို့အရတရားဝင်အမွေဆက်ခံပိုင်ဆိုင်ကြပါကြောင်း၊မိမိတို့မှလွဲ၍အခြားသောအမွေဆက်ခံခွင့်ရှိသူတစ်ဦးတစ်ယောက်မျှမရှိပါကြောင်းကျိန်ဆိုထားသည့်တရားရုံးကျမ်းကျိန်လွှာ၊ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ဂရန်မူရင်း၊နိုင်ငံသားစိစစ်ရေးကတ်ပြား၊ဦးယဉ်နု(ဖခင်)နှင့်ဒေါ်သန်းကြည်(မိခင်)တို့၏သေဆုံးမှုလက်မှတ်၊အိမ်ထောင်စုလူဦးရေစာရင်းတို့တင်ပြ၍ပိုင်ဆိုင်ကြောင်းစာချုပ်ရန်မြေပုံကူးလျှောက်ထားလာခြင်းအားတရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## "အများသိစေရန်ကြေညာချက်"

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၁)၊ မြေကွက်အမှတ်-(၃၄၄)၊ (အလျား ၄၀ ပေx အနံ ၆၀ပေ)အနက်မှ တရားဝင်မခွဲမစိတ်ရသေးသော မြေကွက်ကြီး၏ မြေကွက်ကိုမျက်နှာမူ၍ ကြည့်သော် (ဘယ်ခြမ်း)၊ (အလျား ၂၀ပေx အနံ ၆၀ပေ) အကျယ်ရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်တိုင်း ဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၁)ရပ်ကွက်၊ တပင်ရွှေထီးလမ်း၊ အမှတ်(၃၄၄) ဟုခေါ်တွင်သော မြေအိမ်၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးနှင့်ပတ်သက်၍ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံ ခန့်ခွဲမှုဌာနတွင် **ဒေါ်တင်မြင့် (KNU- ၀၅၉၅၃၈)** အမည်ပေါက်ကြောင်း၊ မိခင် ဒေါ်တင်မြင့်နှင့် ဖခင် ဦးစံလွင် ကွယ်လွန်သဖြင့် သားသမီးများဖြစ်သော ရောင်းသူ **ဒေါ်ခင်သီတာလွင် [၁၂/လမန(နိုင်) ၁၁၈၀၇၁]**နှင့် **ဦးထွန်းလွင်ဦး [၁၂/ဒဂရ(နိုင်) ၀၁၆၃၈၄]** တို့မှ အမွေဆက်ခံပိုင်ဆိုင်ကြောင်း၊ ရောင်းချခြင်းဖြင့် စီမံခန့်ခွဲခွင့်ရှိကြောင်း ပြောဆိုကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေ **ဒေါ်အေး အေးမာ [၁၀/မလန(နိုင်) ၃၁၂၅၆၁]**မှ အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ ဤမြေနှင့်အိမ် အရောင်းအဝယ်အပေါ် ကန့်ကွက်လိုပါက ဤကြေညာချက်ပါရှိသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှု စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ် ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်စုစုငြိမ်း LL.B.D.B.L., D.I.L**
**တရားလွှတ်တော်ရှေ့နေ၊ စဉ်– ၉၂၈၉**
**အမှတ် (၅၅)၊ အခန်း (၁၄/အေ)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း– ၀၁–၃၇၃၀၄၆၊ ၀၉–၅၄၀၆၆၁၁**

## "အများသိစေရန်ကြေညာချက်"

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆)၊ မြေကွက်အမှတ်-(၅၇၇)၊ (အလျား ၃၉ ပေx အနံ ၆၀ပေ)အနက်မှ တရားဝင်မခွဲမစိတ်ရသေးသော မြေကွက်ကြီး၏ မြေကွက်ကိုမျက်နှာမူ၍ ကြည့်သော် (ဘယ်ခြမ်း)၊ (အလျား ၂၁ ပေ ၈ လက်မ x အနံ ၆၀ပေ) အကျယ်ရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၆)ရပ်ကွက်၊ ကေတုမတီ (၁၇)လမ်း၊ အမှတ်(၅၇၇) ဟုခေါ်တွင်သော မြေအိမ်၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးနှင့်ပတ်သက်၍ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနတွင် **ဦးကျော်ရင် [၁၂/ဥကတ(နိုင်) ၀၅၈၂၄၃]**နှင့် **ဒေါ်တုတ် [၁၂/ဥကတ(နိုင်) ၀၅၇၅၇၂]**တို့ အမည်ပေါက်ကြောင်း၊ ရောင်းသူ **ဦးဝေလင်း [၉/မလန (နိုင်) ၀၄၈၇၁၈]**မှ အဆက်စပ်စာချုပ်စာတမ်းဖြင့် ဝယ်ယူပိုင်ဆိုင်ကြောင်း၊ ရောင်းချခြင်းဖြင့် စီမံခန့်ခွဲခွင့်ရှိကြောင်း ပြောဆိုကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေ **ဦးသီဟဝင်းဌေး [၇/ကမက(နိုင်) ၁၀၃၈၁၈]**မှ အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ ဤမြေနှင့်အိမ် အရောင်းအဝယ်အပေါ် ကန့်ကွက်လိုပါက ဤကြေညာချက်ပါရှိသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံး သည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်စုစုငြိမ်း LL.B.,D.B.L., D.I.L**
**တရားလွှတ်တော်ရှေ့နေ၊ စဉ်– ၉၂၈၉**
**အမှတ် (၅၅)၊ အခန်း (၁၄/အေ)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း– ၀၁–၃၇၃၀၄၆၊ ၀၉–၅၄၀၆၆၁၁**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ (အင်းစိန်-ခဝဲခြံ)ကိုယ်ပိုင်လမ်း၊ အမှတ်(၁၀၁/ဘီ)၊ အကျယ် အဝန်း (အလျား ၉၀ပေx အနံ ၁၀၀ပေ)ရှိ မြေကွက်အနက်မှ အကျယ်အဝန်း (အလျား ၄၅ပေx အနံ ၁၀၀ပေ) (ခြေရင်းခြမ်း)မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အားလုံးတို့အား တရားဝင်လက်ရှိပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဦးဝင်းညွန့် [၁၂/ မရက(နိုင်) ၁၁၁၄၁၆]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေမှ ဝယ်ယူရန်အတွက် မြေကွက်တန်ဖိုးငွေ၏ စရန်ငွေအား ၎င်းထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၁၁၃၀၂/ ၂၀၁၄)ရရှိထားသူ ဒေါ်မာမာလွင် [၁၂/ လမန(နိုင်)၀၀၀၁၈၉]ထံသို့ ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်အရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်မည့်သူများရှိပါက ဤသတင်းစာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်မူရင်း များနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ် ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

| | | |
|---|---|---|
| **ဒေါ်မြလှဲ့ဝင်း(L.L.B)** | **ဒေါ်အေးအေးသိန်း(B.A, PGDL)** | **ဒေါ်စန်းမြသက်(B.Sc, PGDL)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်–၁၉၂၁၂)** | **အထက်တန်းရှေ့နေ(စဉ်–၅၆၅၆၆)** | **အထက်တန်းရှေ့နေ(စဉ်–၅၆၅၆၅)** |

**အမှတ်–၄၆၈၊ အောင်မြေသာလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။**
**Ph– ၀၉–၅၁၅၁၈၃၃၊ ၀၉–၅၀၉၀၅၅၃၊ ၀၉–၈၉၉၂၉၉၂၅၅**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ (၅)ရပ်ကွက်၊ (၃၇) လမ်းနှင့် (၃၈)လမ်းအိမ်ရာ၊ တိုက် အမှတ်(၂၅)၊ အခန်းအမှတ် (၄၀၁)၏ အမည်ပေါက် ဦးသိန်းမျိုးထွန်း+၁ [၁၂/မရက (နိုင်) ၀၀၀၄၅၁]ထံမှ ဦးအောင်နိုင်သူ [၁၂/မဂတ (နိုင်) ၀၈၄၃၅၇]က စာချုပ်စာတမ်းဖြင့် ဝယ်ယူထားပြီး တိုက်ခန်းပိုင်ဆိုင်ခွင့် စာအုပ်တွင် အမည်ပြောင်းလဲပေး ပါရန် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုပါက ကြော်ငြာပါသည့် နေ့မှ (၁၅)ရက်အတွင်း အထောက် အထားပြည့်စုံစွာဖြင့် တင်ပြ ကန့်ကွက်နိုင်ပါသည်။

**အိမ်ရာ(၂)၊ မြို့ပြနှင့်အိမ်ရာ**
**ဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)၊**
**နေပြည်တော်၊ ၀၆၇–၃၄၀၇၅၄၇**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ် မြို့နယ်၊ ဟံသာရိပ်မွန်အိမ်ရာ၊ တိုက် အမှတ် (၆၂၅)၊ အခန်းအမှတ် (၃၀၁) အား မူလအမည်ပေါက် ဦးအောင် မျိုးမြင့် [၁၄/မမန (နိုင်) ၁၄၅၃၀၁] ထံမှ ဒေါ်သန်းသန်းဆွေ[၁၂/ဥကမ (နိုင်) ၀၃၉၉၅၁]က စာချုပ်စာတမ်း ဖြင့် ဝယ်ယူထားပြီး တိုက်ခန်း ပိုင်ဆိုင်ခွင့်စာအုပ်တွင် အမည် ပြောင်းလဲပေးပါရန် လျှောက်ထား လာမှုအပေါ် ကန့်ကွက်လိုပါက ကြော်ငြာပါသည့်နေ့မှ (၁၅)ရက် အတွင်း အထောက်အထားပြည့်စုံစွာ ဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာ(၂)၊ မြို့ပြနှင့် အိမ်ရာ**
**ဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)၊**
**နေပြည်တော်၊ ၀၆၇–၃၄၀၇၅၄၇**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ လူနေရပ်ကွက် အမှတ်– ၁၄၅၊ မြေကွက်အမှတ်– ၁၃၁၊ အကျယ် ပေ(၄၀x၆၀)ရှိ ဦးသက်ညွန့် အမည်ပေါက် မြေချပါမစ်ထွက်ရှိထားသော မြေကွက်နှင့် မြေကွက်အမှတ်– ၁၃၂၊ အကျယ် ပေ(၄၀x၆၀)ရှိ ဦးခင်မောင်မြင့်(၁) အမည်ပေါက် မြေချပါမစ်ထွက်ရှိ ထားသော မြေကွက်(၂)ကွက်၏ အကျိုးခံစားခွင့်အရပ်ရပ်အား အဆင့်ဆင့်အရပ် ကတိစာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်၍ လက်ရှိထားပိုင်ဆိုင်လျက်ရှိပြီး အရှုပ် အရှင်းကင်းရှင်းကြောင်းနှင့် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသူ ဒေါ်ဖြူဝေလွင် [၇/ရတရ(နိုင်) ၁၀၂၄၃၉] ကိုင်ဆောင်သူထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်မိတ်ဆွေ ဒေါ်ယုယုခိုင် [၉/ပဥလ(နိုင်) ၀၂၁၄၉၀] ကိုင်ဆောင်သူမှ စရန်ငွေ ပေးချေထားပြီးဖြစ်ပါ၍ အဆိုပါ မြေကွက်အရောင်းအဝယ်အား ကန့်ကွက်လိုပါက ပိုင်ဆိုင်မှုစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ဤကြော်ငြာ ပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင် ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **ဒေါ်ယုယုခိုင်** | **ဒေါ်လှိုင်ဝင်းထွဋ်(LL.B, D.CBL)** |
| **[၉/ပဥလ(နိုင်)၀၂၁၄၉၀]** | **တရားလွှတ်တော်ရှေ့နေ(စဉ်–၁၇၆၇၉)** |
| **အမှတ်– ဃ/၁၁၅၊ လမ်းသွယ်(၄)၊** | **အမှတ်– ၃၅(က)၊ ဗိုလ်အောင်ကျော်လမ်း၊** |
| **မြို့သစ်၊ ပြင်ဦးလွင်မြို့။** | **(၈)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်။** |
| | **ဖုန်း– ၄၂၀၂၉၃၈၈၇** |

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ (၇၉)ရပ်ကွက်၊ အောင်မင်္ဂလာလမ်း၊ မြေကွက်အမှတ်(၈၅၄)၊ မြေကွက်အကျယ်အဝန်း (၄၀x၆၀)ပေ ဟုခေါ်တွင်သော နှစ်(၆၀) ဂရန်မြေကွက်မှာ ရန်ကုန်မြို့တော်စည် ပင်သာယာရေး ကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနရှိ မြို့မြေစာရင်းတွင် ဒေါ်တင် တင်မြင့် [၁၂/လသန(နိုင်)၀၁၁၂၃၃] အမည်ပေါက်ဖြင့် မှတ်သားတည်ရှိပြီး အဆိုပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ RC တစ်ထပ်တိုက် လုံးချင်းအိမ်အပါ အဝင် ရေမီး၊ အစုံ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား Special Power မူရင်းအပါအဝင် အရောင်းအဝယ်ဆက်စပ်စာချုပ်များနှင့် တရားဝင်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိသော ဒေါ်ခင်ထွေး [၁၀/ကမရ(နိုင်) ၀၁၆၈၅၇]ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဦးဝေဖြိုးကျော် [၁၃/သပန(နိုင်) ၀၄၁၁၄၈]က အပြီးအပိုင်ဝယ်ယူ ရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေ အဖြစ်ပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါ အိမ်ခြံမြေနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံ သောစာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့် ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ကျွန်ုပ်မိတ်ဆွေဘက်မှ အရောင်း အဝယ် ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ် ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဝေဖြိုးကျော် ၏လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ဇင်ဝေထွန်း(LL.B) အထက်တန်းရှေ့နေ(စဉ်–၃၅၈၉၄)**
**အမှတ်(၁၄၆/ဘီ)၊ မုဒိတာအိမ်ရာ(၁)၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း– ၀၉–၄၂၁၀၉၁၅၈၈၊ ၀၉–၇၅၉၆၉၇၅၉၈**

# ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်၊ ပဲခူးမြို့၊ မဇင်းရပ်ကွက်တွင် တည်ထားတော်မူသော နောင်တော်ကြီး မြသာလျောင်း ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး အမိုးတန်ဆောင်းတော် တည်ဆောက်ရာတွင် သဒ္ဓါကြည်ဖြူ ပါဝင်လှူဒါန်းနိုင်ပါကြောင်း နှိုးဆော်လွှာ



ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ မဇင်းရပ်ကွက်တွင် တည်ထားကိုးကွယ်တော်မူလျက်ရှိသော ရှေးဟောင်းသမိုင်းဝင် နောင်တော်ကြီး မြသာလျောင်း ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသည် သမိုင်းအထောက်အထားများအရ လွန်ခဲ့သောနှစ်ပေါင်း ၁၀၀၀ ကျော် ကတည်းက ပထမ ဟံသာဝတီ ပြည်ခေတ်၊ မိဂါဒိပ္ပမင်းငယ်လက်ထက်တွင် စတင်တည်ဆောက်ပူဇော်ခဲ့ပြီး သမိုင်းခေတ်အဆက်ဆက် အပြောင်းအလဲများအရ ပျက်စီးယိုယွင်းနေခြင်းကို ဒုတိယ ဟံသာဝတီပြည်ခေတ် ဓမ္မစေတီမင်း လက်ထက်တွင် ပြန်လည်ပြုပြင်ဆောင်ရွက်ခဲ့ပြီး ထိုမှတစ်ဖန် ကာလကြာရှည်သော် မင်းဆက်များ ပျက်စီးခဲ့ခြင်းနှင့် ဒုတိယကမ္ဘာစစ်၏ စစ်ဘေးစစ်ဒဏ်ကြောင့် ထပ်မံပျက်စီးယိုယွင်းခဲ့ကာ ရုပ်ပွားတော်မြတ်ကြီးသည်လည်း သလွန်တော်ပါ ကုန်းမြေအဖြစ်သာ ကျန်ရှိခဲ့ပါသည်။

၂၀၀၂ ခုနှစ်တွင် အလှူရှင် ဘုရားဒါယိကာမကြီး အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါ်ခင်ကြည်နှင့် မောင်နှမများ၏ မတည်လှူဒါန်းမှု၊ ခုနစ်ရက်သားသမီး ပြည်သူပြည်သားအပေါင်းတို့၏ ထက်သန်သော စုပေါင်းသဒ္ဓါစွမ်းအားတို့ဖြင့် အလျား ၂၇၀ ပေ၊ အမြင့်ဉာဏ်တော် ၆၃ ပေရှိ ရုပ်ပွားတော်မြတ်ကြီးကို ပြန်လည်စတင်တည်ဆောက်ပူဇော်ခဲ့ရာ ၂ နှစ်တာကာလအကြာ ၂၀၀၄ နှစ်တွင် နောင်တော်ကြီး မြသာလျောင်း ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသည် ယခု ဖူးမြော်ကြည်ညိုရသည့်အတိုင်း ပေါ်ထွန်းတည်ရှိတော်မူခဲ့ပါသည်။

ယခုအခါတွင် နောင်တော်ကြီး မြသာလျောင်း ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား လေဒဏ်၊ မိုးဒဏ်၊ ရာသီဥတုဒဏ်များ ကာကွယ်နိုင်စေရန်၊ ရေရှည်တည်တံ့ခိုင်မြဲစေရန်နှင့် ဘုရားဖူးပြည်သူများ ကိုယ်စိတ်နှစ်ပါးအေးချမ်းသာယာစွာဖြင့် ဖူးမြော်ကြည်ညိုပူဇော်နိုင်ကြစေရန်အတွက် အမိုးတန်ဆောင်းတော်ကြီးကို တည်ဆောက်သွားမည်ဖြစ်ပါ၍ အနယ်နယ်အရပ်ရပ်ရှိ ပြည်သူပြည်သား ခုနစ်ရက်သားသမီးများနှင့် သဒ္ဓါကြည်လင်ပါရမီရှင် ဘုရားဒါယကာ အလှူရှင်၊ အလှူ့အမ သူတော်ကောင်းတို့အနေဖြင့် အမိုးတန်ဆောင်းတော်ကြီး အမြန်ဆုံးပြီးစီးနိုင်စေရန်အလို့ငှာ သဒ္ဓါကြည်ဖြူ ပါဝင်လှူဒါန်းတော်မူကြပါရန် နိဗ္ဗာန်အကျိုးရည်မျှော်ကိုး၍ အသိပေးနှိုးဆော်အပ်ပါသည်။

**ဆက်သွယ်လှူဒါန်းနိုင်သောလိပ်စာများ**

**၁။ ညွှန်ကြားရေးမှူး၊ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၊ ဖုန်း- ၀၉ - ၅၀၈၆၆၉၀**

**၂။ တိုင်းဒေသကြီးသာသနာရေးမှူး၊ ပဲခူးတိုင်းဒေသကြီးသာသနာရေးမှူးရုံး၊ ဖုန်း-၀၉-၂၅၉၀၁၀၅၁၆**

**၃။ ဂေါပကအဖွဲ့ - မြန်မာ့စီးပွားရေးဘဏ်(ပဲခူးမြို့)၊ SF-008303 ၊ KBZ Bank Account , 20330299921933801(Kanbawza Bank Ltd-BGO-3)**

## “ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း”

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သန်လျင်မြို့နယ်၊ အေးသာယာရပ်ကွက်၊ သဇင်(၃၂)လမ်း၊ မြေကွက်အမှတ်(K-၁၃၃)ဟုခေါ်တွင်သော မြို့နယ်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့မှ ဦးသန်းဌေး(TGA-၁၀၃၀၈၈)အမည်ဖြင့် ချထားပေးသော အလျား x အနံ (၄၀x၆၀)ပေ အကျယ်ရှိ စလစ်မြေကွက်အနက် အလျား x အနံ (၂၀x၆၀)ပေအကျယ်ရှိ (ခေါင်းရင်းခြမ်း)မြေကွက်နှင့် ယင်းမြေကွက်နှင့်ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရပ်ကတိအရောင်းအဝယ် စာချုပ်အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး လက်ရှိလွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုသူ ဦးစိုးသီဟ(ဘ)ဦးသန်းမြင့် [၁၄/ပသန(နိုင်)၁၉၄၀၄၈]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ပြန်လည်ဝယ်ယူရန်အတွက် ၎င်းကို စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ဤမြေကွက် အရောင်းအဝယ်ကို ကန့်ကွက်လိုသူများရှိပါက မြေကွက်နှင့်ပတ်သက်၍ ခိုင်လုံသော စာရွက်စာတမ်း၊ အထောက်အထားမူရင်း အပြည့်အစုံနှင့်တကွ ကျွန်ုပ်ထံသို့ ယနေ့မှစ၍(၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်နှင်းနှင်းထွေး(LL.B)**
**(စဉ်-၂၄၉၆၈) အထက်တန်းရှေ့နေ**
**အမှတ်(F-၅၁)၊ သဇင်(၁၇)လမ်း၊ အေးသာယာရပ်ကွက်၊ သန်လျင်မြို့၊**
**ဖုန်း-၀၉-၂၅၀၀၁၂၈၀၁**

## အများသိစေရန် ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ သာသနာ့ရိပ်သာရပ်ကွက်၊ သာသနာ့ရိပ်သာလမ်း၊ အမှတ် (၈၁-F)ရှိ မြေတိုင်းရပ်ကွက်အမှတ် (၃၅-E) မြေကွက်အမှတ်(၄၅/၂စီ)၊ မြေအမျိုးအစား (မြေပိုင်မြေ)၊ မြေကွက်အမည်ပေါက် (က) ဦးသိန်းမောင်၊ (ခ) ဒေါ်သန်းကြွယ်ဖြင့်ရှိသော မြေဧရိယာ (၀.၂၅)ဧကအနက် မြေကွက်အမှတ် (၈၁/E)နှင့် ကပ်လျက်ရှိသော တရားဝင်မခွဲစိတ်ရသေးသော (ခေါင်းရင်းခြမ်း) အကျယ်အဝန်း (၂၈/၃၉x၁၃၈/၁၃၅) ပေ အရှေ့ဘက် (၂၈)ပေ၊ အနောက်ဘက် (၃၉)ပေ၊ တောင်ဘက်(၁၃၈)ပေ၊ မြောက်ဘက် (၁၃၅)ပေရှိ မြေကွက်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို မိဘနှစ်ပါး ကွယ်လွန်သဖြင့် အမွေဆက်ခံခြင်းအရ (က) ဦးတင်ဦး [၁၂/ဗဟန(နိုင်)၁၀၂၁၁၁]၊ (ခ) ဒေါ်ခင်ဆွေ[၁၂/ဗဟန(နိုင်)၀၃၂၂၆၈]၊ (ဂ) ဒေါ်စန်းစန်းနု [၁၂/ဗဟန(နိုင်)၀၃၂၈၅၆]၊ (ဃ) ဒေါ်ရီရီစိန် [၁၂/ဗဟန (နိုင်)၀၃၂၉၅၈] နှင့် (င) ဒေါ်တင်စုလှိုင် [၁၂/ဗဟန (နိုင်) ၀၄၀၃၈၇] ပိုင်ဆိုင်ခဲ့ကြသူများထံမှ အရပ်စာချုပ်ဖြင့် ဝယ်ယူထားရှိသော(က)ဒေါ်ဝေလွင်လွင်ထွန်း [၁၂/ဗဟန (နိုင်)၀၇၇၅၅၅]၊ (ခ)ဦးလွင်အောင်ဇော် [၁၂/ဗဟန(နိုင်)၀၇၇၅၅၄]၊ (ဂ) ဒေါ်ခင်စုစုသွယ် [၁၃/သပန (နိုင်)၀၄၉၇၄၃]၊ (ဃ) ဦးလွင်မောင်မောင် [၁၂/ဗဟန (နိုင်)၀၉၀၂၃၇]၊ (င) ဦးတင်မောင်လွင် [၁၂/ဗဟန (နိုင်)၀၉၆၇၂၈] တို့ (၅)ဦးမှ ပိုင်ဆိုင်ကြောင်းနှင့် အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံ၍ ကာလတန်ဖိုးတစ်ရပ်ဖြင့် ရောင်းချရန် အဆိုပြုကမ်းလှမ်းခဲ့ရာတွင် ဦးမြင့်ဇော် [၁၂/ဗတထ(နိုင်)၀၁၄၄၆၄]မှလည်း ဝယ်ယူရန် သဘောတူညီပါသဖြင့် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါသောကြောင့် မည်သူမဆို ကန့်ကွက်လိုပါက (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက လုပ်ထုံးလုပ်နည်းများအရ အရောင်းအဝယ်အပြီးသတ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဦးမြင့်ဇော်၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးမောင်မောင်အေး**
**အထက်တန်းရှေ့နေ၊ စဉ်- ၁၉၁၂၁ (၃၀-၆-၂၀၀၄)**
**အမှတ် (၂၂၄၈/ခ)၊ ဇေယျဝတီ(၇)လမ်း၊ (၁၂)ရပ်ကွက်၊ သာကေတ၊**
**ရန်ကုန်တိုင်းဒေသကြီး။ 09-5005613,09-43073318**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်-၇/အရှေ့၊မြေကွက်အမှတ်-၈၁၆/ခ၊ဧရိယာ(၂၀'×၆၀')၊မြေကွက်တည်နေရာအမှတ်(၈၁၆/ခ)၊အောင်သပြေ(၉)လမ်းအနောက်၊(၇/အရှေ့)ရပ်ကွက်၊သာကေတမြို့နယ်၊ဦးသက်ညွှန့်(၁၂/သကတ(နိုင်)၀၀၆၃၂၄)အမည်ပေါက်နှစ်(၆၀)မြေငှားဂရန်မြေအားအမည်ပေါက်-ဦးသက်ညွှန့်(၁၂/သကတ(နိုင်)၀၀၆၃၂၄)(ခင်ပွန်း)ကွယ်လွန်သဖြင့်ဇနီးဖြစ်သူဒေါ်အေးသောင်း(၁၂/သကတ(နိုင်)၀၁၇၄၃၈)မှကွယ်လွန်သူခင်ပွန်းတွင်တစ်ဦးတည်းသောတရားဝင်ဇနီးဖြစ်သူမိမိသာလျှင်ရှိပါကြောင်း၊အခြားသောဇနီး/မယားတစ်ဦးတစ်ယောက်မျှမရှိပါကြောင်း၊ကွယ်လွန်သူခင်ပွန်းနှင့်မိမိသည်ဗုဒ္ဓဘာသာကိုးကွယ်သူများဖြစ်ကြသည့်အားလျော်စွာခင်ပွန်းဖြစ်သူကွယ်လွန်ပြီးနောက်အထက်ဖော်ပြပါမြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အားကျန်ရစ်သူတစ်ဦးတည်းသောဇနီးဖြစ်သူမိမိကသာလျှင်မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့်အမွေဆက်ခံခြင်းဆိုင်ရာဥပဒေတို့အရတရားဝင်အမွေဆက်ခံပိုင်ဆိုင်ပါကြောင်းနှင့်မိမိမှလွဲ၍အခြားသောအမွေဆက်ခံခွင့်ရှိသူတစ်ဦးတစ်ယောက်မျှမရှိပါကြောင်းကျိန်ဆိုထားသည့်တရားရုံးကျမ်းကျိန်လွှာ၊ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ဂရန်မူရင်း၊နိုင်ငံသားစိစစ်ရေးကတ်ပြား၊ဦးသက်ညွှန့်(ခင်ပွန်း)၏သေဆုံးမှုလက်မှတ်၊အိမ်ထောင်စုလူဦးရေစာရင်းတို့တင်ပြ၍ပိုင်ဆိုင်ကြောင်းစာချုပ်ရန်မြေပုံကူးလျှောက်ထားလာခြင်းအားတရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

အလုံမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်($23E^{1}$)၊မြေကွက်အမှတ်(ပဌမတန်းစား၂၄၀)၊မြေကွက်တည်နေရာအမှတ်(၃၂)၊စက်တွင်းလမ်း၊ဆင်မင်းရပ်ကွက်အလုံမြို့နယ်၊ကိုထွန်းရင်(-)အမည်ပေါက်နှစ်(၉၀)မြေငှားဂရန်(သက်ကုန်)မြေအားအမည်ပေါက်ထံမှပိုင်ဆိုင်စာချုပ်အမှတ်-၃၁/၁၉၈၉ဖြင့်ဒေါ်အေးကြည်မှလည်းကောင်း၊ဒေါ်အေးကြည်ထံမှအပိုင်ပေးစာချုပ်အမှတ်-၁၀၅၉/၁၉၉၀ဖြင့်ဒေါ်ထားမြင့်မှလည်းကောင်း၊ဒေါ်ထားမြင့်ထံမှကိုတ္ထိမမွေးစားစာချုပ်အမှတ်-၃၂၆၀/၁၉၉၁ဖြင့်ဦးစိုးမင်းလတ်မှလည်းကောင်းရရှိခဲ့ပြီး၊ဦးစိုးမင်းလတ်သည်(၂၁-၁၁-၂၀၁၈)ရက်နေ့တွင်လူပျိုကြီးဘဝဖြင့်ကွယ်လွန်သဖြင့်ဦးစိုးစံအောင်(၁၂/အလန(နိုင်)၀၀၂၂၆၄)၊ဒေါ်အေးခင်ခင်ကျော်(၁၂/အလန(နိုင်)၀၃၄၀၂၆)တို့မှမွေးချင်းညီငယ်/ညီမငယ်(၂)ဦးတည်းကသာအမွေဆက်ခံခွင့်ရှိသူများဖြစ်ကြောင်းအခြားအမွေဆက်ခံခွင့်ရှိသူတစ်ဦးတစ်ယောက်မျှမရှိကြောင်း၊(၅-၇-၂၀၂၄)ရက်နေ့လသာမြို့နယ်တရားရုံး၏ကျမ်းကျိန်လွှာအမှတ်၇/၃၅၅/၂၀၂၄၊ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊သေဆုံးမှုလက်မှတ်၊နိုင်ငံသားစိစစ်ရေးကတ်၊နှစ်(၉၀)ဂရန်မူရင်းတို့တင်ပြ၍ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန်မြေပုံကူးလျှောက်ထားလာရာမြေစာရင်းမှတ်ချက်ရှိ(၁၉၉၂)ခုနှစ်တွင်ဒေါ်အေးကြည်မှမြေပုံကူးလျှောက်ထားခြင်းနှင့်ပတ်သက်၍အိမ်ဆောက်ရန်အတွက်မြေပုံကူးလျှောက်ထားခြင်းဖြစ်ကြောင်းဌာနဝင်စာအမှတ်-၁၉၄၀/၁၀-၇-၂၀၂၄ဖြင့်ရှင်းလင်းစာတင်ပြ၍ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန်မြေပုံကူးလျှောက်ထားလာခြင်းအားတရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြော်ငြာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ရှင်စောပုရပ်ကွက်၊ စမ်းချောင်းလမ်း၊ စမ်းချောင်းဂါးဒင်းကွန်ဒို၊ အခန်းအလွှာ (Level-6)၊ အခန်းအမှတ် (M-606)၊ အခန်းဧရိယာ (၁၀၅၆) စတုရန်းပေရှိသော တိုက်ခန်းနှင့် Basement Car Parking နေရာတွင် (၁)စီးစာအပါအဝင် ဆက်နွယ်ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား တရားဝင်ဝယ်ယူပိုင်ဆိုင် ရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုလာကြသည့် ဦးသူရမင်းပိုင် [၉/ကပတ(နိုင်) ၂၆၂၂၃၇] နှင့် ဒေါ်သင်းစံပယ်ဖူး [၆/ပလန(နိုင်)၀၉၇၀၈၅]တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် ညှိနှိုင်းသဘောတူညီချက်အရ ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသအား ပေးချေပြီးဖြစ်ပါ၍ အဆိုပါပစ္စည်းအရပ်ရပ်တို့နှင့်ပတ်သက်ပြီး၊ ပိုင်ရေးဆိုင်ခွင့်ရှိကြောင်းပြောဆို ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ အထောက်အထားခိုင်လုံစွာဖြင့် လာရောက်တင်ပြ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိခဲ့ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားတော့မည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးစိန်ဝင်း B.A, H.G.P, C.B.L, D.B.L, D.M.L**
**အထက်တန်းရှေ့နေ (စဉ်-၆၀၈၂/၈၂)**
**တိုက်အမှတ်-၃(အေ)၊ ၃-လွှာ(ခေါင်းရင်းခန်း)၊ သပြေညိုလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း - ၀၉-၇၈၇၉၂၇၁၉၉**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃၄)၊ ဗထူးလမ်း၊ မြေကွက်အမှတ်(၅၇၈)၊ အကျယ်အဝန်း(၄၀ ပေ x ၆၀ပေ)ရှိ မြေချပါမစ်မြေကွက်အနက်မှ တရားဝင်မခွဲမစိတ်ရသေးသော မြေကွက်အမှတ်(၅၇၉) နှင့် ကပ်လျက်အခြမ်း၊ အကျယ်အဝန်း (၂၀ပေx၆၀ပေ)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မြေအမည်ပေါက်သူ-ဦးခင်အေး(ခ)ဦးအေးလွင် (ISN-၄၉၅၀၇၄) ထံမှ အရပ်ကတိအရောင်းအဝယ်စာချုပ်အဆက်စပ်ဖြင့်ဝယ်ယူပိုင်ဆိုင်ထားပြီး၊ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟုဝန်ခံကတိပြုသူ ဦးသန်းထွန်းအောင် [၁၂/ဒဂရ (နိုင်)၀၀၃၆၀၉]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးဝဏ္ဏအောင် [၁၂/ဥကတ(နိုင်)၁၂၉၉၀၂]က အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက်( ၃-၁၂-၂၀၂၄ )ရက်နေ့က ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေခဲ့ပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်နှင့် စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကိုဥပဒေနှင့်အညီ ပြီးမြောက်အောင်ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဦးဝဏ္ဏအောင်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်ပြုံးလှိုင် (စဉ်-၄၉၂၉၉)**
**အထက်တန်းရှေ့နေ**
**ဖုန်း - ၀၉-၄၂၃၆၅၄၀၄၀**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၈)၊ မြေကွက်အမှတ်(၆၁)၊ အကျယ်အဝန်း ဧရိယာ(၀.၀၅၅)ဧကရှိ နှစ်(၆၀)ဂရန် မြေကွက်နှင့် ယင်းမြေပေါ်ရှိ ယခုအခေါ် ရန်ကုန်မြို့၊ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ (၁၈/A)ရပ်ကွက်၊ စိန်ပန်းမြိုင်(၃)လမ်း၊ အမှတ်(၆၁)ဟုခေါ်တွင်သော အိမ်အပါအဝင် အကျိုးခံစားခွင့်အားလုံးတို့အား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် တရားဝင်အမည်ပေါက်ပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူများဖြစ်သည့် ၁။ဦးမြင့်စိုး(E/RGN-၀၂၀၅၂၅)၊ ၂။ဒေါ်မူဖော(ခ)ဒေါ်အေးမြင့်လှိုင် (LPN- ၀၂၉၁၇၈)တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန်အတွက် မြေနှင့်အိမ်တန်ဖိုးငွေ၏ စရန်ငွေအား ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေနှင့်အိမ်အရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်မည့်သူများရှိပါက ဤသတင်းစာပါသည့်နေ့မှစ၍(၇)ရက်အတွင်း ပိုင်ဆိုင်မှု မှတ်ပုံတင်စာချုပ်မူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | | |
|---|---|---|
| **ဒေါ်မြလွဲ့ဝင်း(L.L.B)** | **ဒေါ်အေးအေးသိန်း(B.A, PGDL )** | **ဒေါ်စန်းမြသက်(B.Sc, PGDL)** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၉၂၁၂)** | **အထက်တန်းရှေ့နေ(စဉ်-၅၆၅၆၆)** | **အထက်တန်းရှေ့နေ(စဉ်-၅၆၅၆၅)** |

**အမှတ်-၄၆၈၊ အောင်မြေသာလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့ ။**
**Ph:၀၉-၅၁၅၁၈၃၃၊ ၀၉-၅၀၉၀၅၅၃၊ ၀၉-၈၉၉ ၂၉၉ ၂၅၅**

**ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၂/တောင်ရပ်ကွက်၊ ဇေတရုံလမ်း၊ မြေကွက်အမှတ် – ၆၈၄ပေါ်တွင် ဆောက်လုပ်ထားသော တိုက်အမှတ် – ၃၆၊ (၆) ထပ်တိုက် အဆောက်အဦ၏ အောက်ဆုံး မြေညီထပ်၊ အခန်းအမှတ် (စီ) (အလျား ၁၁ ပေ ၈လက်မ x အနံ ၅၄ ပေ)ရှိ ဆောက်လုပ်ပြီးစီးသည့် ကန်ထရိုက်တိုက်ခန်းနှင့် စပ်လျဉ်း၍ အများသိစေရန် ကြေညာခြင်း**

အထက်ဖော်ပြပါ တိုက်ခန်း နှင့် စပ်လျဉ်း၍ (၁၃-၉-၂၀၂၄) ရက်နေ့တွင် သက်ဆိုင်ရာ ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၂/တောင်ရပ်ကွက်၊ အုပ်ချုပ်ရေးမှူးရုံးတွင် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သန်းဌေး + ၆ နှင့် အဆိုပါ တိုက်ခန်းအား ယခင် ကန်ထရိုက်တာဟောင်း ဦးဝင်းကြည်ထံမှ ကြိုပွဲငွေဝယ်ယူထားခဲ့သူ ဟုဆိုသူ ဦးမင်းထူး [၁၂/ဒပန(နိုင်)၀၁၁၅၃၃]တို့ နှစ်ဦးနှစ်ဖက်ညှိနှိုင်းဖြေရှင်းသဘောတူညီချက်များအရ မြေရှင် ဒေါ်သန်းဌေး + ၆ တို့က ဦးမင်းထူးသို့ ပေးရမည့်ငွေများကို (၃၀-၉-၂၀၂၄) ရက်နေ့တွင် ချုပ်ဆိုသည့် "နှစ်ဦးသဘောတူ တိုက်ခန်းပိုင်ဆိုင်မှု စွန့်လွှတ်လွှဲပြောင်းလက်ခံခြင်းစာချုပ်နှင့်အညီ အပြေအကျေ ပေးချေ၍ ဦးမင်းထူးနှင့် သမီး ဒေါ်ချစ်ဇာနည်ဟိန်းတို့ ကိုယ်တိုင် လက်ခံရယူခဲ့ပြီး ဦးမင်းထူးမှလည်း အထက် ဖော်ပြပါ တိုက်ခန်း ပိုင်ဆိုင်မှုကို စွန့်လွှတ်၍ မြေရှင် ဒေါ်သန်းဌေး + ၆ တို့ကလည်း လက်ထဲ လက်ရောက် ရယူပြီးဖြစ်ပါသည်။

သို့ပါ၍ အထက်ဖော်ပြပါ တိုက်ခန်းအပေါ် ဦးမင်းထူးမှ ပိုင်ဆိုင်ခွင့်တစ်စုံတစ်ရာမျှ မရှိတော့ပါကြောင်းနှင့် ဦးမင်းထူးအနေဖြင့် အဆိုပါ တိုက်ခန်းနှင့် စပ်လျဉ်းပြီး မည်သည့်အခါမျှ အရေးဆိုခြင်း၊ တောင်းခံခြင်း၊ ဝင်ရောက်စွက်ဖက်ခြင်း တစ်စုံတစ်ရာမျှ ပြုလုပ်ပိုင်ခွင့်မရှိတော့ပါကြောင်း ဒေါ်သန်းဌေး + ၆ တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ** — **လွှဲအပ်ညွှန်ကြားချက်အရ**
**(ဒေါ်သန်းဌေး + ၆)** — **ဦးကျော်ဝင်း (LL.B,D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၆၉၈၄/၂၀၀၂)**
**အမှတ် (၁၄၂)၊ ပထမထပ်(ယာ)၊ ၃၉-လမ်း (အောက်)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(ခ)၊ မြရတနာ(၆)လမ်း၊ မြေကွက်အမှတ် (၁၉၂ ၃/၂)အကျယ်အဝန်း(၁၂၀၀စတုရန်းပေ)ရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့်မြေကွက်ပေါ်ရှိ နေအိမ်အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ဝယ်ထားရှိ ပိုင်ဆိုင်ပြီးလွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်ခိုင်ဇာလွင်[၁၂/ဥကမ(နိုင်)၁၈၁၆၈၈]နှင့် ဦးဝင်းမင်းဖြိုး [၉/ညဥန(နိုင်)၂၂၉၂၁၈]ထံမှ ကျွန်ုပ်မိတ်ဆွေ ဒေါ်လင်းလက်လက်ထွန်း [၁၂/ဥကမ(နိုင်)၂၅၉၁၃၃]က အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသအားစရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်းအထောက်အထား မူရင်းများဖြင့် ယနေ့မှစ၍(၇) ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်စိုးစိုးမာ(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၇၁၉၄ )**
**အမှတ် ၁၁၈၊ မဇ္ဈေလမ်း၊ (ခ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်။**

## "မန္တလေးမြို့နေ ဒေါ်သံယောဇဉ်၏ လွှဲအပ်ချက်အရ ဒေါ်နန္ဒာမြင့်သိန်း(တရားလွှတ်တော်ရှေ့နေ)၏ (၁-၁၂-၂၀၂၄) မန္တလေးသတင်းစာ ကြေညာနှင့်(၄-၁၂-၂၀၂၄) ရက်နေ့ထုတ် ကြေးမုံသတင်းစာ ကြော်ငြာ-၂၇အပေါ် ပြန်လည်တုံ့ပြန်အသိပေးကြေညာခြင်း"

ကျွန်ုပ်မိတ်ဆွေ ဒေါက်တာဦးစိုးနိုင်မြင့်(ခ) Mohammed Farhad [၉/ခအဇ(နိုင်)၀၁၅၆၂၀] မှဒေါ်သံယောဇဉ်အား (၁၃-၁၁-၂၀၂၄) ရက်နေ့တွင်အစ္စလာမ်ဥပဒေနှင့်အညီ မြွက်ဟကြေညာ စာချုပ်ဖြင့် တွလာတ်ပေး၍ ကွာရှင်းပြတ်စဲပြီးဖြစ်ပါသည်။ ထိုသို့ကွာရှင်းပြတ်စဲပြီးကြောင်းကို သိလျက်နှင့် ဒေါ်သံယောဇဉ်၏ လွှဲအပ်ချက်အရ ဒေါ်နန္ဒာမြင့်သိန်း(တရားလွှတ်တော်ရှေ့နေ)မှ ကျွန်ုပ်၏ မိတ်ဆွေအား ခူလာကွာရှင်းခြင်းကို ပြုလုပ်လိုကြောင်း(၂၃-၁၁-၂၀၂၄) ရက်နေ့စွဲပါ နို့တစ်အကြောင်း ကြားစာပေးပို့သည့်အပေါ် "ခူလာကွာရှင်းနည်းတွင် မယားကလင်အား မိမိထိမ်းမြားမှုအနှောင်အဖွဲ့မှ လွှတ်ပေးလျှင် နစ်နာကြေးပေးမည်ဖြစ်ကြောင်း ကမ်းလှမ်းခြင်းသာဖြစ်၍" ဒေါ်သံယောဇဉ်အား ကျွန်ုပ်မိတ်ဆွေဒေါက်တာစိုးနိုင်မြင့်က (၁၃-၁၁-၂၀၂၄)ရက်နေ့ကတည်းက အပြီးအပြတ်ကွာရှင်းပြီး ထိမ်းမြားမှု အနှောင်အဖွဲ့မှ လွှတ်ပေးပြီးဖြစ်ပါသဖြင့် ခူလာကွာရှင်းခွင့်တောင်းရန်ပင် မလိုအပ်ပါကြောင်း အကြောင်းပြန်ကြားစာကို (၂၄-၁၁-၂၀၂၄) ရက်စွဲဖြင့် Royal Express အမြန်ချောပို့ဖြင့် ဒေါ်သံယောဇဉ်ထံသို့လည်းကောင်း၊ တရားလွှတ်တော်ရှေ့နေ ဒေါ်နန္ဒာမြင့်သိန်းထံသို့လည်းကောင်း ပို့ခဲ့ပြီးဖြစ်ပါသည်။ ဒေါ်သံယောဇဉ်မှ လက်ခံရရှိပြီးနောက် ကျွန်ုပ်ထံသို့ ပြန်လည်ပေးပို့ခဲ့ပါသည်။ တရားလွှတ်တော်ရှေ့နေ ဒေါ်နန္ဒာမြင့်သိန်း၏ ရုံးခန်းမှ ဒေါ်ရွှေရည်ဝင့်နိုင်မှ လက်ခံခဲ့ကြောင်း အထောက်အထားများ အရသိရှိပါသည်။ သို့ပါသော်လည်း လူကြီးမင်းတို့ဘက်မှ ခူလာကွာရှင်း အတည်ပြုပြီးကြောင်း (၁-၁၂-၂၀၂၄)ရက်နေ့မန္တလေးသတင်းစာတွင်လည်းကောင်း၊ (၄-၁၂-၂၀၂၄) ကြေးမုံသတင်းစာတွင်လည်းကောင်း ကြေညာခဲ့ကြောင်း သိရှိရသဖြင့် လူကြီးမင်းတို့၏ ခူလာကွာရှင်း အတည်ပြုခြင်းအား ကျွန်ုပ်တို့ဘက်မှ မည်သည့်နစ်နာကြေးမှ မယူဘဲ ဝမ်းမြောက်ဝမ်းသာသဘောတူ လက်ခံပါကြောင်းနှင့် ကျွန်ုပ်တို့ဘက်မှလည်းသွာလာတ်(၃)ကြိမ်အား အသိသက်သေများရှေ့တွင် အတည်ပြုမြွက်ဟကြေညာ ကွာရှင်းပြီးဖြစ်ကြောင်း တုံ့ပြန် ကြေညာအပ်ပါသည်။ သို့ပါ၍ လူကြီးမင်းဒေါ်သံယောဇဉ်နှင့် ကျွန်ုပ်၏မိတ်ဆွေဒေါက်တာစိုးနိုင်မြင့်တို့သည် အကြင်လင်မယားအဖြစ်မှ အပြီးအပြတ်ကွာရှင်းပြတ်စဲပြီးဖြစ်သည်မှာ မှန်ကန်ပါကြောင်း ထပ်လောင်းအတည်ပြု တုံ့ပြန်အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်ပေးသူ** — **လွှဲအပ်ချက်အရ**
**ဒေါက်တာစိုးနိုင်မြင့်** — **ဒေါ်နှင်းချယ်ရီ(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၈၂၃၁)**
**အမှတ်(၄၁)၊ ၈၈-လမ်း၊ ကန်/နောက်ရပ်ကွက်**
**မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**
**Ph:09-984732492,09-953119749,09-790404763**

## မြန်မာနိုင်ငံတော်ဗဟိုဘဏ် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ မန္တလေးဘဏ်ခွဲတွင် အသုံးပြုလျက်ရှိသော CBM/G-16: Hardware Requirement for Currency Management (CMD) Application Upgrade တွင် အသုံးပြုသည့် Meraki (MX100) Firewall ၏ Product Maintenance Service Contract (Hardware Warranty License)အား (၁)နှစ်သက်တမ်း တိုးခြင်းလုပ်ငန်းအတွက် အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါစည်းကမ်းများပါဝင်သော အိတ်ဖွင့်တင်ဒါပုံစံကို (၅-၁၂-၂၀၂၄) ရက်နေ့မှ (၁၆-၁၂-၂၀၂၄) ရက်နေ့အထိ ရုံးဖွင့်ရက်များအတွင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ရန်ကုန်ဘဏ်ခွဲ၊ စီမံခန့်ခွဲမှုနှင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးဌာနကြီး၊ သတင်းအချက်အလက်နှင့်နည်းပညာဌာန၊ Infrastructure Maintenance Section သို့ လူကိုယ်တိုင်လာရောက်ဝယ်ယူရပါမည်။

၃။ အိတ်ဖွင့်တင်ဒါများကို (၂၀-၁၂-၂၀၂၄) ရက်နေ့ မွန်းလွဲ (၂:၀၀)နာရီ နောက်ဆုံးထား၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ရန်ကုန်ဘဏ်ခွဲ၊ စီမံခန့်ခွဲမှုနှင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးဌာနကြီး၊ သတင်းအချက်အလက်နှင့် နည်းပညာဌာန၊ Infrastructure Maintenance Section တွင် တင်သွင်းရန်ဖြစ်ပါသည်။ **(သတ်မှတ်ကာလထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။)**

၄။ အိတ်ဖွင့်တင်ဒါတင်သွင်းလိုသူသည် တင်ဒါတန်ဖိုး၏ ၁%အား တင်ဒါအာမခံကြေးအဖြစ်(၃)လ သက်တမ်းရှိ Bank Guarantee Letter မူရင်းအား သတ်မှတ်တင်ဒါစာရွက်စာတမ်းများနှင့် အတူ ချိပ်ပိတ်တင်သွင်းရပါမည်။ **(တင်ဒါအာမခံအားငွေသား(သို့မဟုတ်) PO Cheque ဖြင့် တင်သွင်းခြင်းအား လုံးဝ (လုံးဝ) လက်မခံပါ။)**

၅။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက မြန်မာနိုင်ငံတော် ဗဟိုဘဏ်၊ ရန်ကုန်ဘဏ်ခွဲ၊ စီမံခန့်ခွဲမှုနှင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးဌာနကြီး၊ သတင်းအချက်အလက်နှင့် နည်းပညာဌာန၊ Infrastructure Maintenance Section ၏ တယ်လီဖုန်းနံပါတ် ၀၁-၉၅၅၅၅၃၀နှင့် Email လိပ်စာ inframaint@cbm.gov.mm သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ ပြည်လမ်း၊ Diamond Condominium Tower-B၊ အခန်း အမှတ် (၈၀၃)၊ ၈-လွှာ၊ (၁၀၅၀ စတုရန်းပေ) အကျယ်အဝန်းရှိ ကွန်ဒိုတိုက်ခန်း အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်အမည်ပေါက် ပိုင်ဆိုင်လျက်ရှိပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်သီဒါဦး [၁၂/တမန(နိုင်)၀၃၂၉၃၅]ထံမှ အပြီးအပိုင် ဝယ်ယူရန် ကျွန်ုပ်တို့၏ မိတ်ဆွေ ဒေါ်သန်းသန်းနု [၁၁/စတန (နိုင်) ၀၅၇၂၃၇]က စရန်ငွေအချို့ ပေးချေထားပြီးဖြစ်ပါသည်။ ပိုင်ရေးဆိုင်ခွင့်ရှိကြောင်း ကန့်ကွက်လိုပါက ကြော်ငြာပါသည့်နေ့ရက်မှ(၅) ရက်အတွင်း ခိုင်လုံသောတရားဝင် စာချုပ်စာတမ်းများ တင်ပြ၍ ကျွန်ုပ်တို့ထံ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အပြီးအပိုင် အရောင်းအဝယ်စာချုပ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးထွန်းထွန်းသာ** — **ဦးကျော်သန်း**
**အထက်တန်းရှေ့နေ (စဉ် – ၉၉၀၅)** — **တရားလွှတ်တော်ရှေ့နေ (စဉ် – ၅၀၅၆)**
**တိုက် (စီ/၁၁)၊ အခန်း (၉၀၆)၊ (၉-လွှာ)၊ မင်းဓမ္မဥယျာဉ်အိမ်ရာ၊ ပါရမီလမ်း၊**
**(၁၂)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၇၉၂၅၁၃၀၃၈၊ ၀၉-၄၀၁၈၈၂၀၀၇၊ ၀၉-၇၃၁၂၄၀၇၄**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-(သကမ-၁၀)၊ လူနေရပ်ကွက်အမှတ်(၁၂)၊ မြေကွက်အမှတ် -(၄၈၆/ခ)၊ မန္တလေးလမ်းဟုခေါ်တွင်သော ပေအကျယ် (၂၀x၆၀)ပေမြေကွက်၊ ဒေါ်သင်းသင်းအေး ဂရန်အမည်ပေါက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်လက်ရောက် ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်သင်းသင်းအေး[၁၂/ကတန(နိုင်) ၀၆၄၂၇၆]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးသန်းဇော်ထွန်း[၉/ကပတ(နိုင်) ၁၈၆၂၄၄]က အရောင်းအဝယ်ပြုလုပ်၍ စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ သို့ပါ၍ အရောင်းအဝယ် ကန့်ကွက်လိုသည်ရှိပါက ကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ တရားဝင်ပိုင်ဆိုင်သည့် စာချုပ်စာတမ်းအထောက်အထား (ဂရန်မူရင်းများ)ဖြင့် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးစိုးပိုင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၇၉၅၈)**
**တိုက်(၂)၊ အခန်း(၆)၊ ကျန်စစ်သားလမ်း၊ အောင်မြေသာယာ ShopHouse**
**(၆)ရပ်ကွက်၊ လှိုင်သာယာ။ ဖုန်း ၀၉-၅၄၁၄၅၃၄၊ ၀၉-၄၂၁၀၄၃၁၀၉**

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် - (စက်မှုဇုန်အပိုင်း-၅)၊ လူနေရပ်ကွက်အမှတ် - (၁၇)၊ မြေကွက်အမှတ်(၃၄၁)၊ ရတနာလမ်းဟုခေါ်တွင်သော ပေအကျယ် (၆၀'x၆၀')ဦးကြည်ဝင်း ဂရန်အမည်ပေါက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင် လက်ရောက်ရောင်းချပိုင်ခွင့်ရှိသူ ဦးမြဝင်း (TGKN/ ၀၅၂၅၉၀) ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးသက်နိုင်ဦး [၁၄/မအပ(နိုင်)၁၈၃၇၀၁] က အရောင်းအဝယ် ပြုလုပ်၍ စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ သို့ပါ၍ အရောင်းအဝယ်ကို ကန့်ကွက်လိုသည်ရှိပါက ကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ တရားဝင် ပိုင်ဆိုင်သည့် စာချုပ်စာတမ်း အထောက်အထား (ဂရန်မူရင်း) များဖြင့် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးစိုးပိုင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ် – ၇၉၅၈)**
**တိုက် (၂)၊ အခန်း (၆)၊ ကျန်စစ်သားလမ်း၊ အောင်မြေသာယာ**
**Shop House ၊ (၆)ရပ်ကွက်၊ လှိုင်သာယာ(အရှေ့ပိုင်း) မြို့နယ်။**
**ဖုန်း-၀၉-၅၄၁၄၅၃၄၊ ၀၉-၄၂၁၀၄၃၁၀၉**




**ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(သကတ-၁/တိုးချဲ့)၊ မြေကွက်အမှတ် (၄၈၁/ခ)၊ (၇)ရပ်ကွက်၊ တေးဥယျာဉ်(၈)လမ်း၊ အကျယ်အဝန်း (၂၀ပေ x ၆၀ပေ)ရှိ ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရောင်းအဝယ် ပြုလုပ်ခြင်းအား ကန့်ကွက်နိုင်ပါသည်**

အထက်လိပ်စာပါ မြေကွက်နှင့် အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် ဦးအောင်ထွန်း [၁၂/လသယ(နိုင်)၀၂၅၉၄၇] အမည်ဖြင့် မှတ်သားတည်ရှိနေပြီး အမည်ပေါက်ပိုင်ရှင် ဦးအောင်ထွန်းထံမှ ဦးအောင်သိန်း [၁၂/မရက(နိုင်)၀၇၂၅၃၇] က တရားဝင်ဝယ်ယူ၍ လက်ရှိပိုင်ဆိုင်လျက်ရှိပါသည်။ တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူ ဦးအောင်သိန်းထံမှ ဒေါ်ခင်သန်းလှိုင် [၈/ရနခ(နိုင်)၀၁၃၀၃၈]က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုအထောက်အထားမူရင်းများ ပြည့်စုံစွာဖြင့် ဤကြော်ငြာစာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်မြောက်၍ ကန့်ကွက်မှုမရှိပါက မြေကွက်နှင့် အဆောက်အဦအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်ခင်သန်းလှိုင်၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်မာလာ (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၈၅၂၀)**
**တိုက်(၅)၊ အခန်း(၀၀၈)၊ အေးရိပ်မွန်(၉)လမ်း၊ (၅)ရပ်ကွက်၊ လှိုင်မြို့နယ်။ ဖုန်း – ၀၉-၅၁၈၁၈၂၀**

## အမည်မှန်

မြောက်ဥက္ကလာပမြို့နယ်၊ (င)ရပ်ကွက်၊ ဝဇီရာ(၈)လမ်း၊ အမှတ်(၁၀၉၈)နေ (ဘ) ဦးသန်းထွန်း၏သား မောင်ဝေရန်အောင်၏ အမည်မှန်မှာ မောင်ဝေယံအောင် ဖြစ်ပါကြောင်း။ **မောင်ဝေယံအောင်**

## ဖခင်အမည်မှန်

၂၀၂၄-၂၀၂၅ ပညာသင်နှစ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ အ.လ.က(၂) Grade-6 တွင် ပညာသင်ကြားနေသော မနန်းယုဝတီ၏ ဖခင်အမည်မှန်မှာ ဦးမောင်နိုင်[၇/ဝမန(နိုင်)၀၄၇၀၈၈]ဖြစ်ပါကြောင်း။

**ဦးမောင်နိုင်**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မြိုင်ဟေဝန်ဥယျာဉ်အိမ်ရာ၊ တိုက်အမှတ်(၆)၊ အခန်းအမှတ်(၅၀၈)ကို အမည်ပေါက်ပိုင်ဆိုင်သူ ဦးဘိုဘူဒင်၊ NTN-၀၁၀၀၄၇ ထံမှ စာချုပ်စာတမ်း အဆက်အစပ်ဖြင့် ပြန်လည်ဝယ်ယူထားသူ ဒေါ်ဝါဝါမြ[၉/မရမ(နိုင်)၀၃၀၁၄၆]က ၎င်းအမည်ဖြင့် တိုက်ခန်းပိုင်ဆိုင်ခွင့် မှတ်ပုံတင်စာအုပ် ပြုလုပ်ပေးပါရန် လျှောက်ထားလာခြင်းအား ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှစ၍ (၁၅) ရက်အတွင်း အထောက်အထားများဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေး ဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၇)ရပ်ကွက်၊ အောင်သပြေအရှေ့(၇)လမ်း၊ အမှတ်(၅၅၅)၊ အကျယ်အဝန်း (၄၀ပေx၆၀ပေ) အနက်မှ (အလယ်ခြမ်း) အကျယ်အဝန်း(၁၃'၄"x၆၀')ရှိ မြေကွက်နှင့် နေအိမ် အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ နှစ်(၆၀) မြေငှားဂရန်စာချုပ်တွင် ဦးမြသိန်းအမည်ဖြင့် မှတ်သားတည်ရှိပြီး ပိုင်ဆိုင်မှုစာချုပ်စာတမ်း အဆက်ဆက်ဖြင့် တရားဝင် လက်ရှိထားပိုင်ဆိုင်သူ ဒေါ်ဖူးပွင့်ဆွေ [၁၂/သကတ(နိုင်)၁၀၈၂၇၅]ထံမှ ဒေါ်ရင်ရင်မြ [၁၂/သကတ(နိုင်)၀၅၀၆၁၈]က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေနှင့် ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူများ အနေဖြင့် ကန့်ကွက်လိုပါက ခိုင်မာသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ယနေ့မှစ၍ (၁၄)ရက်အတွင်း လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ရင်ရင်မြ၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးသန်းဇော် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၇၄၂၃/၄-၁၀-၂၀၂၁)**
**တိုက်(၁)၊ အခန်း(၁၀၇)၊ ဇင်္ဂမအိမ်ရာ၊ ဇင်္ဂမလမ်း၊ ၁/ထူပါရုံ၊**
**သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း – ၀၉-၅၀၃၆၃၅၂**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ (၁၆/၁)ရပ်ကွက်၊ ဇဋ္ဌိလ(၄)လမ်း၊ အမှတ်(၇၉၇)၊ မြေကွက်ပေါ်ရှိ (၆)ထပ်အဆောက်အဦ၏ (၅)လွှာ၊ ညာဘက်အခြမ်း၊ ဧရိယာ(၁၈ပေx၅၄ပေ)ရှိ ရေမီးစုံ တိုက်ခန်းတစ်ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ပြောဆိုဝန်ခံသူ ဦးကိုကို [၁၂/ဗဟန(နိုင်)၀၇၉၆၅၉]ထံမှ တရားဝင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေခဲ့ပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါ တိုက်ခန်း အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်မည့်သူများရှိပါက ဤကြေညာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော အထောက်အထားစာရွက်မူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ရတနာစိုး**
**အထက်တန်းရှေ့နေ(စဉ်-၅၄၅၂)**
**ဖုန်း-၀၉-၇၉၅၈၄၇၉၆၁**

## ကျေးဇူးတင်ရှိကြောင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

## ဦးဖိုးကျား(သံတွဲ)

**B.P.I/D.C.P.T. ညွှန်ကြားရေးမှူး(ငြိမ်း)၊ စက်မှုဝန်ကြီးဌာန**
**ဂုဏ်ထူးဆောင်ပါမောက္ခ၊ ဆေးဝါးတက္ကသိုလ်(ရန်ကုန်)**
**နာယက၊ မြန်မာနိုင်ငံဆေးဝါးပညာရှင်များအသင်း**
**အသက် (၉၃)နှစ်**

၂၇-၁၁-၂၀၂၄ (ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားသော ဖခင်ကြီး ဦးဖိုးကျားအား ဆေးရုံတက် နေစဉ်ကာလအတွင်း ဂရုတစိုက်ကုသပေးပါသော Grand Hantha International Hospital မှ သက်ဆိုင်ရာ အထူးကုဆရာဝန်ကြီးများနှင့် ဆေးဝန်ထမ်းများ၊ စျာပနနှင့် ရက်လည်ဆွမ်းကျွေးသို့ လူကိုယ်တိုင်ကြွရောက်၍ ဖြစ်စေ၊ တယ်လီဖုန်းဖြင့်ဖြစ်စေ အဘက်ဘက်မှ ဝိုင်းဝန်းကူညီအားပေးခဲ့ပါသော ဌာနဆိုင်ရာအဖွဲ့အစည်း/အသင်းအဖွဲ့များ၊ ဆရာ/ဆရာမများ၊ ဆေးဝါးပညာရှင်များ၊ တပ်မတော်ဆေးဝါးပညာရှင်များ၊ ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများနှင့် တပည့်ဆရာ/ဆရာမများအား အထူးကျေးဇူးတင်ရှိပါသည်။

ကျန်ရစ်သူမိသားစု

## အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ **ဦးထွန်းထွန်းဝင်း [၁၄/အဂပ(နိုင်) ၁၆၈၄၀၂]**၏ လွှဲအပ်ညွှန်ကြားချက် အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ရန်ကုန်တိုင်းဒေသကြီး၊ **ရွှေပြည်သာမြို့နယ်၊ (၁၉)ရပ်ကွက်၊ မြေတိုင်း(၄၇)၊ သရဖီ(၁)လမ်း၊ အမှတ်- ၁၁၃၁/ခ ဟုခေါ်တွင်သော အကျယ်အဝန်း (၂၀x၆၀)ပေရှိသော** နေအိမ်ခြံမြေအား တရားဝင်ရောင်းချခွင့်ရှိသူ **ဒေါ်မြင့်မြင့်ဝေ [၁၂/လမတ(နိုင်)၀၀၆၀၄၉]**ထံမှ (၂၈-၂-၂၀၂၀)ရက်နေ့တွင် ဦးထွန်းထွန်းဝင်းမှ ဝယ်ယူ၍ လက်ရှိထားနေထိုင်ပိုင်ဆိုင်သူဖြစ်ပါသည်။

ထို့ကြောင့် အဆိုပါနေအိမ်ခြံမြေသည် ဦးထွန်းထွန်းဝင်းတစ်ဦးတည်းသာ လက်ရှိထားပိုင်ဆိုင်သူဖြစ်ပြီး ၎င်း၏ ခွင့်ပြုချက်မပါရှိဘဲ ငှားရမ်းခြင်း၊ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ အာမခံထားခြင်း၊ ကျူးကျော်ဝင်ရောက်နေထိုင်ခြင်းစသည်တို့အား မပြုလုပ်ပါရန်နှင့် ထိုကဲ့သို့ ပြုလုပ်ခဲ့ပါက ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးထွန်းထွန်းဝင်း၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ချိုဝင်းမာ**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၆၀၉)**
**အမှတ်(၆၈)၊ မကွေးလမ်း၊ (၂၀)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၄၃၀၉၃၃၅၇**

## ပြင်ဆင်ဖတ်ရှုပါရန်

၅-၆-၂၀၂၄ရက်နေ့ကြေးမုံ သတင်းစာ၏စာမျက်နှာကြော်ငြာ (၁၈)ကန့်ကွက်နိုင်ကြောင်းကြော်ငြာအမှတ်စဉ်(၁၃)ဒေါ်အေးခေါင်၏ အမည်ပြောင်းတွင်မြေအမည်ပေါက် ဒေါ်အေးလန်+၁အစားမြေအမည် ပေါက် - ဒေါ်အေးလန့်+၁ဟု အမှန်ဖတ်ရှုပါရန်။

## ပြင်ဆင်ဖတ်ရှုပါရန်

(၅-၆-၂၀၂၄) ရက်နေ့ထုတ် ကြေးမုံသတင်းစာ၊ စာမျက်နှာ (၂၆) ပါ တရားလွှတ်တော်ရှေ့နေ ဒေါ်ဇင်မာဦး၏ အများသိစေရန် ကြေညာခြင်း ကြော်ငြာ၏ မြေနှင့် အိမ်အရောင်းအဝယ်စာချုပ်ဖြင့် (၃၀-၅-၂၀၁၈) ရက်စွဲကို (၃၀-၅-၂၀၀၈) ဟု ပြင်ဆင်ဖတ်ရှုပေးပါရန်။

## အများသိစေရန်နှင့် သတိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ဝေဘာဂီ(၄) ရပ်ကွက်၊ စိန်စီ (၁)လမ်းရှိ အမှတ်(၄၄) ဟုခေါ်တွင်သော (၄၀ ပေ x ၆၀ ပေ)ရှိ မြေနှင့်နေအိမ်တို့သည် ကွယ်လွန်သူ ဦးအေးဝင်းနှင့် ဇနီးဖြစ်သူ ဒေါ်တင်တင်လင်းတို့ပိုင်ဆိုင်သော မြေနှင့်အိမ်ဖြစ်ပါသည်။ အဆိုပါမြေနှင့်အိမ်တွင် ဦးအေးဝင်းနှင့် ဒေါ်တင်တင်လင်းတို့သည် အိမ်ထောင်စုလူဦးရေစာရင်းဖြင့် နေထိုင်ကြသည်လည်းဖြစ်ပါသည်။ ဦးအေးဝင်း ကွယ်လွန်သွားသည့်အတွက် အဆိုပါမြေနှင့်နေအိမ်တို့သည် ဇနီးဖြစ်သူ ဒေါ်တင်တင်လင်းတစ်ဦးတည်းကသာ အမွေ ဆက်ခံပိုင်ဆိုင်သည်ဖြစ်ပါသည်။ သို့ဖြစ်၍ ဒေါ်တင်တင်လင်း အမွေဆက်ခံပိုင်ဆိုင်သော မြေနှင့်အိမ်ကို ဒေါ်တင်တင်လင်းသိရှိခြင်းမရှိဘဲ အခြားမည်သူတစ်ဦးတစ်ယောက်ကမျှ ရောင်းချ၊ ပေါင်နှံ၊ လွှဲပြောင်းခြင်း၊ တစ်နည်းနည်းဖြင့် စီမံခန့်ခွဲခြင်းများ ပြုလုပ်ခွင့်မရှိပါကြောင်းနှင့် ပြုလုပ်ပါက ဥပဒေနှင့်အညီ ရာဇဝတ်ကြောင်း၊ တရားမကြောင်းတို့ဖြင့် တရားစွဲဆိုမည်ဖြစ်ပါကြောင်း သတိပေးကြေညာအပ်ပါသည်။

**ဒေါ်တင်တင်လင်း၏လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်မေဇွန်ဦး တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၂၆၁)**
**အမှတ်-၄၆၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း - ၀၉-၉၈၉၀၂၂၇၄၃၊ ၀၉-၉၆၂၆၁၆၄၃၃**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊ (၁၁)ရပ်ကွက်၊ လမ်းသစ်အိမ်ရာ၊ Tower (A)၊ (၂၁)ထပ်၊ အခန်းအမှတ် (A-၂၁၀၆)၊ [ယခင်တိုက်အမှတ် (၅)၊ အခန်းအမှတ် (၂၀)၊ လမ်းသစ်အိမ်ရာ၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့]ရှိ တိုက်ခန်းတစ်ခန်းနှင့် ယင်းတိုက်ခန်းတွင် ဆက်စပ်တွယ်ကပ်လျက်ရှိသော အကျိုးခံစားခွင့်များ အားလုံးကို ဝယ်ယူရန် ရန်ကုန်တိုင်းဒေသကြီး၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနတွင် မူလဦးစီး ဦးခင်ဟုတ် အမည်ဖြင့် မှတ်သားတည်ရှိ၍ ယခု ရောင်းချပိုင်ခွင့်ရှိသူ လက်ရှိပိုင်ရှင် ဦးကြီးမြင့် [၁၂/အစန (နိုင်)၁၃၂၂၂၇] အား ကျွန်ုပ်တို့၏မိတ်ဆွေများဖြစ်ကြသော (၁) ဒေါ်ခင်ရွှေ [၁၂/လမတ(နိုင်)၀၀၇၂၆၀]၊ (၂) ဒေါ်မျိုးမျိုးလှ [၁၂/လမတ(နိုင်) ၀၃၁၁၄၇]တို့မှ စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ စရန်ငွေပေးချေထားခြင်းနှင့်ပတ်သက်၍ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားစာချုပ် စာတမ်း (မူရင်း) များနှင့် ယနေ့မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။

ကန့်ကွက်မည့်သူမရှိပါက အထက်ဖော်ပြပါ တိုက်ခန်းကို တရားဝင်နည်းလမ်းတကျ အရောင်းအဝယ် စာချုပ် ဆက်လက်ချုပ်ဆို၍ ဥပဒေနှင့်အညီ ဝယ်ယူသွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဒေါ်စိုးစိုးမြင့်** | **ဒေါ်အိဖြိုးဇင်** |
| **LL.B (စဉ်-၁၀၀၆၃)** | **LL.B, DBL(စဉ်-၁၅၉၇၅)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **ဖုန်း-၀၉ - ၄၂၁၀၃၅၉၆၃** | **ဖုန်း-၀၉ - ၇၉၀၁၂၃၄၈၀** |

**အမှတ် (၈၆)၊ ၇-လွှာ (စီ)၊ ဝါးတန်းလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ကျွန်း/တောင်ရပ်ကွက်၊ ညောင်တုန်းလမ်း၊ အမှတ် (၇) ပေါ်တွင် ဆောက်လုပ်ထားသော (၂) ခန်းတွဲ၊ (၈) ထပ်တိုက်၏ စတုတ္ထထပ်၊ (၅-လွှာ/ဘီ) (ခြေရင်းခန်း)၊ အကျယ်အဝန်း (၁၂ ၁/၂ x ၅၀)ပေရှိ RC တိုက်ခန်း (တစ်) ခန်းနှင့် ကိုယ်ပိုင်မီတာ၊ ကိုယ်ပိုင်မော်တာ၊ အပါအဝင် အကျိုးခံစားခွင့်များ အားလုံးကို အရပ်ကတိစာချုပ် အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင် လက်ရှိထားသူများဖြစ်ကြသော (၁)ဦးနိုင်စိုး [၁၂/ဥကမ(နိုင်)၀၈၆၂၄၄]၊ (၂) ဒေါ်ချိုချိုမာ [၁၂/မဂဒ(နိုင်)၀၃၁၈၃၅] တို့အား ကျွန်ုပ်တို့၏မိတ်ဆွေမှ တိုက်ခန်းရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ စရန်ငွေပေးချေထားခြင်းနှင့် ပတ်သက်၍ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထား စာချုပ်စာတမ်း (မူရင်း)များနှင့် ဤကြော်ငြာပါသည့် နေ့မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။

ကန့်ကွက်မည့်သူမရှိပါက အထက်ဖော်ပြပါ တိုက်ခန်းကို တရားဝင်နည်းလမ်းတကျ အရောင်းအဝယ်စာချုပ် ဆက်လက်ချုပ်ဆို၍ ဥပဒေနှင့်အညီ ဝယ်ယူသွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဒေါ်စိုးစိုးမြင့်** | **ဒေါ်အိဖြိုးဇင်** |
| **LL.B (စဉ်-၁၀၀၆၃)** | **LL.B, DBL(စဉ်-၁၅၉၇၅)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **ဖုန်း-၀၉ - ၄၂၁၀၃၅၉၆၃** | **ဖုန်း-၀၉ - ၇၉၀၁၂၃၄၈၀** |

**အမှတ် (၈၆)၊ ၇-လွှာ (စီ)၊ ဝါးတန်းလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။**

## ဘဝနတ်ထံပျံလွန်တော်မူခြင်း

**အဂ္ဂမဟာပဏ္ဍိတ၊ သိရီပဝရဓမ္မာစရိယ**
**ဒီဃနိကာယပါဠိပါရဂူ၊ Ph.D**
**နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်**
**ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့၏ ဩဝါဒါစရိယ**

## ဆရာတော်ဒေါက်တာဘဒ္ဒန္တဝေပုလ္လမဟာထေရ်

**သိက္ခာတော်(၅၄) ဝါ၊ သက်တော်(၇၅) နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ မြို့မရပ်ကွက်၊ ကျိုက်သီမွန်ပါဠိတက္ကသိုလ်ကျောင်းတိုက်၏ ဦးစီးပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ၊ သိရီပဝရဓမ္မာစရိယ၊ ဒီဃနိကာယပါဠိပါရဂူ၊ Ph.D၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော် ဒေါက်တာဘဒ္ဒန္တဝေပုလ္လမဟာထေရ်သည် (၁၃၈၆-ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၅ ရက်) ၃၀-၁၁-၂၀၂၄ (စနေနေ့) ညနေ ၅:၂၀ နာရီတွင် ဘဝနတ်ထံ ပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်အား (၁၃၈၆-ခုနှစ်၊ နတ်တော်လဆန်း ၈ ရက်) ၈-၁၂-၂၀၂၄ (တနင်္ဂနွေနေ့) မွန်းတည့် (၁၂:၀၀) နာရီတွင် ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ မြို့မရပ်ကွက်၊ ကျိုက်သီမွန်ပါဠိတက္ကသိုလ်ကျောင်းတိုက်၌ အန္တိမအဂ္ဂိစျာပန သာဓုကီဠနသဘင် ဆင်ယင်ကျင်းပပြီး ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း တပည့်သံဃာတော်များနှင့် ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

**မှတ်ချက်**

(၄/၅/၆-၁၂-၂၀၂၄) ရက် နေ့စဉ် ညနေ ၆ နာရီတွင် ဓမ္မကထိကဆရာတော်များက မွန်+မြန်မာနှစ်ဘာသာဖြင့် တရားရေအေး တိုက်ကျွေးမည်ဖြစ်ပါ၍ တရားတော်နာကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

**အန္တိမအဂ္ဂိစျာပန သာဓုကီဠနသဘင်**
**ကျင်းပရေးကော်မတီ**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃/တိုးချဲ့၊ လူနေရပ်ကွက်အမှတ် (-)၊ မြေကွက်အမှတ်-၁၀၉၊ အလျား ၄၀ ပေ x အနံ ၆၀ ပေ၊ ဧရိယာ(၀. ၀၅၅)ဧက၊ (၂၄၀၀) စတုရန်းပေအကျယ်ရှိ နှစ်(၆၀) မြေငှားဂရန် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်(၁၀၉)၊ ဒါနသုခလမ်း၊ ဆာပါချောင် ကျောင်းစုရပ်ကွက်၊ ဒလမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး ဟုခေါ်တွင်သော မြေကွက်နှင့် အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်များအားလုံးတို့အား (၂၃-၁၁-၂၀၂၄) ရက်စွဲပါ မေတ္တာဖြင့် အပိုင်ပေးကမ်းခြင်းကတိစာချုပ်ဖြင့် မိခင်ဖြစ်သူ ဒေါ်ဝင်းဝင်းခိုင် [၁၂/ဒလန(နိုင်)၀၁၁၄၃၄] က သားဖြစ်သူ ဦးလှမျှမ်းမိုးအောင် [၁၂/ဒလန(နိုင်)၀၇၆၃၇၈]အား မေတ္တာဖြင့် အပိုင်ပေးကမ်းခြင်းနှင့် ပတ်သက်၍ပိုင်ရေးပိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ဤကြော်ငြာပါရှိသည့်ရက်မှ (၇) ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်း အထောက်အထား မူရင်းများနှင့်တကွ ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ**

| | |
|---|---|
| **ဦးအေးဇော်မင်း ( LL.B )** | **ဒေါ်တင်မေသန်း(LL.B, LL.M,D.B.L)** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **(စဉ်-၁၂၇၇၈/၂၀၁၇)** | **(စဉ်-၃၈၅၇၉/၂၀၁၂)** |

**အမှတ် (၂၀၈)၊ ပထမထပ်၊ ဆိပ်ကမ်းသာလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း - ၀၉-၇၉၉၃၀၅၁၆၉၊ ၀၉-၄၄၃၁၈၀၈၈၄၊ ၀၉-၄၄၈၀၄၄၉၄၆**

## အများသိစေရန်ကြေညာခြင်း

၁။ ဒေါ်ခင်စန်းအေး (၁၀/မလမ (နိုင်) ၁၅ရ၁၉၆) သည် ကွယ်လွန်သူ ဦးတင်ရွှေ (ခ) ဦးမှုနီးဝေလ်၏ ဇနီးဖြစ်ပြီး၊ ဦးတင်ရွှေ ကွယ်လွန်ရာတွင် ဦးတင်ရွှေပိုင် ပစ္စည်းဖြစ်သည့် ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ သာယာကုန်းရပ်ကွက်၊ ယောသကလမ်း၊ အမှတ်-၁၃၊ (၅-လွှာ) တိုက်ခန်း (၁) ခန်း၊ Suzuki Ciaz 7P/8453 မော်တော်ယာဉ် (၁) စီးတို့ ကျန်ရစ်ခဲ့သည့်အပြင် ကွယ်လွန်သူ ဦးတင်ရွှေ လုပ်ကိုင်ခဲ့သော ပန်းဘဲတန်းမြို့နယ်၊ ၂၉-လမ်းရှိ ရွှေလုပ်ငန်းဆိုင်မှ ကျပ်သိန်း (၆၀၀) တန်ဖိုးရှိ ရွှေထည်ပစ္စည်းကျန်ရစ်ခဲ့ပါသည်။

၂။ အထက်ဖော်ပြပါ တိုက်ခန်း၊ မော်တော်ယာဉ်၊ ရွှေထည်ပစ္စည်းများတို့ကို ကွယ်လွန်သူ ဦးတင်ရွှေ၏ ဇနီး ဒေါ်ခင်စန်းအေးက အမွေဆက်ခံပိုင်ဆိုင်ပါသည်။

၃။ အထက်အပိုဒ် (၁) တွင် ဖော်ပြထားသည့် တိုက်ခန်းနှင့် တိုက်ခန်း၏ စာရွက်စာတမ်း၊ ရွှေထည်ပစ္စည်းများသည် ကွယ်လွန်သူ ဦးတင်ရွှေ၏မောင်နှမများ လက်ဝယ်တွင်ရှိနေပါသည်။

၄။ ထို့ပြင် ကွယ်လွန်သူ ဦးတင်ရွှေထံမှ ငွေချေးယူထားသည့် ဦးတင်ရွှေ ရရန်ရှိသောငွေမှာလည်း ငွေကျပ်သိန်း (၁၂၉၀) ဖြစ်ပြီး အဆိုပါ ငွေကို ပေးဆပ်ရမည့်သူ (အမည်မဖော်ပြလိုပါ) များကလည်း ကွယ်လွန်သူ ဦးတင်ရွှေ၏ ဆက်ခံသူ ဇနီး ဒေါ်ခင်စန်းအေးအား ပေးဆပ်ရန် တာဝန်ရှိပါသည်။

၅။ အထက်အပိုဒ် (၁) တွင် ဖော်ပြထားသည့် မော်တော်ယာဉ်သည်လည်း ကွယ်လွန်သူ ဦးတင်ရွှေ၏ မိတ်ဆွေ (အမည်မဖော်ပြလိုပါ) ထံတွင် ရှိနေပါသည်။

၆။ သို့ပါ၍ ကွယ်လွန်သူ ဦးတင်ရွှေကျန်ရစ်ခဲ့သည့်တိုက်ခန်း၊ မော်တော်ယာဉ်ဆိုင်မှ ရွှေထည်ပစ္စည်းများ၊ လက်ဝယ်ရှိသူတို့မှ (၃၁-၁၂-၂၀၂၄) ရက်နေ့ နောက်ဆုံးထားပြီး ဒေါ်ခင်စန်းအေး လက်ဝယ်သို့ လွှဲပြောင်းပေးအပ်ပါရန်နှင့် ဦးတင်ရွှေထံမှ ချေးယူထားသည့် ငွေကို ချေးယူထားသူများက ဒေါ်ခင်စန်းအေးသို့ (၃၁-၁၂-၂၀၂၄) ရက်နေ့ နောက်ဆုံးထားပြီး ပြန်လည်ပေးအပ်ပါရန် တောင်းဆိုလိုက်ပါသည်။

၇။ ထို့ပြင် ကွယ်လွန်သူ ဦးတင်ရွှေနှင့်စပ်လျဉ်း၍ ရရန်/ပေးရန်ရှိသည့် ကိစ္စရပ်များအားလုံးကို ဒေါ်ခင်စန်းအေးနှင့်သာ ဆက်သွယ်ဆောင်ရွက်ပါရန်လည်း အသိပေးအပ်ပါသည်။

၈။ အထက်အပိုဒ် (၆)၊ (၇) ပါအတိုင်း လိုက်နာဆောင်ရွက်ခြင်း မရှိပါက ဥပဒေနှင့်အညီ တရားမကြောင်းအရလည်းကောင်း၊ ရာဇဝတ်ကြောင်းအရလည်းကောင်း၊ တရားစွဲဆိုဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်ခင်စန်းအေး (၁၀/မလမ (နိုင်) ၁၅ရ၁၉၆) ၏ လွှဲအပ်**
**ညွှန်ကြားချက်အရ -**
**ဦးသိန်းထိုက် (LL.B)**
တရားလွှတ်တော်ရှေ့နေ (စဉ်-၈၃၃၇)
အမှတ်-၅၈၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉-၄၂၁၀၂၈၁၆၁

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ (၁)ရပ်ကွက်၊ ဇေယျာသီရိလမ်း၊ အမှတ်(၉)ဟုခေါ်တွင်သည့် မြေကွက်ပေါ်ရှိ (၁)ခန်းတည်း(၆)ထပ် အဆောက်အဦ၏ အခန်းအမှတ်(၃)၊ ဒုတိယထပ်၊(၃)လွှာ၊ (အလျား ၂၀ ပေx အနံ ၆၅ပေ) အကျယ်အဝန်းရှိ တိုက်ခန်း(၁)ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို ကန်ထရိုက်တာထံမှ အရောင်းအဝယ်ကတိစာချုပ်ဖြင့် လက်ရှိ ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်ဝင်းဒါလီဆွေ [၁၂/လမတ(နိုင်)၀၂၇၂၆၇]မှ ဥပဒေနှင့်အညီ တရားဝင် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုပြောဆိုလာရာ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူမှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါသည်။ ၎င်းအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ ( ၇ )ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိုပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးမောင်မောင်ချစ်(စလင်း)** | **ဒေါ်မိုးယုနွယ်** |
| **LL.B** | **LL.B, D.B.L, D.I.L, D.M.L** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၇၇၄၇)** | **WIPO(Switzerland)** |
| **Ph:09-954280932** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၉၂၄)** |
| **အမှတ်(၈၁)၊ တကောင်း(၅)လမ်း၊** | **Ph:09-420080932,09-983837110** |
| **(၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။** | |

**ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅၄)၊ ယုဇနလမ်း၊ မြေကွက်အမှတ်(၇၆၇/ခ)၊ မြေအကျယ်အဝန်း(၂၀×၆၀)ပေရှိသည့် အနက်မှ အိမ်အမှတ်(၇၆၇/ခ)၊ ခေါင်းရင်းခြမ်း၊ (၁၀×၆၀)ပေရှိ မြေနှင့်အိမ်အရောင်းအဝယ်ကို ကန့်ကွက်နိုင်ပါကြောင်း**

အထက်ဖော်ပြပါ ပါမစ်မြေနှင့်အိမ်သည် ဦးခင်မောင်မြင့် (ISN-၅၇၃၃၉၀)အမည်ပေါက်ဖြစ်ပြီး အဆိုပါမြေနှင့်အိမ်ကို ၎င်းထံမှ အရောင်းအဝယ်ကတိစာချုပ်ဖြင့် ဦးထွန်းအေး(၁၂/ရကန(နိုင်)၀၄၄၁၉၇)က လက်ရှိထားပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသည့်အတွက် ၎င်းထံမှ အပြီးအပိုင်လွှဲပြောင်း ဝယ်ယူရန် ကျွန်ုပ်၏ မိတ်ဆွေက(စရံငွေ)ပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်နေ့မှ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ဆက်သွယ်ကန့်ကွက်နိုင်ပါသည်။ ၎င်းနေ့ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးနေလင်းထွန်း ( LL.B )၊**
**တရားလွှတ်တော်ရှေ့နေ(စဉ် - ၁၃၄၁၅)**
**ဖုန်း - ၀၉ ၄၃၁ ၅၉၉၀၆**

**ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၅၅)၊ နွယ်နီလမ်း၊ မြေကွက်အမှတ်(၉၄၂)၊ မြေအကျယ်အဝန်း(၄၀×၆၀)ပေရှိသည့်အနက်မှ တရားဝင်မခွဲစိတ်ရသေးသော အမှတ်(၉၄၂/ခ)၊ ခြေရင်းခြမ်း၊ (၂၀×၆၀)ပေရှိ မြေကွက်အရောင်းအဝယ်ကို ကန့်ကွက်နိုင်ပါကြောင်း**

အထက်ဖော်ပြပါ ပါမစ်မြေကွက်သည် ဦးသန်းရွှေ(၇/သနပ(နိုင်)၀၀၀၀၁၁)အမည်ပေါက်ဖြစ်ပြီး အဆိုပါမြေကွက်ကို ၎င်းထံမှ အဆပ်စပ် အရောင်းအဝယ်ကတိစာချုပ်များဖြင့် ဒေါ်စန်းစန်းနွဲ့ (၁၂/ကမန(နိုင်)၀၄၉၄၅၃)က လက်ရှိထားပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဖြစ်ကြောင်း ဝန်ခံကတိပြုသည့်အတွက် ၎င်းထံမှ အပြီးအပိုင်လွှဲပြောင်း ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေက(စရံငွေ)ပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်နေ့မှ(၇)ရက်အတွင်းပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ဆက်သွယ် ကန့်ကွက်နိုင်ပါသည်။ ၎င်းနေ့ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးနေလင်းထွန်း ( LL.B )၊**
**တရားလွှတ်တော်ရှေ့နေ(စဉ် - ၁၃၄၁၅)**
**ဖုန်း - ၀၉ ၄၃၁ ၅၉၉၀၆**

**မူး ယစ် ကို ပစ် ပန်း တိုင် သစ် စိတ် သစ် လူ သစ် ဘ ဝ သစ်**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

( ခ ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

( ဂ ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

( ခ ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

( ဂ ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

( ခ ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

( ဂ ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **သစ်ပင်သစ်တောစိုက်ပျိုးခြင်းများဖြင့် သဘာဝဘေးအန္တရာယ်ကို အထိုက်အလျောက်လျှော့ချနိုင်သဖြင့် ဒေသအသီးသီးရှိ ကျေးရွာအုပ်စုများအလိုက် သစ်တောစိုက်ခင်းများ စိုက်ပျိုးပြီး နိုင်ငံတစ်ဝန်း၌ သစ်ပင်သစ်တောများ ဖြစ်ထွန်းအောင်မြင်ရေးအတွက် တာဝန်ရှိသူများအနေဖြင့် ပြည်သူများနှင့် ပူးပေါင်း၍ အကောင်အထည်ဖော် ဆောင်ရွက်သွားရန်လို...**

❖ **သစ်တောပြုန်းတီးမှုများ မရှိစေရေးအတွက်လည်း အမျိုးသားရေးစိတ်ဓာတ်ဖြင့် ထိန်းသိမ်းဆောင်ရွက်သွားကြရန်လို**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဧပြီလ ၂၂ ရက်နေ့တွင် ပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး အမှတ်စဉ် (၄/၂၀၂၄)သို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

# အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် မှတ်ပုံတင်ခွင့်ပြုပြီးသည့် နိုင်ငံရေးပါတီများ တွေ့ဆုံ



**နေပြည်တော် ဒီဇင်ဘာ ၅**

အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် မှတ်ပုံတင်ခွင့်ပြုပြီးသည့် နိုင်ငံရေးပါတီများ တွေ့ဆုံပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုဌာန၌ ကျင်းပသည်။

**တက်ရောက်**

တွေ့ဆုံပွဲသို့ နယ်စပ်ရေးရာဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့် ညှိနှိုင်းရေးကော်မတီဝင်များ၊ မှတ်ပုံတင်ခွင့်ပြုပြီးသည့် နိုင်ငံရေးပါတီ ၅၁ ပါတီမှ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

စာမျက်နှာ ၆ ကော်လံ ၁ သို့

အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် မှတ်ပုံတင်ခွင့်ပြုပြီးသည့် နိုင်ငံရေးပါတီများ တွေ့ဆုံပွဲ ကျင်းပစဉ်။

**ယနေ့ ဖတ်စရာ**

**ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့နယ်၌ အွန်လိုင်းအသုံးပြု၍ ငွေလိမ်လုပ်ငန်းလုပ်ကိုင်နေသူ တရုတ်နိုင်ငံသား ၁၈ ဦးနှင့် မြန်မာနိုင်ငံသား ၂၇ ဦးတို့အား ငွေလိမ်လုပ်ငန်းလုပ်ကိုင်ရာတွင်အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ လက်နက်၊ ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိ**

စာမျက်နှာ » ၁၈

**န္ဒွားထိုးကြီးမြို့တွင် လေကြောင်းမှ တိုက်ခိုက်မှုကြောင့် ဒေသခံပြည်သူ လေးဦး သေဆုံးပြီး ၁၁ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်ဟု သတင်းမှားများ မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိ**

စာမျက်နှာ » ၁၉

## အိမ်ကွင်းအမ်းမရိတ်၌ မန်ယူအသင်းကို အာဆင်နယ်အသင်း နှစ်ဂိုးပြတ်ဖြင့် အနိုင်ရ

ပရီမီယာလိဂ်ပွဲစဉ်(၁၄)ရဲ့ အကောင်းဆုံးပွဲစဉ်တစ်ပွဲအဖြစ် ဒီဇင်ဘာ ၅ ရက် နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ အာဆင်နယ်အသင်းနဲ့ မန်ယူအသင်းတို့ပွဲစဉ်မှာ အာဆင်နယ်အသင်းက မန်ယူအသင်းကို နှစ်ဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့ပါတယ်။

အဲဒီပွဲစဉ်မှာ ပထမပိုင်း ပွဲကစားချိန်အတွင်း ဘယ်အသင်းကမှ ဂိုးမသွင်းနိုင်ခဲ့ပေမယ့် အာဆင်နယ်အသင်းက ဒုတိယပိုင်း ပွဲကစားချိန် ၅၄ မိနစ်မှာ ဂျူရိန်းတင်ဘာက တစ်ဂိုး၊ ၇၃ မိနစ်မှာ ဆာဘီလာက တစ်ဂိုး သွင်းယူပေးခဲ့လို့ နှစ်ဂိုးပြတ် အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။




အာဆင်နယ်အသင်းနှင့် မန်ယူအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

အာဆင်နယ်အသင်းဟာ မန်ယူအသင်းကို အနိုင်ရရှိခဲ့တာကြောင့် ချယ်လ်ဆီးအသင်းနဲ့ ရမှတ်တူ၊ အမှတ်ပေးဇယားအဆင့်(၁)နေရာမှာ ရပ်တည်နေတဲ့ လီဗာပူးအသင်းနဲ့ ခုနစ်မှတ်အကွာ ရမှတ်စုစုပေါင်း ၂၈ မှတ်နဲ့ အမှတ်ပေးဇယားအဆင့်(၃)နေရာမှာ ရပ်တည်ခွင့်ရရှိခဲ့တာ ဖြစ်ပါတယ်။ စာမျက်နှာ ၁၉ ကော်လံ ၁ သို့